# သစ်တောကြေးမုံ

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ



မြန်မာနိုင်ငံသစ်တောကျောင်း အပတ်စဉ် (၁၁၃) မှ သစ်တောကျောင်းသားများ
ကွင်းဆင်းလေ့လာမှုများပြုလုပ်စဉ်





စာတွေ့ပိုင်၍လက်တွေ့နိုင်သည် သစ်တောကျောင်း

# မာတိကာ

- မြန်မာနိုင်ငံသစ်တောကျောင်းအပတ်စဉ်(၁၁၃)မှကျောင်းသားများကွင်းဆင်းလေ့လာမှုပြုလုပ်စဉ် — မျက်နှာဖုံး
- စားနပ်ရိက္ခာဖူလုံရေးသစ်တောများကိုထိန်းသိမ်းပေး — ၁
- သတင်းများကဏ္ဍ — ၂ - ၁၀
- တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၁၂ - ၁၃
- အင်တာပိုက ပေးပို့သည့် သဘာဝပတ်ဝန်းကျင်မူခင်းဆိုင်ရာသတင်းများ — ၁၄ - ၁၅
- မီးမရှို့ဘဲသစ်တောစိုက်ခင်းတည်ထောင်ခြင်း — ၁၆ - ၁၉
- သစ်ပင်အကြောင်းအရာအချက်အလက် — ၁၉
- ဂေဟစနစ် — ၂၀ - ၂၁
- ဖုန်ကန်ရာဇီတောင်ထိပ်မှသည် နောင်အနာဂတ်ဆီသို့ — ၂၂ - ၂၃
- မြန်မာ့တင်းဝါးမှထွက်ရှိသော ဆောင်းနံနက်ခင်း စားစရာ — ၂၄
- ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြညီညီ — ၂၅ - ၂၈
- ကာတွန်းကဏ္ဍ — ၂၈
- လီလီပန်း၏အလှနှင့် ဆေးဖက်ဝင်အစွမ်း — ၂၉ - ၃၀
- ကေပြည့်တဲ့စိုက်ခင်းဖြစ်စေဖို့ဆန္ဒပြု — ၃၁ ၊ ၃၃
- ပိစပ်ပင် — ၃၂ - ၃၃
- To Associate With Wise — ၃၄ - ၃၅
- လူမှုစီးပွားဆန်းစစ်ဖို့ ကချင်ပြည်နယ်သွားကြစို့ — ၃၆ - ၃၈
- မှိုးယစ်သောက်စားခြင်း၏ အန္တရာယ်စဉ်းစားဘွယ် — ၃၉ - ၄၀
- မြန်မာစာအက္ခရာများကို ပြောင်းပြန်ရေးသားနေကြသူများ စနစ်တကျဖြစ်ရန် တားမြစ်ဖို့လိုပြီ — ၄၁ - ၄၃
- အင်တာနက်သတင်း — ၄၄
- Adaptation and Mitigation — ၄၅ - ၄၆
- ရေညှိအကြောင်းသိကောင်းစရာ — ၄၇ - ၄၈
- ကမ္ဘာကြီးလှစေရေး (ကဗျာ) — ၄၈
- သမဲ့ကြီး — ၄၉ - ကျောဖုံး

**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးအောင်ချိန်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

ဆက်သွယ်ရန် - ၀၆၇-၄၀၅၃၃၉၄
extension@forestdepartment.gov.mm

**စာတည်း**

ဦးလှမြင့် ၊ လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးအောင်ကျော်ဦး — လက်ထောက်ညွှန်ကြားရေးမှူး
ဦးစိန်မိုး — လက်ထောက်ညွှန်ကြားရေးမှူး
ဦးဝင်းသန်း — ဦးစီးအရာရှိ
ဦးကိုကိုထွန်း — ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး




## စားနပ်ရိက္ခာဖူလုံရေး၊ သစ်တောများကို ထိန်းသိမ်းပေး

၂၀၁၇-ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာလ(၁၆)ရက်နေ့တွင်ကျင်းပခဲ့ရာ ယခုနှစ်ဆောင်ပုဒ်မှာ "ရွှေ့ပြောင်းနေထိုင်မှု လျော့ပါးရေး ကျေးလက်ဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက်မြှုပ်နှံပေး"ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေ(၇၀)ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင်နေထိုင်ကြသည့် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းသူ တောင်သူလယ်သမားများဖြစ်ကြပြီး ၎င်းတို့၏ဆင်းရဲမှုသံသရာမှ လွတ်မြောက်ရေးတွင် လူမှုဘဝအကာအကွယ်ပေးရေးအစီအစဉ်များ (Social Protection Programmes)ကို ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ပြည်သူတို့၏ စားနပ်ရိက္ခာဖူလုံရေးအတွက်ဆောင်ရွက်ရာတွင် သစ်တောများ၏အခန်း ကဏ္ဍသည်လည်း လွန်စွာအရေးပါလှပေသည်။

သစ်တောမူဝါဒတွင် သစ်တောများမှ ကျေးလက်နေပြည်သူများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက် များကို ဖြည့်ဆည်းပေးရမည်ဟုပါရှိပါသည်။ ကျေးလက်နေပြည်သူများ၏ စားသောက်ရန်အစားအစာများနှင့် နေထိုင်ရေးအတွက် လိုအပ်ချက်များကို သစ်တောများမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးပြုနေပါသည်။ သဘာဝသစ်တောကြီးများမှ အိမ်သုံးသစ်၊ တိုင်၊ မျော၊ ဝါး၊ လောင်စာအတွက် ထင်း၊ မီးသွေး၊ ဓနိ၊ သက်ကယ် အမိုးအကာအမျိုးမျိုးနှင့် ဆေးဖက်ဝင်သော ပရဆေးပင်များသာမက များရည်၊ မှိုအမျိုးမျိုး၊ ဝဥ၊ သစ်သီး၊ သစ်ဥ သစ်ဖုအမျိုးမျိုးတို့ကို ပံ့ပိုးပေးလျက်ရှိပါသည်။ ထို့အပြင် သစ်တောများကိုကာကွယ်ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေပြီး ဆည်မြောင်း၊ တာတမံများ၊ မြစ်၊ ချောင်း၊ အင်းအိုင်များ တိမ်ကောပျောက်မှုမရှိစေရေးအတွက် ထိန်းသိမ်းပေးသည့်အပြင် ရာသီဥတုပိုမိုကောင်းမွန်မှုတလာစေခြင်းတို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်၍ ဆင်းရဲနွမ်းပါးမှုလျော့ကျလာစေမည်ဖြစ်ပါသည်။

ရေဝေရေလဲသစ်တောများကို ထိန်းသိမ်းပေးခြင်းဖြင့် လယ်ယာမြေများ တိမ်ကောပျက်စီးမှုများကို ကာကွယ်ပေးသည့်အပြင် ရေကြီးရေလျှံမှုများ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်သဖြင့် သီးနှံဆုံးရှုံးမှုများ ပျက်စီးမှုများကို လျော့ပါးစေပါသည်။ ယနေ့အထိ ရေဝေရေလဲသစ်တောစိုက်ခင်း (၃၄၁၁၈ဧက) ကေ တည်ထောင်စိုက်ပျိုးခဲ့ပြီးဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေပဲ စားနပ်ရိက္ခာထုတ်လုပ်မှုကို တိုးမြှင့်ရန်အတွက် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းမှာ ကောင်းမွန်သောနည်းစနစ်တစ်ခုဖြစ်ပြီး သစ်တောကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းတစ်ခုလည်းဖြစ်ပေသည်။ သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ပေးနိုင်ရေးအတွက် ပုဂ္ဂလိကသစ်တောစိုက်ခင်းများတည်ထောင်ခွင့်ပြုခဲ့ရာ ယခုအချိန်အထိ ပုဂ္ဂလိက(ကျွန်း ၁၃၉၇၂၂.၁၄-ဧက)၊(သစ်မာ ၉၃၃၄၆.၄၃-ဧက) တည်ထောင်စိုက်ပျိုးပြီးဖြစ်ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာ(၄၀၇၉၀၃)ဧက တည်ထောင်ဆောင်ရွက်ပြီးဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ကျေးရွာပိုင်ထင်းစိုက်ခင်းများတည်ထောင်ပေးခြင်း၊ တစ်အိမ်ထောင်ကျွန်း(၃)ပင်၊ သစ်မာ (၂၀)ပင်စိုက်ပျိုးခြင်း၊ တစ်ရွာလျှင်သစ်မာ(၁)ဧကစိုက်ပျိုးခြင်း၊ ထင်းများဖြန့်ဝေပေးခြင်း၊ ထင်းအစားအခြား လောင်စာများသုံးစွဲစေခြင်း၊ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ဒီရေတောဧရိယာ ၁၉၇၂၀ဟက်တာ(၉၇၁၄၀၂)ဧကရှိပါသည်။ ဒီရေတောများမှ စားနပ်ရိက္ခာအစားအစာများ ထောက်ပံ့ပေးလျက်ရှိပြီး ဒီရေတောများပျက်စီးပါက ငါး၊ ပုစွန်၊ ကဏန်းတို့၏ မိုတင်းပေါက်ဖွားရာဒေသပျက်စီးသဖြင့် စားနပ်ရိက္ခာဖူလုံမှုကိုထိခိုက်စေပါသည်။ ဒီရေတောများတည်ရှိခြင်းဖြင့် ကုန်းတွင်းပိုင်းရှိ လယ်ယာမြေများအား ပင်လယ်ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်တားဆီးနိုင်ပါသည်။ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် သစ်တောနယ်မြေအတွင်းရှိ ယာမြေများအား မြေယာလုပ်ကိုင်ခွင့်ခိုင်မာစေရေး၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ပေးခြင်း ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ပါ၍ လူသားတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် စားနပ်ရိက္ခာဖူလုံစေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသော သစ်တောသစ်ပင်များအား ကာကွယ်ထိန်းသိမ်းခြင်းနှင့်စိုက်ပျိုးပြုစုတည်ထောင်ခြင်းတို့ကို ပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းဖော်ပြအပ်ပါသည်။

FOREST

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်မြဲရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

## အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာပဟိုကော်မတီ၏ စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ



အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာပဟိုကော်မတီ၏ စတုတ္ထ အကြိမ် ညှိနှိုင်းအစည်းအဝေးကို(၂၀-၉-၂၀၁၇)ရက်နေ့ နံနက်(၉)နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၌ ကျင်းပရာ ဗဟို ကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် အမျိုးသား အဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟို ကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ က မိမိတို့ဗဟိုကော်မတီ အနေဖြင့် ပြီးခဲ့သည့်အစည်းအဝေး များတွင် ဆုံးဖြတ်ခဲ့သည့် အချက်များ ထဲမှ ပညာပေးရေး၊ အသိပညာပြန့် ပွားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင် ရေးလုပ်ငန်းများကို အလေးပေးဆောင် ရွက်ရမည်ဖြစ်ပြီး ဥပဒေနှင့်အညီ စိစစ်ကြပ်မတ်မှုများကို နိုင်ငံတစ်ဝန်းတွင် ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ ထို့ပြင် သဘာဝသယံဇာတ အရင်းအမြစ်များကိုထိန်းသိမ်း ရန်၊အကျိုးရှိစွာ စဉ်ဆက်မပြတ်အသုံးပြုနိုင်အောင် စီမံခန့် ခွဲရန်၊ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်၊ မြို့ပြဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုများတွင်လည်း လိုအပ်

တစ်ဖက်သို့

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ အခမ်းအနားတက်ရောက်



ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ (World Bamboo Day)အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ သံလျင်မြို့ နယ် Excel River View Hotel ၌ (၁၈-၉-၂၀၁၇)ရက်နေ့ တွင်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်ပြီး အခမ်းအနားတွင် ခင်းကျင်းပြသထားသော ဝါးလက်မှုပညာအသုံးအဆောင်ပစ္စည်းများအား လိုက်လံ ကြည့်ရှုပါသည်။ ဆက်လက်၍ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နှင့် DFID မြန်မာနိုင်ငံ အဖွဲ့ခေါင်းဆောင် Gail Marzetti တို့မှ အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့ ဒုတိယလွှတ်တော်ဥက္ကဋ္ဌနှင့် စိုက်ပျိုးမွေးမြူ ရေးနှင့်သစ်တောဝန်ကြီး၊ သစ်တောဦးစီးဌာန ညွှန်ကြား ရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူ များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ဝါးနှင့်ပတ်သက်သည့် ကုမ္ပဏီ(၁၉)ခုတို့မှ ခင်းကျင်းပြသထားပါသည်။

အလားတူပင် ကမ္ဘာ့ဝါးအထိမ်းအမှတ် အခမ်း အနားကို (၁၈-၉-၂၀၁၇)ရက်နေ့ နံနက်(၁၀း၃၀) နာရီအချိန်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး အင်းကြင်းခန်းမ(နေပြည်တော်)၌ ကျင်းပပြုလုပ်ရာ ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် အရာရှိကြီးများ၊ အရာထမ်း/အမှုထမ်းများ၊ သုတေသီများနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ခဲ့ကြပြီး ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ စာတမ်းများကို သက်ဆိုင်သူများမှ အသီးသီးဖတ်ကြားခဲ့ပါ သည်။ ဆက်လက်၍ သုတေသနဌာနမှ ဝါးလက်မှုပညာ အသုံးအဆောင်ပစ္စည်းများကို အင်ကြင်းခန်းမတွင်း၌ ခင်း ကျင်းပြသခဲ့ပါသည်။

တစ်ဖက်မှ

သည့်နည်းပညာအဆင့် မြင့်တင်နိုင်ရန်အတွက် ရေရှည်ဆောင်ရွက်သွားရန်လိုကြောင်း။ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်းပြီးအကြံဉာဏ်ကောင်းများ ဆွေးနွေးအကြံပြုပေးကြရန်နှင့် အားသာချက်၊ အားနည်းချက်များကို အပြုသဘောနှင့် ဝေဖန်ထောက်ပြပေးကြရန် တိုက်တွန်းပါကြောင်း။ ယနေ့တက်ရောက်လာသည့် ဗဟိုကော်မတီဝင်များ၊ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများသည် မိမိပါဝင်ဆောင်ရွက်နေသည့် အခြားသောကော်မတီများတွင် ပတ်ဝန်းကျင်ဆိုင်ရာနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို ပေါင်းစပ်ဆွေးနွေးပေးရန်နှင့် ယင်းကော်မတီများက ဆွေးနွေးဆုံးဖြတ် ချက်များကိုလည်း ယနေ့အစည်းအဝေးတွင် ဆွေးနွေးပေးကြရန် အထူးပြောကြားလိုပါကြောင်းပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကဗဟိုကော်မတီနှင့် ကော်မတီအသီးသီးက ဆောင်ရွက်မည့်လုပ်ငန်းစဉ် ဦးစားပေး လုပ်ငန်းများအား သတ်မှတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများနှင့် ဗဟိုကော်မတီအတွင်းရေးမှူးတို့က ကော်မတီအလိုက် ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဗဟိုကော်မတီမှဆုံးဖြတ်ပေးရမည့်အချက်များကို တင်ပြကြသည်။

ဆက်လက်၍ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်း များမှ ကိုယ်စားလှယ်များက ပတ်ဝန်းကျင်ထိခိုက်နိုင်မှု အခြေအနေများနှင့် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြ ဆွေးနွေးချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စက်တင်ဘာလ ၁ ရက်နေ့ ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံမြေတိုင်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ကျောင်းအုပ်ကြီးက လက်ရှိဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် သင်တန်းအမျိုးအစား၊ သင်တန်းသားလက်ခံဆောင်ရွက်မှု၊ သင်ကြားပို့ချသည့် ဘာသာရပ်များ၊ သင်တန်းသားများအား အကဲဖြတ်ဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းများ၌ တိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ ခေတ်မီနည်းပညာနှင့် နည်းစနစ်များထည့်သွင်း သင်ကြားရေး၊ မြေတိုင်းလုပ်ငန်းများ အစဉ်ခေတ်မီ တိုးတက်နေစေရန်နှင့် ကျွမ်းကျင်မြေတိုင်း မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာနိုင်ငံသစ်တောကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးက အခြေခံသစ်တောပညာသင်တန်းဖွင့်လှစ်ပို့ချမှု အခြေအနေ၊ တောတွင်းလက်တွေ့ကွင်းဆင်းဆောင်ရွက်မှု၊ စည်းကမ်းထိန်းသိမ်းကြပ်မတ်ဆောင်ရွက်မှုနှင့် အရေးယူဆောင်ရွက်မှု၊ နောင်ဖွင့်လှစ်ဆောင်ရွက်မည့် သင်တန်းအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြခြင်းနှင့် သစ်တောဦးစီးဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူးကလည်း သင်တန်းပို့ချမှုနည်းစနစ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အစီအစဉ်၊ သင်တန်းဆရာများအား မွမ်းမံသင်တန်း၊

ဆရာဖြစ်သင်တန်းများ ပို့ချဆောင်ရွက်မှုအခြေအနေတို့ကို ဖြည့်စွက်တင်ပြပါသည်။ ၎င်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆရာများအား မိမိတို့သင်ကြားပို့ချလျက်ရှိသည့် ဘာသာရပ်အလိုက်ပို့ချမှုပုံစံများ၊ နည်းစနစ်များကိုမေးမြန်း၍ လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ပါသည်။

စက်တင်ဘာလ(၂)ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံသစ်တောကျောင်းမှ သင်တန်းသားများ လက်တွေ့လုပ်ငန်းကွင်းဆင်းဆောင်ရွက်သည့် လေ့ကျင့်ရေးသစ်တောအား ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိဝန်ထမ်းများက လေ့ကျင့်ရေးသစ်တောအတွင်း လက်တွေ့လုပ်ငန်းများ သင်ကြားပို့ချမှုအခြေအနေကို ရှင်းလင်းတင်ပြကြပါသည်။ ၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေ့ကျင့်ရေးသစ်တောအတွင်း သဘာဝတောနှင့် ကော်ဖီပင် တွဲဖက်စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် စမ်းသပ်ကွက်နှင့် မေမြို့ထင်းကြိုးဝိုင်းအကွက်အမှတ်(၁၃၊ ၁၄၊၂၃၊၂၄) အတွင်း ထင်းရှူးစိုက်ခင်းနှင့်ကော်ဖီပင် တွဲဖက်စိုက်ပျိုးထားသည့် စမ်းသပ်ကွက်များအား ကြည့်ရှုစစ်ဆေးကာ အကွက်အလိုက် စိုက်ပျိုးမှုမှတ်တမ်းများ စနစ်တကျထားရှိဆောင်ရွက်ရန်၊ ကော်ဖီပင်ပြုစုပျိုးထောင်ရေးနည်းစနစ်များကို သင်တန်းသားများအား သင်ကြားပို့ချပေးရန်၊ စမ်းသပ်ကွက်တစ်ကွက်နှင့်တစ်ကွက်အကြား ကြားခံနယ်မြေချန်လှပ်၍ နှစ်အလိုက်တိုးချဲ့စိုက်ပျိုးရန်၊ ရောဂါပိုးမကျရောက်အောင် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန်တို့ကို မှာကြားခဲ့ကြောင်းသိရှိရပါသည်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(၇)ကြိမ်မြောက် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးအဆင့် ထိပ်သီးညီလာခံသို့ တက်ရောက်ခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်း ဦးဆောင်သောအဖွဲ့သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် စက်တင်ဘာလ(၅)ရက်နေ့မှ (၈)ရက်နေ့အထိကျင်းပသော ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာစီးပွားရေးနှင့် လူမှုရေးကော်မရှင်ကကြီးမှူးကျင်းပသော (၇)ကြိမ်မြောက် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးအဆင့် ထိပ်သီးညီလာခံသို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာလ(၅)ရက်မှ (၆)ရက်နေ့ထိ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကိုကျင်းပရာတွင် သယံဇာတများကို ထိရောက်အကျိုးရှိစွာသုံးစွဲနိုင်ရေးနှင့် ညစ်ညမ်းမှုကင်းစင်သောဒေသ ဖြစ်ပေါ်လာရေးကို ဦးတည်၍တက်ရောက်သူများက ဆွေးနွေးခဲ့သည်။

စက်တင်ဘာလ(၇)ရက်နေ့တွင် ဝန်ကြီးအဆင့်ထိပ်သီးညီလာခံကို စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ ဝန်ကြီးအဆင့်ဆွေးနွေးပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ မှန်ကန်သောစီမံခန့်ခွဲမှုနှင့် ခေတ်မီနည်းပညာများ အားနည်းခြင်းကြောင့် မြို့ပြဒေသများတွင် အဆိပ်အတောက်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ သိုလှောင်မှုနှင့် စွန့်ပစ်မှုတို့မှာ အဓိကစိန်ခေါ်မှုဖြစ်ကြောင်း၊ သန့်ရှင်းသောရင်းနှီးမြှုပ်နှံမှုများဖြင့် သယံဇာတများကို ချွေတာထိရောက်စွာသုံးစွဲနိုင်ရန်အတွက် အစိမ်းရောင်စီးပွားရေး မူဝါဒမူဘောင်ကို ရေးဆွဲလျက်ရှိပြီး အမှိုက်စွန့်ပစ်မှုကို စီမံခန့်ခွဲရန်အတွက် အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ကိုရေးဆွဲဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာသော နိုင်ငံများမှ တင်ပြဆွေးနွေးသည့် အစီအစဉ်များ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ မူဝါဒသဘောထားကိုတင်ပြရာတွင် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ကို "စဉ်ဆက်မပြတ်စိမ်းလန်းသန့်ရှင်း၍ ကျန်းမာသန့်စွမ်းသော ပတ်ဝန်းကျင်ဖြင့် မြန်မာနိုင်ငံ၏ တောက်ပသောအနာဂတ်ကို ဖန်တီးရန်"ဟူသောရည်ရွယ်ချက်ဖြင့် ရေးဆွဲချမှတ်ခဲ့ကြောင်း၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ရေးရာမူဝါဒ၏ ရေရှည်မျှော်မှန်းချက်မှာ မြန်မာနိုင်ငံသားများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ပြီး ကာဗွန်ထုတ်လွှတ်မှုနည်းသောလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် သယံဇာတ



များကိုစဉ်ဆက်မပြတ် အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတက်ရောက်စဉ် ကာလအတွင်း ဂျပန်နိုင်ငံ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. Yasao Takahashi နှင့်သီးခြားတွေ့ဆုံခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်နိုင်ရန်တို့ကိုလည်းကောင်း၊ ကုလသမဂ္ဂတွဲဘက်အတွင်းရေးမှူးချုပ်နှင့် UNEP အမှုဆောင်ဒါရိုက်တာ Mr. Erik Solheim နှင့်တွေ့ဆုံရာတွင် ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအား အကူအညီပေးရေးကိစ္စရပ်များနှင့် ရေရှည်လက်တွဲပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း အသီးသီးဆွေးနွေးခဲ့ပါသည်။

၎င်းအပြင် "Impactful Investments in Water Efficient Infrastructure"ခေါင်းစဉ်ဖြင့်ကျင်းပသော ပူးတွဲအစည်းအဝေးကို ပြည်ထောင်စုဝန်ကြီးက သဘာပတိအဖြစ် ဦးဆောင်ကျင်းပခဲ့ပြီး၊ UN ESCAP မှလည်း မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိစ္စရပ်များအပေါ် လက်တွေ့ဖြေရှင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးအား တွေ့ဆုံမေးမြန်းခဲ့သည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာလ(၉)ရက်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ခရီးစဉ်သတင်း





သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သည် စက်တင်ဘာလ(၁၆)ရက်နေ့တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ လေးလိုက်ကြီးဝိုင်းအကွက်အမှတ်(၇၂)တွင် တည်ထောင်ထားရှိသည့် ကျွန်းမျိုးသန့်ဥယျာဉ်၊ လေးလိုက်ကြီးဝိုင်းအကွက် အမှတ်(၂၄)ရှိ ကျွန်းမျိုးပွားနည်း နှိုင်းယှဉ်လေ့လာစမ်းသပ်ကွက်များအား ကြည့်ရှုစစ်ဆေးသည်။

မိုးစွေသုတေသနစခန်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သုတေသီများနှင့်တွေ့ဆုံ၍ သစ်မျိုးသန့်ပြန့်ပွားခြင်း၊ မျိုးကောင်းမျိုးသန့် သစ်စေ့နှင့်ပျိုးပင်ထုတ်လုပ်ခြင်း သုတေသနပြုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ်လမ်းညွှန်မှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပလွေးကြီးဝိုင်းအကွက်အမှတ်(၇၆)ရှိ ၂၀၁၇ ခုနှစ်၊ စီးပွားရေးကျွန်းစိုက်ခင်း(၁၀၀)ဧကအား ကြည့်ရှုစစ်ဆေး၍ ဆောင်ရွက်ရမည့်အချက်များအား လမ်းညွှန်မှာကြားခဲ့ပါသည် ။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ်၊ ဝံအော်ကြီးစခန်းသို့ ရောက်ရှိကာ လာမည့်နှစ် စိုက်ခင်းများတည်ထောင်ဆောင်ရွက်မည့် အခြေအနေ၊ ဝန်ထမ်းများတာဝန်ချထားမှု၊ သောက်သုံးရေဖူလုံစေရေးတို့နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက် တောင်တွင်းကြီးမြို့နယ်၊ ဗိဿနိုးမြို့ဟောင်းသို့ ဆက်လက်ထွက်ခွာလာရာ ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဦးစီးအရာရှိက ဗိဿနိုးမြို့ဟောင်းတည်နေရာနှင့် တူးဖော်မှုသမိုင်း၊ ကာတာနိုင်ငံတွင် ကျင်းပပြုလုပ်သည့်(၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ပျူရှေးဟောင်းမြို့အဖြစ် အတည်ပြုသတ်မှတ်နိုင်မှုကိုလည်းကောင်း၊ အပူပိုင်းဒေသစိမ်းလန်း

စိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းထွန်းက ဗိဿနိုးကြိုးပြင် ကာကွယ်တောအတွင်း စိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောထိန်းသိမ်းဆောင်ရွက်မှု၊ ရေရရှိရေးအတွက် ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီးနောက် ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ပါသည်။

စက်တင်ဘာလ ၁၇ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်မြို့၊ မြန်မာ့သစ်လုပ်ငန်းဧည့်ရိပ်သာ၌ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ၂၀၁၇–၁၈ ဘဏ္ဍာနှစ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ဆွေးနွေးညှိနှိုင်းပြီး သယံဇာတအရင်းအမြစ်များရေရှည်တည်တံ့စေရေး အထူးအလေးထားဦးစားပေးဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားခဲ့ပါသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်မြို့၊ ပြည်ကျွန်းကြိုးဝိုင်းအတွင်း တည်ထောင်စိုက်ပျိုးခဲ့သည့် ကျွန်းစိုက်ခင်းအတွင်း ကြည့်ရှုစစ်ဆေး၍ ဆောင်ရွက်ရမည့် သစ်တောလုပ်ငန်းများအား လမ်းညွှန်မှာကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့မှ ဆက်လက်ထွက်ခွာလာရာ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ မြို့ချောင်း–စိန်ကန့်လန့် ပဲခူးရိုးမဖြတ်လမ်းပေါ်ရှိ ကျွန်းတစ်သျှူးစမ်းသပ်စိုက်ခင်းနှင့် ၂၀၁၇–၁၈ ခုနှစ်၊ စီးပွားရေးကျွန်းစိုက်ခင်း(၁၀၀)ဧကတို့အား စိုက်ပျိုးပြုစုဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့သို့ထွက်ခွာ၍ မှော်ဘီမြို့နယ်၌ ဆောင်ရွက်လျက်ရှိသည့် အာဆီယံ–ကိုရီးယား သစ်တောကဏ္ဍပူးပေါင်း ဆောင်ရွက်မှုဒေသအဆင့် လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း တည်ထောင်ခြင်းစီမံကိန်းသို့ရောက်ရှိကာ သင်တန်းကျောင်း ဆောက်လုပ်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့သည်။

## ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်(CLMV)နိုင်ငံများတွင် သစ်တောကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အမြင်နှီးနှောဖလှယ်ပွဲကျင်းပခြင်း



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် Korea Mekong Forest Cooperation Center – KMFCC တို့ ပူးပေါင်း၍ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်(CLMV)နိုင်ငံများတွင် သစ်တောကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအမြင်နှီးနှောဖလှယ်ပွဲကျင်းပခြင်း အခမ်းအနားကို (၁၄–၉–၂၀၁၇) ရက်နေ့ နံနက်(၉)နာရီအချိန်တွင် နေပြည်တော်၊ Grand Amara ဟိုတယ်၌ကျင်းပပြုလုပ်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ တက်ရောက်အဖွင့် အမှာစကားပြောကြားခဲ့ပါသည်။

အမြဲတမ်းအတွင်းဝန်မှ အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သော နှီးနှောဖလှယ်ပွဲသည် CLMV နိုင်ငံများတွင် လက်ရှိသစ်တောကဏ္ဍရင်းနှီးမြှုပ်နှံမှု အခြေအနေများကို နားလည်သိရှိရန်၊ သစ်တောကဏ္ဍပတ်သက် ဆက်စပ်သူများအကြား ရင်းနှီးမြှုပ်နှံမှုအလားအလာ၊ အမြင်ရှုထောင့်များနှင့်ပတ်သက်သော အချက်အလက်များမျှဝေရန် ရည်ရွယ်ကြောင်း၊ မြန်မာနိုင်ငံတွင် သစ်တောသယံဇာတများကို ရေရှည်စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ရန် ရည်ရွယ်ထားသည့်အတွက် ရေရှည်အသုံးပြုနိုင်မည့် ငွေကြေးအခြေအနေနှင့် သစ်တောကဏ္ဍရင်းနှီးမြှုပ်နှံမှုသည်အရေးပါသဖြင့် နိုင်ငံအဆင့် သစ်တောအုပ်ချုပ်မှုစီမံချက်များတွင် အစိုးရတစ်ခုတည်းသာမက ပုဂ္ဂလိကများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း၊ Myanmar National REDD+ Progrmme, National Biodiversity Strategy and Action Plan (NBSAP), Myanmar Nationally Determined Contribution(NDC)လုပ်ငန်းများကိုလည်း သစ်တောသယံဇာတများထိန်းသိမ်းကာကွယ်ခြင်းနှင့် ရာသီဥတုဆိုင်ရာ

ပြဿနာများဖြေရှင်းခြင်းတို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊

သစ်တောဦးစီးဌာနတွင် ပုဂ္ဂလိကသစ်တောကဏ္ဍရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်မှစ၍ ပုဂ္ဂလိကကျွန်းစိုက်ခင်းတည်ထောင်မှုကို ခွင့်ပြုခဲ့ပြီး အခြားသစ်မာစိုက်ခင်းများတည်ထောင်မှုကိုလည်း ၂၀၀၇-၂၀၀၈ တွင်ခွင့်ပြုခဲ့ကြောင်း၊ လက်ရှိတွင် ပုဂ္ဂလိကကဏ္ဍမှ ကျွန်းစိုက်ခင်း(၅၆,၀၀၀)ဟက်တာကျော်နှင့် အခြားသစ်မာစိုက်ခင်း(၃၆,၀၀၀)ဟက်တာကျော် တည်ထောင်ပြီးဖြစ်သည့်အပြင် ''မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၆)''အရ ပုဂ္ဂလိကကျွန်း စိုက်ခင်းတည်ထောင်မှုနှင့် သစ်အခြေခံပစ္စည်းများ ထုတ်လုပ်မှုများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံ၏လက်ရှိ သစ်တောသယံဇာတများနှင့်နှိုင်းယှဉ်လျှင် နည်းပါးနေဆဲဖြစ်သည့်အတွက် သစ်အခြေခံလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရှာဖွေရန် လိုအပ်နေဆဲ ဖြစ်ကြောင်း၊

သို့ဖြစ်ပါ၍ ယနေ့ဆွေးနွေးပွဲသည် နိုင်ငံအတွင်း သစ်အခြေခံလုပ်ငန်းများတိုးမြှင့်ရန်နှင့် သစ်တောကဏ္ဍရင်းနှီးမြှုပ်နှံမှုအလားအလာနှင့် အမြင်ရှုထောင့်များကို လေ့လာဆွေးနွေးနိုင်မည့် အခွင့်အရေးတစ်ရပ်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ တက်ရောက်လာသူများမှ သစ်တောကဏ္ဍရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အမြင်များအား တင်ပြဆွေးနွေးခဲ့ကြပါသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညိုညိုကျော်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ KMFCC မှ Director Dr. Chong Se Kyung ၊ CLMV Countries and ROK မှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များ၊ အစိုးရဌာနအသီးသီးမှအရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ INGO / NGOs များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပါသည်။

## သစ်မျိုးသန့်ပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ကျင်းပြုလုပ်သည့် သစ်မျိုးသန့်ပြန့်ပွားရေးသင်တန်း၊ အမှတ်စဉ်(၃)သင်တန်းဆင်းပွဲအခမ်းအနားကို၁၅-၉-၂၀၁၇ ရက်နေ့၊ မွန်းလွဲ (၃း၃၀)နာရီအချိန်တွင် သစ်တောသုတေသနဌာန၊ ရေဆင်း (စုဝေးခန်းမ)တွင် ကျင်းပပြုလုပ်ပါသည်။

မြန်မာ့သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းတွင် မျိုးကောင်းမျိုးသန့် သစ်စေ့များရရှိရေးအတွက် မျိုးသန့်ပြန့်ပွားရေးလုပ်ငန်းများကို အထူးထည့်သွင်းဆောင်ရွက်လျက်ရှိပြီး သစ်မျိုးသန့်ပြန့်ပွားရေးလုပ်ငန်းများ ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သင်တန်းသားများအား စွမ်းဆောင်ရည်မြှင့်တင်သည့် သင်တန်းပို့ချခြင်း ဖြစ်ပါသည်။

သင်တန်းတွင် စာတွေ့သင်ကြားပို့ချခြင်းများအပြင် သင်တန်းသားများအား သစ်မျိုးသန့်ပြန့်ပွားခြင်း အခြေခံသဘောတရားများ၊သစ်တောမျိုးရိုးဗီဇထိန်းသိမ်းခြင်းအကြောင်း၊ သစ်တောစိုက်ခင်းများအတွက် မျိုးရိုးဗီဇကောင်းမွန်သည့် သစ်စေ့စုဆောင်းခြင်းများအား လေ့လာစေခြင်း၊ လက်တွေ့ကွင်းဆင်းခြင်းလုပ်ငန်းများအနေဖြင့် ရေတာရှည်မြို့နယ်နှင့်မိုးဗွေသုတေသန စမ်းသပ်ကွက်များတွင် သစ်မျိုးသန့်ပင်ရွေးချယ်ခြင်း၊ မျိုးပွားကိုင်းများစုဆောင်းခြင်း၊ သစ်စေ့ထုတ်ဓါတ်ခွဲခန်းသို့လည်ပတ်ခြင်း၊ သစ်မျိုးသန့်ဥယျာဉ်လေ့လာခြင်းတို့အပြင် ရေဆင်းသုတေသနစခန်းတွင် ကိုင်းကူးကိုင်းဆက်ခြင်း၊ အညွန့်ကိုင်းထိုးခြင်း၊ လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ခွင့်ရရှိခဲ့ကြပါသည်။

သင်တန်းဆင်းပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညိုညိုကျော် က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများကိုယ်စား ကိုယ်စားလှယ်(၄)ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ သင်တန်းဆင်းပွဲ အခမ်းအနားသို့ သစ်တောဦးစီးဌာနမှ အရာရှိကြီးများ၊ သင်တန်းဆရာ၊ ဆရာမများ၊ သုတေသီများနှင့်သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။ သင်တန်းသို့ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ပုဂ္ဂလိကသစ်တောစိုက်ခင်းလုပ်ငန်းတို့မှ သင်တန်းသားစုစုပေါင်း(၂၇)ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းအား ၁၁-၉-၂၀၁၇ ရက်နေ့မှ ၁၅-၉-၂၀၁၇ ရက်နေ့အထိ(၅)ရက်ကြာ ဖွင့်လှစ်ခဲ့ပါသည်။

## " NFI / NFMIS (GCP / MYA/024/ FIN) စီမံကိန်းအကြောင်းအရာများ သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ဖင်လန်နိုင်ငံ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO တို့ပူးပေါင်း၍ (၁၉-၉-၂၀၁၇)ရက်နေ့၊ နံနက် (၉)နာရီအချိန်တွင် သင်္ဂဟဟိုတယ် (နေပြည်တော်)၌ (NFI/NFMIS)GCP/MYA/024/FIN)စီမံကိန်းအကြောင်းအရာများ သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ သစ်တောဦးစီးဌာနမှ အရာရှိကြီးများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ FAO, MFA မှတာဝန် ရှိသူများ၊ NGO,INGO များဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးပြောင်းလဲလျက်ရှိပြီး ပြောင်းလဲနေသည့် အခြေအနေများတွင် သဘာဝသယံဇာတများ ရေရှည်တည်တံ့စွာ စီမံအုပ်ချုပ်နိုင်ရေးအတွက် ထိရောက်မှန်ကန်သော ဆုံးဖြတ်ချက်များ အချိန်မီချမှတ်နိုင်ရေးသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ယနေ့အချိန်တွင် သစ်တောကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များပေါ်တွင် အခြေခံ၍ ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်တင်ပြခြင်းများတွင် အရေးပါကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုမဟာဗျူဟာ(၂၀၁၆-၂၀၁၉)ကိုရေးဆွဲခဲ့ပြီး ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာ သစ်တောသယံဇာတစာရင်းများကောက်ယူခြင်း၊ အချက်အလက်များသုံးသပ်ခြင်း၊ စူးစမ်းလေ့လာခြင်းပညာရပ်နှင့် မြေပုံရေးဆွဲခြင်းပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာနှင့် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုစနစ်များ အကောင်အထည်ဖော်နိုင်ရန်အတွက် တိကျသည့် သစ်တောသယံဇာတဆိုင်ရာ သတင်းအချက်အလက်များရရှိအသုံးပြုနိုင်ရန်လိုအပ်ပါသည်။ ယခုနိုင်ငံအဆင့်သစ်တောသယံဇာတအချက်အလက်များ သတင်းကောက်ယူခြင်း၊ အဝေးမှစူးစမ်းလေ့လာခြင်းစနစ်များ အသုံးပြု၍ရရှိလာသည့် အချက်အလက်များကို စီမံခန့်ခွဲခြင်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို (၂၀-၉-၂၀၁၇)ရက်နေ့အထိကျင်းပပြုလုပ်ခဲ့ပါသည်။

## ရေဝပ်ဒေသထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာအမျိုးသားအဆင့်ကော်မတီ (၂/ ၂၀၁၇) အစည်းအဝေးကျင်းပခြင်း



ရေဝပ်ဒေသထိန်းသိမ်း စီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၂/၂၀၁၇) အစည်းအဝေးကို (၂၆-၉-၂၀၁၇)ရက်နေ့ နံနက်(၉)နာရီအချိန်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ကော်မတီဝင်များ၊ နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာ အေဂျင်စီ(NEA)မှ ကိုယ်စားလှယ်များ ရမ်ဆာရေဝပ်ဒေသ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

ရေဝပ်ဒေသများသည် ရာသီဥတုပြောင်းလဲမှု လျော့ချခြင်းကဲ့သို့သော ဂေဟစနစ်ဝန်ဆောင်မှုများ၊ ရေလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းစသည့် လူမှုစီးပွားရေးဝန်ဆောင်မှုများကိုအဆက်မပြတ် ပံ့ပိုးပေးလျက်ရှိသဖြင့် ရေဝပ်ဒေသများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ရေဝပ်ဒေသများ ရေရှည်တည်တံ့စေရေးအတွက် အမျိုးသားအဆင့် ရေဝပ်ဒေသဆိုင်ရာမူဝါဒကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှစ၍ နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာ အေဂျင်စီ၊ ရမ်ဆာရေဝပ်ဒေသဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဌာနများ၊ IUCN အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကြံပြုချက်များဖြင့် ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ယခုအခါ အမျိုးသားရေဝပ်ဒေသဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများ(စတုတ္ထမူကြမ်း)ကို ရေးဆွဲပြီးဖြစ်ပါသည်။

အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအမျိုးသားရေဝပ်ဒေသဆိုင်ရာ မူဝါဒကိုပြဋ္ဌာန်းနိုင်ရန်အတွက် လိုအပ်သည်များကို ဖြည့်စွက်အကြံပြု သုံးသပ်နိုင်ရန်နှင့် အမျိုးသားရေဝပ်ဒေသဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများ (စတုတ္ထမူကြမ်း) အား ဖြည့်စွက်ရေးဆွဲပြင်ဆင်ပြီး ဆက်လက်တင်ပြ၍ အတည်ပြုချက်ရယူခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

အမျိုးသား ရေဝပ်ဒေသဆိုင်ရာ မူဝါဒအတည်ပြုပြဋ္ဌာန်းပြီးစီးပါက မြန်မာနိုင်ငံအတွင်း နိုင်ငံတကာအသိအမှတ်ပြု ရေဝပ်ဒေသများ ဖော်ထုတ်ခြင်း၊ ရေဝပ်ဒေသခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရေဝပ်ဒေသဂေဟစနစ်ထောက်ပံ့မှုများနှင့် ရေဝပ်ဒေသဝန်ဆောင်မှုများအား အကျိုးရှိစွာသုံးစွဲနိုင်ခြင်းများအပြင် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ရေဝပ်ဒေသများ ရေရှည်တည်တံ့စေရေးနှင့် ရေဝပ်ဒေသဝန်ဆောင်မှုများအား အကျိုးရှိရှိအသုံးချနိုင်ရေးအတွက် နည်းလမ်းကောင်းများ ချမှတ်စီမံအုပ်ချုပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း





မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို(၃၀-၉-၂၀၁၇)ရက်နေ့၊ နံနက်(၈)နာရီအချိန်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံခန့်ခွဲရေး)ဦးဇော်မင်း တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဦးစီးရုံးချုပ်မှအရာရှိကြီးများ၊ တိုင်းဒေသကြီးပြည်နယ်များမှ ခရိုင်/မြို့နယ်တာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် တည်ထောင်မည့် စိုက်ခင်းလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများအား သုံးသပ်ဆွေးနွေး ညှိနှိုင်းနိုင်ရန်၊ စီမံကိန်းလုပ်ငန်းများအား အကောင်းဆုံးအခြေအနေတစ်ခုဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။ အစည်းအဝေးတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအလိုက် ခရိုင်/မြို့နယ် တာဝန်ခံများက ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ စီမံအုပ်ချုပ်မှု၊ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများတွင် ဆောင်ရွက်ထားရှိမှု ရှေ့လုပ်ငန်းစဉ်များဆောင်ရွက်မည့် အစီအမံ၊ တွေ့ကြုံသည့် အခက်အခဲများနှင့် လိုအပ်ချက်များ၊ လုပ်ငန်းအောင်မြင်နိုင်ရေးအတွက် ဦးစီးရုံးချုပ်မှ ပံ့ပိုးပေးရမည့် အခြေအနေများအား ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် တာဝန်ရှိသူများမှ အကဲဖြတ်သုံးသပ်ခြင်း၊ လိုအပ်သည်များ မှာကြားခြင်း၊ အကြံပြုခြင်းနှင့် ပံ့ပိုးစီစဉ်ပေးခြင်းများ ဆောင်ရွက်ကြပါသည်။

အစည်းအဝေးကို(၃-၁၀-၂၀၁၇)ရက်နေ့အထိ (၄)ရက်ကြာကျင်းပပြုလုပ်ခဲ့ပါသည်။

## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာအမျိုးသားအဆင့်အဖွဲ့ (Community Forestry National Working Group-CFNWG) (၁၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းကို အချိန်နှင့်တပြေးညီ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်ခြင်းများကို ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ တိုးချဲ့ပညာပေးရေးလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်းဆိုင်ရာ လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရန်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်ရရှိရေးလုပ်ငန်းစဉ်များ မြန်ဆန်ချောမွေ့စေရေး ကူညီဆောင်ရွက်ပေးရန်၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ရန်ပုံငွေရှာဖွေရန် စသည့်ရည်ရွယ်ချက်များဖြင့် Community Forestry National Working Group (CFNWG)အဖွဲ့ကို အခြားဆက်စပ်ဌာနများမှ ကိုယ်စားလှယ်(၉)ဦး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆက်စပ်သည့် NGOနှင့် မြန်မာနိုင်ငံရှိ INGO များမှ ကိုယ်စားလှယ်(၈)ဦးနှင့် သစ်တောဦးစီးဌာန ကိုယ်စားလှယ်(၈)ဦး စုစုပေါင်း(၂၅)ဦးဖြင့်ဖွဲ့စည်းထားပါသည်။

CFNWG အစည်းအဝေးကို (၃)လတစ်ကြိမ်ကျင်းပလျက်ရှိရာ (၁၂)ကြိမ်မြောက် အစည်းအဝေးအား သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမတွင် (၂၅-၉-၂၀၁၇)ရက်နေ့၌ ကျင်းပခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့်စီမံကိန်း) ဦးကျော်ကျော်လွင်က အဖွင့်အမှာစကားပြောကြားကာ CFNWG အဖွဲ့ဝင်(၂၅)ဦး၊ အခြားဖိတ်ကြားထားသူ(၂၅)ဦးနှင့် လေ့လာသူအဖြစ် RECOFTC မှ စီမံကိန်းဝန်ထမ်း(၃၀)ဦး၊ စုစုပေါင်း(၈၀)ဦးတက်ရောက်ခဲ့ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း လုပ်ငန်းဆောင်ရွက်မှုများဆွေးနွေးခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့တည်ထောင်ခြင်းနှင့်ပတ်သက်၍ တွေ့ကြုံရသောအခက်အခဲ၊ စိန်ခေါ်မှုများအား လမ်းညွှန်ဖြေရှင်းပေးခြင်း၊ နည်းပညာများဖြန့်ဝေခြင်း၊ အတွေ့အကြုံဗဟုသုတများဖလှယ်ခြင်း၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြပါသည်။

## ရှေးဟောင်းသစ်ထွင်းလှေတစ်စင်း တွေ့ရှိခြင်း

နေပြည်တော်ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၊ ဝက္ကမှုကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာ၊ ကြံပိုတဲ့စုနေ ဦးသန်းကို၏ ယာကွက်အစပ်ရှံ့ပင်ချောင်း(အရပ်ခေါ် ပလွေးချောင်း)အတွင်း မြေပုံညွှန်း V-664835 နေရာ၌ (၂၉-၉-၂၀၁၇)ရက်နေ့တွင် သရက်ကုန်းရွာနေ၊ ဦးငွေသိန်းက ရှေးဟောင်းသစ်ထွင်းလှေတစ်စင်းအား စတင်တွေ့ရှိခဲ့ပါသည်။ ရှေးဟောင်း သစ်ထွင်းလှေတစ်စီးအား (၄-၁၀-၂၀၁၇)ရက်မှစ၍ ကျေးလက်နေပြည်သူများမှ လူအင်အား၊ စက်ယန္တရားအင်အား၊ ဆင်များဖြင့် သယ်ယူရန်ဆောင်ရွက်ခဲ့ရာ (၇-၁၀-၂၀၁၇)ရက်နေ့ (၁၂း၃၀)နာရီအချိန်တွင် သယ်ယူခြင်းလုပ်ငန်းအား အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့ပါသည်။ သယ်ယူထားရှိသည့် သစ်ထွင်းလှေသည် ကျွန်းမဟုတ်ဘဲ သစ်မာအမျိုးအစားဖြစ်ပြီး သစ်မျိုးခွဲခြားနိုင်ခြင်း မရှိသေးကြောင်းနှင့် အဆိုပါရှေးဟောင်းသစ်ထွင်းလှေကို အများပြည်သူများလေ့လာနိုင်ရန် သရက်ကုန်းကျေးရွာ၏ အနောက်ကျောင်းဘက် သရက်ကုန်းကျောင်းကျေးရွာ ပုဗ္ဗါရုံဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် ထိန်းသိမ်း၍ပြသထားပါသည်။

| စဉ် | အစွယ်အစား | မ | လက်မ |
|---|---|---|---|
| ၁ | အလျား | ၅၆ | - |
| ၂ | ဝါးလယ်လုံးပတ် | ၁၁ | ၆ |
| ၃ | အချင်း | ၃ | ၆ |
| ၄ | အတွင်းခောက်အနက် | ၃ | ၃ |
| ၅ | အပေါ်ထွင်းဝအကျယ် | | |
| | (က) အရှေ့ | ၁ | ၂ |
| | (ခ) အလယ် | - | ၁၁ |
| | (ဂ) အနောက် | ၂ | - |



## ဝက်ဝံတစ်စုံအား သဘာဝတောအတွင်းပြန်လည်စေလွှတ်ခြင်း







(၃၀-၇-၂၀၁၇)ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၊ နောင်ပြင်ကျေးရွာအနီး တောစပ်တစ်နေရာ၌ ဝက်ဝံအထီးတစ်ကောင်နှင့် အမတစ်ကောင်၊ စုစုပေါင်း(၂)ကောင်အားတွေ့ရှိ၍၊ ကျောက်မဲမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံးဝင်းအတွင်း ထိန်းသိမ်းပြုစုထားရှိခဲ့ပြီး၊ (၇-၉-၂၀၁၇)ရက်နေ့ (၁၀း၃၀)နာရီအချိန်တွင် မိုးမိတ်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သောဝန်ထမ်းများ၊ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဝန်ထမ်းများနှင့် သစ်ဆိပ်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောက်မောနှင့် အောင်သပြေကျေးရွာများမှ အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဝက်ဝံများ ကျယ်ကျယ်ပြန့်ပြန့် သွားလာကျက်စားနိုင်သည့် ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ အထက်ရွှက်ပြတ်ရောနှောတောစိုရေိယာဖြစ်သည့် သောက်တော်ချောင်းဖျားဒေသ ခန့်မှန်းမပညာ-KF-145517 နေရာ သဘာဝတောအတွင်းသို့ ပြန်လည်စေလွှတ်ပေးခဲ့ပါသည်။

## အဖော်မဲ့ သင်းကွဲဆင်မလေးတစ်ကောင်အားထိန်းသိမ်းထားရှိ





သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တောရိုင်းတိရစ္ဆာန်များအား တရားမဝင်ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် ယင်းတို့၏ အစိတ်အပိုင်းများအား လက်ဝယ်ထားရှိခြင်း၊ သယ်ယူခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းများအား စုံစမ်းဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာအရေးယူခြင်းများအပြင် မူရင်းဒေသများတွင် အန္တရာယ်ကင်းရှင်းစွာဖြင့် သဘာဝအတိုင်း နေထိုင်ကျက်စားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ မြစ်တစ်ရာ ကြိုးဝိုင်းအတွင်း ဆင်မလေးတစ်ကောင်သည် တောဆင်အုပ်မရှိပဲသင်းကွဲဆင်အဖြစ် အဖော်မဲ့သွားလာနေကြောင်းသိရှိရပါသဖြင့် ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများ၊ တင်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆင်မလေးအား ဆင်မုဆိုးများ၏ အန္တရာယ်မှကာကွယ်နိုင်ရေး ကွင်းနင်းရှာဖွေရာ (၃၁-၈-၂၀၁၇)ရက်နေ့ နေ့လယ်(၁၂း၅၀)နာရီအချိန်တွင် ငပုတောမြို့နယ်၊ မြစ်တစ်ရာကြိုးဝိုင်းအကွက်အမှတ်(၁၉၇)၊ ခန့်မှန်းမြေပုံညွှန်း (FP-564137) နေရာတွင် ဆင်မလေးအားတွေ့ရှိခဲ့ပါသည်။

အဆိုပါ ဆင်မလေးမှာ အသက်(၈)လသားခန့်ရှိပြီး တင်းချောင်းကျေးရွာ၊ အုပ်ချုပ်ရေးမှူးရုံးတွင် ခေတ္တထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပြီး၊ မြန်မာ့သစ်လုပ်ငန်းသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

# တရားမဝင် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိခြင်းသတင်းများ

## မန္တလေးတိုင်းဒေသကြီး



၄-၉-၂၀၁၇ ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦး(စဥ့်ကိုင်တွဲ)မြို့နယ် မြို့နယ်ဦးစီးဌာနမှူးခေါင်းဆောင်သော သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် စဥ့်ကိုင်မြို့နယ်၊ ပလိပ်ဘိနယ် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ သဘာဝဓါတ်ငွေ့အရောင်းဆိုင်နှင့် တောင်ဘက် (၄)ဖာလုံခန့်အကွာ၊ လမ်းကြားအတွင်းမှ ယာဥ်အမှတ်၊ 2K/9621၊ 7J/7990၊ 9D/4850 တပ်ဆင်ထားသော မော်တော်ယာဥ်(၃)စီးပေါ်မှ တရားမဝင်ပိတောက်ခွဲသား(၁၄၄)ချောင်း၊ (၁၅.၅၀၁၄)နှင့်အတူ ဆက်စပ်ယာဥ်(၂)စီး၊ ဆိုင်ကယ်(၂)စီး၊ တရားခံ(၁)ဦးတို့အား ဖမ်းဆီးရမိခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး



၁၃-၉- ၂၀၁၇ ရက်နေ့၌ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ် ဦးစီးအရာရှိ ခေါင်းဆောင်သော သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် နတ်ညွှန်းကျေးရွာအခြေပြု မြစ်ကြောင်းစိုးမိုးရေး စစ်ကြောင်းမှ သစ်တောဝန်ထမ်းများသည် တရားမဝင်သစ် ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်ခဲ့ရာ ရေစကြိုမြို့နယ်၊ ပေါက်တောကျေးရွာတောင်ဘက်၊ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းနေရာမှ တရားမဝင် ကျွန်း/ဘိုင်/လက်ပံသစ် စုစုပေါင်း(၃၅)လုံး (၂၁.၃၄၆)တန်အားဖမ်းဆီးရမိခဲ့ပါသည်။

## ရခိုင်ပြည်နယ်



၁၁-၉-၂၀၁၇ ရက်နေ့၌ ရခိုင်ပြည်နယ်၊ သစ်တောဦးစီးဌာန၊ ကျောက်ဖြူခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ခေါင်းဆောင်၍ အမ်းမြို့နယ်၊ ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်သောပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်ခဲ့ရာ အမ်းမြို့နယ်၊ တလိုင်းတောင်ဘိနယ်၊ တလိုင်းတောင်ကျေးရွာ အနောက်ဘက်အနီးပတ်ဝန်းကျင်နေရာများတွင် တရားမဝင် ကညင်၊ သရက်ခွဲသား(၁၀၅)ချောင်း (၈.၆၅၉၀)တန်နှင့် တလိုင်းတောင်ချောင်းအတွင်း ရပ်တန့်ထားသည့် မော်တော်ပေါ်မှ တရားမဝင် သစ်ပုတ်ခွဲသား(၂၀)ချောင်း (၁.၄၂၅၀)တန် စုစုပေါင်းတရားမဝင် သစ်ခွဲသား(၁၂၅)ချောင်း (၁၀.၀၈၄၀)တန်အား တရားခံ(၃)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး



၁၇-၉-၂၀၁၇ ရက်နေ့၌ ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ် သစ်တောဝန်ထမ်းများနှင့် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ် ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်၊ဖောင်းတူ(၂)ဘိနယ်၊ ကိုယ်တူကွဲချောင်းဝနေရာမှ တရားမဝင်ကျွန်းခွဲသား(၅၈)ချောင်း (၄.၃၆၀၈)တန်နှင့် ဖောင်းတူ(၁)ဘိနယ်၊ ပဲခူးချောင်း အနီးအောင်မြချောင်းအတွင်းမှ တရားမဝင် ကျွန်းခွဲသား(၈၈)ချောင်း (၅.၀၈၁၂)တန် စုစုပေါင်းတရားမဝင် သစ်ကျွန်းခွဲသား(၉.၄၄၂၀)တန်အား ဖမ်းဆီးရမိခဲ့ပြီး၊ ဖမ်းဆီးရမိတရားမဝင်သစ်နှင့် ဆက်စပ်ပတ်သက်သူများအား ဥပဒေနှင့်အညီထိရောက်စွာ အရေးယူနိုင်ရေး စုံစမ်းရှာဖွေဖော်ထုတ်လျက်ရှိပါသည်။

## ရှမ်းပြည်နယ်



ရှမ်းပြည်နယ်(လားရှိုး)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ် ဦးစီးအရာရှိခေါင်းဆောင်သော သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နောင်ချိုပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၂-၉-၂၀၁၇ ရက်နေ့မှ ၁၄-၉-၂၀၁၇ ရက်နေ့အတွင်း နောင်ချိုမြို့နယ်၊ ဆမ္မဆယ်ဘိနယ်၊ သပြေဒိုးကျေးရွာမြောက်ဘက်(၁) မိုင်ခန့်အကွာနေရာတောစပ်နေရာများ၌ စုပုံထားသော တရားမဝင် ပိတောက်/ တမလန်း ဓါးရှွေစုစုပေါင်း(၇၁၂)တုံး (၇၀.၇၀၅၂)တန်အားဖမ်းဆီးရမိခဲ့ပါသည်။

## တနင်္သာရီတိုင်းဒေသကြီး



၁၄-၉-၂၀၁၇ ရက်နေ့၌ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ဦးစီးအရာရှိ ခေါင်းဆောင်သော သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ထားဝယ်မြို့နယ်၊ ထားဝယ်-ရေးကားလမ်းနှင့်ရေပိုင်းကျေးရွာသို့သွားလမ်းဆုံအနီးနေရာတွင် ယာဉ်အမှတ် 1K/3053၊ 2G/5439၊ 3B/4035၊ ၈ခ/၃၅၃၀ တပ်ဆင်ထားသော မော်တော်ယာဉ်(၄)စီးပေါ်မှ တရားမဝင် ပိတောက်/အခြားခွဲသား (၃၆၂)ချောင်း၊ (၂၆.၉၇၅)တန်နှင့် ယာဉ်အမှတ် 3H/4326 တပ်ဆင်ထားသည့်ရွေ့ပြောင်းယာဉ်တစ်စီးနှင့်အတူ တရားခံ(၁၃)ဦးတို့အားဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာရဲစခန်းများတွင် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး



၂၀-၉-၂၀၁၇ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစီးအရာရှိ ခေါင်းဆောင်သော သစ်တောဝန်ထမ်းများ၊ အမှတ်(၃၅)ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သဃ်န်းကျွန်းမြို့အုပ်ချုပ်မှုအောက်ရှိ သုဓမ္မလမ်းမကြီး၊ ကျောက်ရေတွင်းတံတားအဆင်း အမှတ်(၃၅)ယာဉ်ထိန်းရဲတပ်ဖွဲ့စု စိန်ပန်းမြိုင်ရဲရိပ်သာရှေ့နေရာတွင် ယာဉ်အမှတ်YGN 4D/7506 တပ်ဆင်ထားသော FUSO (၆)ဘီးယာဉ်ပေါ်မှ တရားမဝင် ပျဉ်းကတိုးခွဲသား(၉၇)ချောင်း (၅ . ၁၅၂)တန်အား တရားခံ(၁)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

# အင်တာပိုလ်က ပေးပို့သည့် သဘာဝပတ်ဝန်းကျင် မှုခင်းဆိုင်ရာ သတင်းများ

တိုးခဲ့ ပညာပေးရေးဌာနမှ ဘာသာပြန်ဆိုဖော်ပြသည်

## တောင်အာဖရိကနိုင်ငံတွင် ကြံ့ချို(၅)ခု သယ်ဆောင်လာသူ တရုတ်နိုင်ငံသားတစ်ဦးအား ဖမ်းဆီးရမိခြင်း



တောင်အာဖရိကနိုင်ငံတွင် တရုတ်နိုင်ငံသားတစ်ဦး၏ ခရီးဆောင်အိတ်အတွင်း၌ ကြံ့ချို(၅)ခုကို တရားမဝင်သယ်ဆောင်လာမှုအား Johannesburgs's OR Tambo အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်နေ့တွင် ဖမ်းဆီးရမိခဲ့သည်။ ၎င်းချိုများကို ထပ်မံစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် Directorate for Priority Crime Investigation သို့ လွှဲပြောင်းထားကြောင်းသိရသည်။ ဖမ်းဆီးရမိသောကြံ့ချိုများ၏ အရင်းအမြစ်ကိုကား အတည်ပြုရခြင်းမရှိသေးကြောင်းသိရသည်။

## တရားမဝင်မှောင်ခိုသယ်ဆောင်လာသော ပင်လယ်လိပ်(၁၀၈)ကောင်အား တရားခံ(၃)ဦးနှင့်အတူ ဖမ်းဆီးရမိခြင်း

သတင်းပေးချက်အရအိန္ဒိယနိုင်ငံ၌ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့တွင် ရဲတပ်ဖွဲ့ဝင်များက ကားတစ်စီးအား ရပ်တန့်စစ်ဆေးခဲ့ရာ ဂုန်နီအိတ်(၃)အိတ်အတွင်း၌ မှောင်ခိုသယ်ဆောင်လာသော ပင်လယ်လိပ်ကောင်ရေ (၁၀၈)ကောင်ကို တရားခံ(၃)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

## မြန်မာနိုင်ငံ တပ်မတော်(ရေ)မှ အမေရိကန်ဒေါ်လာ 200,000 တန်ဖိုးရှိသောတရားမဝင်သစ်များဖမ်းဆီးရမိခြင်း

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့တွင် မြန်မာနိုင်ငံ တပ်မတော်(ရေ)မှအရာရှိများသည် မလေးရှားနိုင်ငံ ပီနမ် သင်္ဘောဆိပ်ကမ်းရှိ ကုန်တင်သင်္ဘောများသို့တင်ဆောင်မည့် ကျွန်း၊ တမလန်းနှင့် ပိတောက်များပါဝင်သော တရားမဝင်သစ်တန် ၂၀၀ ခန့်(တန်ဖိုး -အမေရိကန်ဒေါ်လာ 200,000 ခန့်)ပါဝင်သည့် လှေ(၂)စင်းကို တရားခံ(မြန်မာနိုင်ငံသား) (၂၃)ဦးနှင့် အတူ မြန်မာ့ရေပိုင်နက်တွင် ဖမ်းဆီးရမိခဲ့သည်။ တရားခံများကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေ၊ ဥပဒေပုဒ်မ၆(၁) အရ စစ်ဆေးအရေးယူလျက်ရှိသည်။

## အမေရိကန်ဒေါ်လာ 8,000 တန်ဖိုးရှိသော တရားမဝင်သစ်များ ဖမ်းဆီးရမိခြင်း

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ(၁၃)ရက်နေ့တွင် သစ်တောဝန်ထမ်းများ၊ မြန်မာ့ရဲတပ်ဖွဲ့နှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နားတောင်းကျကျေးရွာတွင် တရားမဝင်သစ် (ပိတောက်နှင့် တမလန်းသစ်များ) စုစုပေါင်း ၉. ၆၅၂၆ တန်(တန်ဖိုး– အမေရိကန်ဒေါ်လာ 8,000)ကို ယာဉ်(၃)စီးနှင့်တရားခံ(၄)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။ စစ်ဆေးမှုများကို သစ်တောဥပဒေပုဒ်မ ၄၂(ခ)အရ စစ်ဆေးအရေးယူလျက်ရှိသည်။



## အာဖရိကဆင်စွယ် ၁.၄ တန်အား ဖမ်းဆီးရမိခြင်း

ဗီယက်နမ်နိုင်ငံ၊ Bac Lieu ခရိုင်တောင်ပိုင်းဒေသတွင် ရဲအရာရှိများ၏ စစ်ဆေးမှုအရ မလေးရှားနိုင်ငံမှ ရောက်ရှိလာသော ငါးဖမ်းလှေအတွင်းတွင် အလေးချိန်အားဖြင့် (၁ . ၄)တန်ရှိသော အာဖရိက ဆင်စွယ်များကို ဖမ်းဆီးရမိခဲ့သည်။ ရဲအရာရှိများက သယ်ဆောင်သူတရားခံကို ဆက်လက်စုံစမ်းနေဆဲဖြစ်သည်။

## ထိုင်းနိုင်ငံတွင် သုဝဏ္ဏဘူမိ နိုင်ငံတကာလေဆိပ်တွင် ဆင်စွယ် ၄၁ ကီလိုဂရမ် ဖမ်းဆီးရမိခြင်း



၂၀၁၇ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက်နေ့တွင် သုဝဏ္ဏဘူမိ နိုင်ငံတကာလေဆိပ်တွင် ပိတ်ထားသော သေတ္တာအတွင်းမှ စုစုပေါင်း ၄၁. ၀၉ ကီလိုဂရမ် အလေးချိန်ရှိသော ဆင်စွယ်အပိုင်းအစ(၂၈)ခုကို သေတ္တာများအတွင်း တိပ်များ၊ ပလတ်စတစ်စများဖြင့်ပိတ်ထားပြီး ပရိဘောဂများအဖြစ် သယ်ဆောင်လာစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပါသည်။ စစ်ဆေးရေးအရာရှိများ၏ ပြောကြားချက်အရ ထိုဆင်စွယ်များသည် Congo နိုင်ငံ၊ Brazzavile မြို့မှရောက်ရှိ လာခဲ့သည်ဟုသိရှိရသည်။ ထိုဖမ်းဆီးရရှိမှုနှင့်ပတ်သက်၍ တရားခံကိုဖမ်းဆီးနိုင်ခြင်း မရှိသေးကြောင်းသိရသည်။

## မှောင်ခိုသယ်ဆောင်လာသောကြံ့ချိုများကို တရားခံ (၃)ဦးနှင့်အတူဖမ်းဆီးရမိခြင်း

ထိုင်းနိုင်ငံ၌ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ(၂၄)ရက်နေ့တွင် စစ်ဆေးရေးအရာရှိများက သုဝဏ္ဏဘူမိနိုင်ငံတကာလေဆိပ်တွင်စစ်ဆေးခဲ့ရာ ဗီယက်နမ်နိုင်ငံသား(၃)ဦး၏ ခရီးဆောင်အိတ်အတွင်းမှ စုစုပေါင်း ၇. ၄ ကီလိုဂရမ် အလေးချိန်ရှိသော ကြံ့ချို(၁၅)ခုကို ဖမ်းဆီးရမိခဲ့ပြီး တရားခံများအား ဖမ်းဆီးအရေးယူထားသည်။ ၎င်းကြံ့ချိုများသည် Angola နိုင်ငံ၊ Luanda မြို့မှ ဗီယက်နမ်နိုင်ငံ၊ Hnoi မြို့သို့သွားရောက်မည့် လမ်းကြောင်းအတိုင်း သွားရောက်စဉ် အီသီးယိုးပီးယားနိုင်ငံ၊ Addis Ababa မြို့မှတဆင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ သုဝဏ္ဏဘူမိ နိုင်ငံတကာလေဆိပ်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံမှ အာဏာပိုင်များက ခွင့်ပြုချက်မရှိပဲ တိရစ္ဆာန်အစိတ်အပိုင်းများ တရားမဝင်သယ်ဆောင်သူ (၃)ဦးကို တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးနှင့်ကာကွယ်ရေး၊ အကောက်ခွန်အက်ဥပဒေများဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျှက်ရှိသည်။



## ကျားသစ်သားရေ မှောင်ခိုသယ်ဆောင်လာသူ (၂)ဦးအား ဖမ်းဆီးရမိခြင်း

သတင်းပေးချက်အရ အိန္ဒိယနိုင်ငံ၊ Manda Naka ၌ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့တွင် ဆိုင်ကယ်(နံပါတ် JK 14A-8536)စီးနင်းလာသော လူနှစ်ယောက်အားစစ်ဆေးခဲ့ရာ ၎င်းတို့၏အိတ်အတွင်းတွင် တရားမဝင် မှောင်ခိုသယ်ဆောင်လာသော ကျားသစ်သားရေကိုတွေ့ရှိခဲ့သည်။

## ဘရာဇီးနိုင်ငံတွင် တရားမဝင်သစ်စက်များပိတ်သိမ်းခြင်းနှင့် သစ်တန်(၆၅၀၀) ကုဗမီတာဖမ်းဆီးရမိခြင်း

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ(၂၄)ရက်နေ့တွင် ဘရာဇီးနိုင်ငံ၌ Para နိုင်ငံ၏ အရှေ့မြောက်ဘက် Piriaရှိ သစ်စက်(၈)လုံးနှင့်အတူ (၆၅၀၀)ကုဗမီတာခန့်ကို ကုန်ကားအစီးရေ(၃၀၀)စီး ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးမှုကို Para (Semas)\ Environment and Sustainability Secretariat နှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။



# မီးမရှို့ဘဲသစ်တောစိုက်ခင်းတည်ထောင်ခြင်း (Zero Burning)

ဒေါက်တာညွန့်ခိုင်၊ ဦးစီးအရာရှိ သစ်တောသုတေသနဌာန

## အစီပွါယ်ဖွင့်ဆိုချက်

မီးမရှို့ဘဲ သစ်တောစိုက်ခင်းတည်ထောင်ခြင်းဆိုသည်မှာ သစ်အလွန်အကျွံ ထုတ်ယူသုံးစွဲပြီးသော သစ်တော အတန်းအစားကျဆင်းနေသည့် တောများ၊ ဒုတိယအကြိမ် ပြန်လည်ရှင်သန်ကြီးထွားလာသော တောများ၊ စိုက်ခင်းဟောင်း များနှင့် ဆီအုန်းစိုက်ခင်းဟောင်းများအား ခုတ်လှဲခြင်း၊ အပိုင်းအစငယ်များအဖြစ် ခုတ်စဉ်းခြင်း၊ စုပုံခြင်းနှင့် သဘာဝ အတိုင်းဆွေးမြေ့စေခြင်းတို့ဆောင်ရွက်သည့် (သစ်တော)စိုက်ခင်းတည်ထောင်ရန် မြေရှင်းလင်းခြင်းနည်းလမ်းတစ်ခု ဖြစ်ပါသည်။

မိရိုးဖလာ သစ်တောစိုက်ခင်းများတည်ထောင်ရာတွင် ယာခုတ်ခြင်း၊ နေလှန်းမီးရှို့ခြင်းနှင့် ကျွန်းခွေခြင်းလုပ်ငန်း များကို ကနဦးလုပ်ဆောင်ကြပြီး မီးလောင်အားကောင်းမှသာ အပင်ကြီးထွားနှုန်းကောင်းစေခြင်း၊ ပေါင်းပင်များနည်းပါး စေခြင်းနှင့် အမြစ်ကိုဖျက်စီးသည့် ပိုးမွှားလျော့နည်းစေခြင်းစသည့် အကျိုးကျေးဇူးများရရှိစေသည်ဟု ယုံကြည်ထား ကြပါသည်။ အပင်များခုတ်လှဲမီးရှို့ မြေရှင်းလင်း၍ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၏ အကျိုးအပြစ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။

ဇယား (၁) မီးရှို့၍ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၏ အကျိုးအပြစ်များ

| အကြောင်းအရာ | ရေတို | ရေရှည် |
|---|---|---|
| ကုန်ကျစရိတ် | (+) ကုန်ကျစရိတ်သက်သာခြင်း | (+) စိုက်ခင်းထိန်းသိမ်းစောင့်ရှောက် စရိတ်နည်းခြင်း<br>(+) အပင်ရှင်သန်ကြီးထွားမှုကောင်း စေခြင်း<br>(+) ရောဂါပိုးမွှားများကြောင့်အပင် သေကျေပျက်စီးမှုနည်းစေခြင်း |
| မြေဆီလွှာ | (+) အပင်များနှင့်ပဲမျိုးရင်းဝင်အပင် များစိုက်ပျိုးရန် လွယ်ကူခြင်း | (+) အပင်များခုတ်လှဲမီးရှို့ခြင်းဖြစ် သဖြင့်မြေဆီလွှာတိုက်စားခြင်း နှင့်စိမ့်ဝင်ခြင်းတို့ကြောင့် မြေဩဇာဆုံးရှုံးခြင်း |
| ပတ်ဝန်းကျင် | (-) လေထုညစ်ညမ်းခြင်း<br>(-) ရေထုညစ်ညမ်းခြင်း | (-) လေထုညစ်ညမ်းခြင်း<br>(-) ရေထုညစ်ညမ်းခြင်း |
| စိုက်ခင်းကာကွယ် ခြင်း | (+) ရောဂါပိုးမွှားကျရောက်မှုနည်းခြင်း<br>(+) အပင်များအကြား ရေ၊ မြေဩဇာနှင့်အလင်း ယှဉ်ပြိုင်မှုနည်းခြင်း<br>(+) မီးဘေးအန္တရာယ်နည်း ပါးစေခြင်း<br>(-) မြက်(သက်ငယ် *Imperata spp.*) ပေါက်ရောက်မှုကိုအားပေးခြင်း | |

ရင်းမြစ်။ ။ Simorangkir et al. 2002

သို့သော် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်နှင့် ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးသက်ရောက်မှုများကို လျော့ ချနိုင်ရန် ကြိုးပမ်းအားထုတ်မှု တစ် ရပ်အနေဖြင့် သစ်တောများမှကာဗွန် ထုတ်လွှတ်မှုလျော့ချရန် ကြိုးပမ်း လာကြပြီး မီးမရှို့ဘဲစိုက်ခင်းတည် ထောင်ခြင်းကို အားပေးလုပ်ဆောင် လာကြပါသည်။ မီးမရှို့ဘဲသစ်တော စိုက်ခင်းတည်ထောင်ခြင်း နည်း လမ်းကို ဘရူနိုင်းနိုင်ငံနှင့် မလေးရှား နိုင်ငံ (ASEAN 1999)တို့မှ အစပြု ခဲ့ပြီး အာဆီယံနိုင်ငံများတွင် မီးမရှို့ ဘဲ စိုက်ခင်းတည်ထောင်ခြင်း ဆိုင် ရာမူဝါဒကို ၁၉၉၈ ခုနှစ်၌ စတင် ပြဋ္ဌာန်းခဲ့သည်။ အလားတူပင် မီးမရှို့ဘဲ စိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာမူဝါဒကို ဘရူနိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှား နိုင်ငံများ၌ ၁၉၉၈ ခုနှစ်မှ စတင်ရေးဆွဲအကောင်အထည်ဖော် ကျင့်သုံးခဲ့ကြပါသည် (ASEAN 1999)။

မီးမရှို့ဘဲ စိုက်ခင်းတည်ထောင်ခြင်းသည် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်ပြီး ခုတ်လှဲထားသည့် ပင်စည်၊ သစ်ကိုင်းများကိုစုပုံထားခြင်းဖြင့် ဆွေးမြေ့ကျေပျက်ပြီး ဇီဝမြေဩဇာရရှိစေမည်ဖြစ်သည်။ သို့သော် ပင်စည်နှင့်သစ်ရွက်အကြွင်းအကျန်များသည် အမြစ်ကိုရောဂါဖြစ်ပွားစေသည့် မှိုပိုးတို့ ခိုလှုံရာဖြစ်သဖြင့် မီးမရှို့ဘဲ စိုက်ခင်းတည်ထောင်ခြင်းသည် ရောဂါပိုးမွှားကျရောက်မှုများခြင်း၊ အပင်၏အမြစ်ပိုင်းတွင် ရောဂါကျရောက်စေခြင်းကို ပိုမိုဖြစ်ပေါ်စေသည် (Flood et al. 2000)။ ဆူမတ်တြားကျွန်းရှိ မန်ဂျန်ရှားစိုက်ခင်းများ၏ အတွေ့အကြုံအရ မီးမရှို့ဘဲ တည်ထောင်ထားသည့် စိုက်ခင်းများ၌ အမြစ်ရောဂါကျရောက်ခြင်းကို အဆိုးရွားဆုံးကြုံတွေ့ရပြီး၊ သက်ငယ်စိုက်ခင်းရှိ အပင်ငယ်များတွင် ရောဂါဖြစ်ပွားနှုန်းနှင့်အပင် သေကျေပျက်စီးနှုန်းများကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများသည် မီးမရှို့ဘဲ စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းဆိုင်ရာ ပြည့်စုံသော လမ်းညွှန်ချက်များကို ၂၀၀၃ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။ အဆိုပါလမ်းညွှန်ချက်များသည် သစ်တောများမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းအတွက် ပထမအဆင့်ခြေလှမ်းဖြစ်သော်လည်းအကောင်အထည်ဖော် ဆောင်ရွက်မှုအပိုင်းတွင် အလွန်နည်းပါးကြောင်းတွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများသည် မီးမရှို့ဘဲ စိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ ပုဂ္ဂလိကစိုက်ခင်း တည်ထောင်သူများနှင့် ကုမ္ပဏီများ ပါဝင်ဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ သို့သော်လိုက်နာကျင့်သုံးမှုနည်းသဖြင့် မီးမရှို့ဘဲစိုက်ခင်းတည်ထောင်ခြင်းနည်းစနစ်ကို အသုံးမပြုသည့် အသေးစားစိုက်ခင်းတည်ထောင်သူများ၊ လယ်သမားများ၊ ရွှေ့ပြောင်းတောင်ယာသမားများအတွက် ထိန်းချုပ်မီးရှို့ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ဝေခဲ့သော်လည်း ကနဦးသရုပ်ပြလုပ်ဆောင်မှုများမှလွဲ၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်မှုမရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ၌ တွေ့ရှိခဲ့သည်။ ယခုအချိန်အထိ မီးရှို့၍စိုက်ခင်းတည်ထောင်ခြင်းသည် ဈေးအချိုဆုံးနှင့် အလွယ်ကူဆုံးသော စိုက်ခင်းမြေနေရာရှင်းလင်းခြင်းလုပ်ငန်းဖြစ်နေသေးကြောင်း တွေ့ရှိရသည် (Litta 2011)။

## မီးမရှို့ဘဲ စိုက်ခင်းတည်ထောင်ခြင်း၏ လုပ်ငန်းစဉ်များ

အာဆီယံနိုင်ငံများ၌ ၂၀၀၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် မီးမရှို့ဘဲ စိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များတွင် လုပ်ငန်းစဉ်၊ အားသာချက်နှင့် အားနည်းချက်များ ဖော်ပြထားပါသည်။

(က) ပေါင်းရှင်းလင်းခြင်း၊

(ခ) လမ်းဖောက်လုပ်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်း၊

(ဂ) အပင်များခုတ်လှဲခြင်း (ဈေးကွက်ဝင်သော အပင်များထုတ်ယူရောင်းချခြင်းနှင့် ငုတ်ထုတ်ခြင်း)၊

(ဃ) အပင်များကို ဖြတ်တောက်စုပုံခြင်း၊

(င) ပဲမျိုးရင်းဝင်အပင်များအား မြေဆီလွှာဖုံးအုပ်ကာကွယ်နှင့် မြေဩဇာကောင်းမွန်စေရန် အတွက် စိုက်ပျိုးခြင်း၊

## မီးမရှို့ဘဲစိုက်ခင်းတည်ထောင်ခြင်း၏ အားသာချက်များ

- လေထုညစ်ညမ်းမှုကိုမဖြစ်ပေါ်စေသည့်အတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သည့် နည်းလမ်းတစ်ခုဖြစ်သည်။
- မှန်လုံအိမ်ဓာတ်ငွေ့ (ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့)ထုတ်လွှတ်မှုကို လျှော့နည်းစေသည်။
- စိုက်ခင်းများ(သို့) သက်ပတ်တစ်ခုထက်ပို၍ စိုက်ခင်းတည်ထောင်ခဲ့ဖူးသော မြေများတွင် ဇီဝဒြပ်ထုဆွေးမြေ့ကျေပျက်ခြင်းမှ မြေဩဇာဖြစ်ပေါ်လာစေသည့် နည်းလမ်းဖြစ်သဖြင့် မြေဆီလွှာအတွင်း အော်ဂင်းနစ်ပစ္စည်းများ တိုးပွားများပြားလာစေခြင်း၊ မြေဆီလွှာအစိုဓာတ်ထိန်းခြင်းနှင့် မြေဩဇာကောင်းမွန်စေပါသည်။ ဤနည်းလမ်းကိုအသုံးပြုခြင်းဖြင့် စိုက်ခင်းအတွင်း ဓာတ်မြေဩဇာကျွေးရန် မလိုအပ်သောကြောင့် မြေဆီလွှာအတွင်း ဓာတ်မြေဩဇာစိမ့်ဝင်ခြင်းနှင့်အပေါ်ယံမျက်နှာပြင် ရေတိုက်စားခြင်းများမှ တစ်ဆင့်ရေအရင်းအမြစ်နှင့် မြေအောက်ရေ ညစ်ညမ်းမှုအန္တရာယ်ကို လျှော့နည်းစေသည်။
- သစ်ဆွေးမြေပုံအနီးတွင် သစ်ပင်များကိုစိုက်ပျိုးပေးခြင်းဖြင့် နိုက်ထရိုဂျင်၊ အခြားဓာတုပစ္စည်းများနှင့်ဓာတ်ပြုလွယ်သည့် အပင်စားသုံးရန်လွယ်ကူသော ပိုတက်ဆီယမ်၊ ကယ်လစီယမ်နှင့် မဂ္ဂနီဆီယမ်ဓာတ်များစွာ ရရှိစေမည်ဖြစ်သည် (Clay 2013)။ ဤဖြစ်စဉ်သည် ဖြည်းဖြည်းမှန်မှန်ဖြင့် ကြာမြင့်စွာဖြစ်ပေါ်နေမည် ဖြစ်ရာ အပင်များအတွက် လိုအပ်သောမြေဩဇာကိုလုံလောက်စွာ ရရှိစေမည်ဖြစ်သည်။
- အပင်များခုတ်လှဲ၊ ဖြတ်တောက်၊ စုပုံခြင်းလုပ်ငန်းများဆောင်ရွက်ပြီး(၂)လအကြာ၌ စိုက်ခင်းတည်ထောင်နိုင်ပါသည်။
- မီးမရှို့ဘဲ စိုက်ခင်းတည်ထောင်ခြင်းသည် မြေဆီလွှာအား အလျှင်အမြန် ဖုံးအုပ်ပေးနိုင်သဖြင့် မြေဆီလွှာတိုက်စားခြင်းကို လျှော့နည်းစေသည်။

**မီးမရှို့ဘဲ စိုက်ခင်းတည်ထောင်ခြင်း၏ အားနည်းချက်များ**

- မီးမရှို့ဘဲစိုက်ခင်းတည်ထောင်ခြင်း နည်းစနစ်ကို အသုံးမပြုမီ ကြိုတင်ကာကွယ်ထားခြင်းမရှိပါက ဆီအုန်းစိုက်ခင်းများ၌ ကြံ့ပိုးတောင်မာကောင် (Oryctes rhinocerous)များ၏ အန္တရာယ် နှင့် *Ganoderma boninense* ကြောင့်ဖြစ်သော ပင်ခြေပုပ်ရောဂါများကျရောက်ခြင်းကို ဖြစ်ပေါ် စေပါသည်။
- သစ်အလွန်အကျွံထုတ်ယူ သုံးစွဲထားသောတော များနှင့် သစ်ဆွေးမြေများတွင် မီးမရှို့ဘဲ တည် ထောင်ထားသည့် ဆီအုန်းစိုက်ခင်းများတွင် ခြ (Coptotermes curvinaathus)စားခြင်း ကြောင့်အပင်သေခြင်းနှင့် *Macrotermes gilvus* ကြောင့် အမြစ်ထိခိုက်ပျက်စီးခြင်းများ ကြုံတွေ့ရပါသည်။
- အပင်များခုတ်လှဲစုပုံထားခြင်းက ကြွက်များခို အောင်းပေါက်ပွားခြင်းကို အားပေးစေပါသည်။
- ယေဘုယျအားဖြင့် အပင်များစွာကျန်ရှိနေသေး သောမြေနေရာ၌ မီးမရှို့ဘဲစိုက်ခင်းတည်ထောင် ခြင်းသည် ခုတ်လှဲနေလှန်းမီးရှို့ပြီး တည်ထောင် သော စိုက်ခင်းထက်ကုန်ကျစရိတ် ပိုမိုကြောင်း တွေ့ရှိရသည်။
- အပင်များခုတ်လှဲခြင်းနှင့် မြေပြုပြင်ခြင်းတို့လုပ် ဆောင်ရန် စက်ယန္တယားကြီးများလိုအပ်ရာ အသေး စားပုဂ္ဂလိက စိုက်ခင်းလုပ်ငန်းရှင်များအတွက် အလွယ်တကူ လုပ်ဆောင်နိုင်မည် မဟုတ်ပေ။
- ခြောက်သွေ့သောရာသီ၌ ခုတ်လှဲစုပုံထားခြင်း ဖြစ်ပါက အလွန်ခြောက်သွေ့သွားခြင်းနှင့် မီးဘေး အန္တရာယ်ကို ဖြစ်ပေါ်စေပါသည်။
- မီးမရှို့ဘဲ စိုက်ခင်းတည်ထောင်ခြင်းသည် နည်း လမ်းအသစ်ဖြစ်သဖြင့် ပြောင်းလဲလုပ်ကိုင်ရန် ခက်ခဲနိုင်မည်ဖြစ်သည်။ နည်းစနစ်အသစ်ဖြစ် သည့်အတွက်စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင် တန်းများ ဖွင့်လှစ်ပို့ချသွားရန် လိုအပ်ပါသည်။

**သုံးသပ် အကြံပြုတင်ပြချက်**

သစ်တောစိုက်ခင်းများတည်ထောင်ရာ၌ မီးရှို့ခြင်း နည်းလမ်းကိုအသုံးပြုမည် သို့မဟုတ် မီးမရှို့ဘဲ စိုက်ပျိုးမည် စသည့်နည်းစနစ်(၂)မျိုးကို ရွေးချယ်ရာ၌ မြေဆီလွှာကောင်း မွန်မှုအခြေအနေ၊ အပင်ထူထပ်စွာပေါက်ရောက်မှု အနေအ ထား၊ ယာဉ်ယန္တရားနှင့်သင်တန်းပို့ချရန်လိုအပ်မှု၊ တောမီး စီမံခန့်ခွဲမှုဆိုင်ရာ ကုန်ကျစရိတ်များ၊ မှိုရောဂါအရင်းအမြစ် နှင့်ပျံ့နှံ့မှု၊ မှိုပိုးကြိုတင်ကာကွယ်ခြင်း နည်းလမ်းများနှင့် ထိန်းချုပ်စီမံခန့်ခွဲခြင်း အစရှိသည့်အကြောင်းအရာများကို ထည့်သွင်းစဉ်းစား၍ ရွေးချယ်ရမည်ဖြစ်ပါသည်။

မီးမရှို့ဘဲ မြေနေရာရှင်းလင်း စိုက်ခင်းတည်ထောင် ခြင်းသည် ဆီအုန်းအတွက် သင့်လျော်နိုင်မည်ဖြစ်သော် လည်း ဆီအုန်းထက် ခပ်စိပ်စိပ်စိုက်ပျိုးသော သစ်တော စိုက်ခင်းများတွင် လိုက်နာကျင့်သုံးရန်ခက်ခဲမည်ဖြစ်သည် -ဥပမာ-ဆီအုန်းစိုက်ခင်းတွင် တစ်ဟက်တာအတွင်း အပင် (၂၀၀)လောက်သာ စိုက်ပျိုးခြင်းဖြစ်သောကြောင့် ပင်စည် နှင့် ကိုင်းဖြတ်စများ၏ ဇီဝဒြပ်ထုစုပုံရန်နေရာ အလုံအ လောက်ရှိသော်လည်း သစ်တောစိုက်ခင်းတွင် စုပုံရန်နေရာ အခက်အခဲရှိနိုင်ပါသည်။

တွေ့ရှိချက်များအရ သစ်ပင်ကျဲပါးစွာ ပေါက်ရောက် သော သစ်တောပြုန်းတီးသည့်နေရာများ၊ သစ်အလွန်အကျွံ ထုတ်ယူသုံးစွဲထားသော သစ်တောအတန်းအစားကျဆင်း သည့်နေရာများတွင် မီးမရှို့ဘဲစိုက်ပျိုးပါက မီးရှို့စိုက် ပျိုးသည်ထက် ကုန်ကျစရိတ်နည်းစေမည်ဖြစ်ပြီး ရေရှည်၌ စီးပွားရေးတွက်ချေကိုက်စေမည်ဖြစ်သည် (Simorangkir 2007)။ သို့သော် အပင်များထူထပ်စွာ ပေါက်ရောက်လျက် ရှိသော တောများတွင်မူ အပင်များကို ခုတ်လှဲမီးရှို့ခြင်းက ကုန်ကျစရိတ်အနည်းဆုံးနှင့် အချိန်ကုန်သက်သာစေသည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။

**မီးမရှို့ဘဲ သစ်တောစိုက်ခင်းတည်ထောင်ခြင်း နည်းလမ်းကို စတင်ကျင့်သုံးခဲ့သည့် နိုင်ငံများ၌ပင် မူဝါဒများရေးဆွဲပြဋ္ဌာန်း၍ ဆောင်ရွက်ခဲ့သော်လည်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးမှု နည်းသည်ကို တွေ့ရှိရပါသည်။** ထို့ကြောင့် မီးမရှို့ဘဲ သစ်တောစိုက်ခင်း တည်ထောင်ခြင်းနည်းလမ်းကို စိုက်ခင်းကုမ္ပဏီကြီးများနှင့် သစ်ထုတ်လုပ်သည့်လုပ်ငန်းရှင်များအတွက်လည်းကောင်း ထိန်းချုပ်မီးရှို့ခြင်းကို အသေးစားစိုက်ခင်းလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးသူများ အတွက်လည်းကောင်း ရည်ရွယ်ချက်ထား လုပ်ဆောင်စေ သော်လည်း တရားဥပဒေ စိုးမိုးမှုနည်းခြင်း၊ ဒေသခံပြည် သူများ၏ အသက်မွေးဝမ်းကြောင်း အလုပ်များသည် မီးရှို့ခြင်းနှင့် များစွာဆက်စပ်နေခြင်း၊ မီးမရှို့ဘဲ စိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်များ ခြင်းနှင့် စက်ယန္တယားကြီးများ (ဘူဒိုဇာ၊ မြေကော်မြေညှိ စက်များ)လိုအပ်ချက်များခြင်း အစရှိသည်တို့ကြောင့် မူဝါဒ အကောင်အထည်ဖော်မှုအပိုင်းတွင် အားနည်းချက်များစွာ ရှိနေပါသည်။

မီးမရှို့ဘဲ စိုက်ခင်းတည်ထောင်ခြင်း နည်းလမ်းကို အင်ဒိုနီးရှားနိုင်ငံ တောမီးလောင်ခြင်းမှအစပြု၍ သစ် တောများမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရန်နှင့် မီးခိုးမြူ ပြဿနာဖြေရှင်းရန်အတွက် သစ်ဆွေးမြေများနှင့် အခြား

မြေများတွင် မီးရှို့ခြင်းအလေ့အကျင့်ကို လျှော့ချရန် ရည်ရွယ်ချက်ကောင်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း အီကွေတာဒေသဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံများသည် ခြောက်သွေ့ကာလမရှိဘဲ တစ်နှစ်ပတ်လုံး မိုးရွာသွန်းသည့် နိုင်ငံများဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခြောက်သွေ့ကာလရှိခြင်းနှင့် အထက်ဖော်ပြပါ နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မိုးရေချိန်ရရှိမှုနည်းခြင်းတို့ကြောင့် အပင်များ၏ဇီဝလောင်စာများ စုပုံထားခြင်းဖြင့် မီးဘေးအန္တရာယ်ကြုံတွေ့ရနိုင်သည့် အလားအလာများခြင်းနှင့် ခြောက်သွေ့ကာလများတွင် ဇီဝဒြပ်ထုဆွေးမြေ့ကျေပျက်ခြင်း ဖြစ်စဉ်နှောင့်နှေးစေသဖြင့် မြေဩဇာအလုံအလောက် မထောက်ပံ့နိုင်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ သို့ဖြစ်ပါ၍ သစ်တောစိုက်ခင်းများတည်ထောင်ရာ၌ မီးရှို့ခြင်းနည်းလမ်းကို အသုံးပြုမည် (သို့မဟုတ်)မီးမရှို့ဘဲစိုက်ပျိုးမည်ကို စဉ်းစားဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ကျမ်းကိုး**


ASEAN 1999. Annual report of ASEAN

ASEAN 2003. Guidelines for the mplementation of the ASEAN Policy on Zero Burning

Clay, J., 2013. World Agriculture and the Environ ment: A Commodity-By-Commod-ity Guide To impacts and practices. Island Press, Washington, United Kingdom.

Flood, J., Bridge, P.D., Holderness, M., 2000. Ganoderma Diseases of Perennial Crops

Litta, H., 2011. Regimes in Southeast Asia: An Analysis of Environmental Cooperation

Simorangkir, D., Moore, P., Haase, N., and Ng, G., 2002. Land clearing on degraded lands for plantation development. A workshop report on economics of fire use in agri culture and forest plantations, Kuching, 24-25 october 2002.

Simorangkir, D., 2007. Fire use: Is it really the cheaper land preparation method for large-scale plantations? Mitigation and Adaptation Strategies for Global Change, 12(1), 147-164.


# သစ်ပင်

## အကြောင်းအရာ အချက်အလက်



ပြုစုသူ-ဒေါက်တာသိန်းအောင်

၁။ သစ်ပင်တစ်ပင်သည် ကာဗွန်ဒိုင်အောက်ဆိုဒ် တစ်နှစ်လျှင် (၄၈)ပေါင်နှုန်းဖြင့် စုပ်ယူပြီး၊ လူနှစ်ဦးအတွက် လုံလောက်သော အောက်ဆီဂျင်ကို ထုတ်ပေးနိုင်သည်။

၂။ သစ်ပင်များသည် သစ်ရွက်မျက်နှာပြင်ရှိ စတိုမာအပေါက်ငယ်များမှ ညစ်ညမ်းစေသည့်အရာများကို စုပ်ယူခြင်းဖြင့် သဘာဝညစ်ညမ်းမှုကို ကာကွယ်ပေးသည်။

၃။ သစ်ပင်များမှထုတ်ပေးလိုက်သည့် ရေငွေ့နှင့်အရိပ်သည် အပူချိန်ကိုလျှော့ကျစေသည်။

၄။ သစ်ပင်များသည် အပူလျှော့ကျမှုကိုလျှော့နည်းစေသည်။ သစ်ပင်များသည် အပူဓါတ်ကို ထိန်းသိမ်းပေးခြင်းဖြင့် သစ်ပင်မရှိသည့် ပတ်ဝန်းကျင်ထက် အနွေးဓာတ် ၆–၁၉ ဒီဂရီဖာရင်ဟိုက် ပိုမိုစေသည်။

၅။ သစ်ပင်များသည် မြေကြီးရေတိုက်စားမှု လျှော့ကျစေသည်။

၆။ တစ်ဧကသစ်ပင်များသည် တစ်နှစ်ကျော် လုံလောက်သောစုပ်ယူသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်သည် မော်တော်ယာဉ်တစ်စီး ခရီးမိုင်(၂၆၀၀၀) မောင်းနှင်ထုတ်လွှတ်လိုက်သည့်ပမာဏနှင့်ညီသည်။

၇။ သစ်ပင်များသည် အစာရိက္ခာဖြည့်ဆည်းပေးသည်။ တောရိုင်းတိရစ္ဆာန်များအား ကျက်စားနေထိုင်ရာ နေရာလည်း ဖြည့်ဆည်းပေးသည်။

၈။ သစ်ပင်များစိုက်ခြင်းသည် ဈေးအသက်သာဆုံးနှင့်လေထုထဲမှ လွှန်ကဲနေသော ကာဗွန်ဒိုင်အောက်ဆိုဒ်လျှော့စေသည့် အထိရောက်ဆုံးသော နည်းလမ်းဖြစ်သည်။

၉။ သစ်ပင်များသည် မြေအောက်ရေ ဖြည့်ဆည်းပေးပြီး စမ်းရေစီးဆင်းမှု ထာဝစဉ်စီးဆင်းစေသည်။

၁၀။ကြီးမားသောသစ်တစ်ပင်အား နည်းစနစ်မှန်ကန်စွာ ခြံဝင်းထဲ စိုက်ပျိုးခြင်းသည် အခန်း(၁၀)ခန်း လေအေးစက် တစ်ရက် နာရီ(၂၀) လည်ပတ်သည့် ဝန်ဆောင်မှုအား အစားထိုးပေးနိုင်သည်။





# ဂေဟစနစ် Ecosystem

ပြုစုသူ-ဒေါက်တာသိန်းအောင်

ဂေဟစနစ်ဆိုသည်မှာ ကမ္ဘာကြီး၏ ပတ်ဝန်းကျင်အတွင်း သက်ရှိ၊ သက်ရှိနှင့်သက်မဲ့၊ သက်မဲ့အချင်းချင်း ချိတ်ဆက်ကာ အပြန်အလှန်အကျိုးပြုသည့်စနစ်ဖြစ်သည်။

အင်းဆက်များ ဝတ်ရည်စုပ်ယူခြင်း၊ ဝတ်မှုန်ကူးခြင်း(Pollination)၊ လိပ်ပြာ၊ ပျား၊ ပိတုန်းစသည့် အင်းဆက်တို့သည် ပန်းဝတ်ရည်ကို သောက်သုံးပြီး ဝတ်မှုန်ကူးခြင်းဖြင့် ဂေဟစနစ်ဝန်ဆောင်မှု(Ecological Service) အကျိုးပြုသည်။ နို့တိုက်သတ္တဝါ၊ လိပ်တို့သည် သစ်သီးများ စားပြီး မစင်စွန့်ကာ အစေ့ပျံ့ပွားခြင်း ဂေဟစနစ်ဝန်ဆောင်မှု (Ecological Service)အကျိုးပြုပါသည်။

သစ်ပင်တို့သည် အသက်ရှင်ကြီးထွားရန် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်စုပ်ယူကာ နေရောင်ခြည်နှင့် ရေကိုအသုံးချကာ အစာချက်လုပ်ပြီး၊ လေထုထဲ အောက်ဆီဂျင် ထုတ်လွှတ်သည့် ဂေဟစနစ်ဝန်ဆောင်မှု (Ecological Service)အကျိုးပြုသည်။ လူအပါအဝင် အဆုတ်ရှိသတ္တဝါအားလုံးသည် အသက်ရှင်သန်ရေးအတွက် လေထုထဲမှ အောက်ဆီဂျင်ကို ရှူသွင်းပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ထုတ်လွှတ်သည်။



ပျား၊ လိပ်ပြာဝတ်မှုန်ကူးခြင်း ဂေဟစနစ်



ငှက်ဝတ်မှုန်ကူး ဂေဟစနစ်



အသီးစားငှက်တို့၏ အစေ့ပျံ့ပွားစေခြင်း ဂေဟစနစ်



သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစိတ် ဂေဟစနစ်



စိမ့်စမ်းရေထွက် ရေတံခွန်စိမ့်စမ်း ဂေဟစနစ်

သစ်ပင်နှင့်သတ္တဝါတို့သည် အချင်းချင်း အပြန်အလှန် အကျိုးပြုကာ အသက်ရှိနေကြသည်။ သဘာဝပတ်ဝန်းကျင်အတွင်း ဇီဝမျိုးစုံမျိုးကွဲအားလုံးတို့သည် ဂေဟစနစ် ဟန်ချက်ညီ(Ecological balance)စွာဖြင့် ရေရှည်တည်တံ့စွာ နေထိုင်ကြသည်။




**လူ၊ သက်ရှိနှင့်သစ်ပင် အောက်ဆီဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဖလှယ်သည့် ဂေဟစနစ်**

သဘာဝဂေဟစနစ် တိုးတက်ကောင်းမွန်မှုသာ ကမ္ဘာကြီး၏ သက်ရှိလောက ရေရှည်တည်တံ့နိုင်မည်။ သဘာဝဂေဟစနစ် တိုးတက်ကောင်းမွန်ရန် ဇီဝမျိုးစုံမျိုးကွဲစုံလင်ပေါ်များပြီး ၎င်းတို့၏ သဘာဝဂေဟဆိုင်ရာဝန်ဆောင်မှုဟန်ချက်ညီရန် အရေးကြီးသည်။




**ဂေဟစနစ်အမျိုးမျိုး**

မြက်ခင်းလွင်ပြင် ဂေဟစနစ်
တောင်ပေါ် ဂေဟစနစ်
သစ်တော ဂေဟစနစ်
ရေချို ဂေဟစနစ်
ရေငန် ဂေဟစနစ်

**ဂေဟစနစ် ဝန်ဆောင်မှု**(Ecological Service)

သစ်ပင်တို့၏ဂေဟစနစ်ဝန်ဆောင်မှု

- လေထုထဲအောက်ဆီဂျင်ထုတ်ပေးခြင်း၊
- လေထုထဲ ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူသိမ်းဆည်းခြင်း၊
- ပတ်ဝန်းကျင်အပူချိန်လျော့အောင် အရိပ်အာဝါသ ပေးခြင်း၊
- မြေကြီးအစိုဓါတ်ထိန်းသိမ်းပေးခြင်း၊
- လေထဲမှ ဖုန်များစစ်ခြင်းဖြင့် လေထုသန့်စင်စေခြင်း၊
- ပတ်ဝန်းကျင်ဆူညံသံများ လျော့ကျစေခြင်း၊
- မြေကြီးရေတိုက်စားမှုကာကွယ်ပေးခြင်း၊
- စိမ်းလန်းစိုပြည်သည့်မြင်ကွင်း ပသာဒပေးခြင်း၊
- အစာရိက္ခာထောက်ပံ့ပေးခြင်း၊
- ဆေးဝါးထောက်ပံ့ပေးခြင်း၊
- ဇီဝမျိုးစုံမျိုးကွဲများရှင်သန်ရေးအတွက် နေအိမ်သဖွယ် ထောက်ပံ့ပေးခြင်း၊

**ဂေဟ ခရီးသွားလုပ်ငန်း**(Ecotourism)

ဂေဟ ခရီးသွားလုပ်ငန်းသည် ပျက်လွယ်သော၊ အသစ်အတိုင်းဖြစ်သော၊ ဝင်ရောက်နှောင့်ယှက်မှုမရှိသော သဘာဝနယ်မြေအတွင်း ခရီးသွားခြင်းအပါအဝင်၊ ထိခိုက်မှု နည်းစေရန်ရည်ရွယ်ကာ အသေးစားလုပ်ငန်းမှ စံချိန်မီစီးပွားဖြစ်လုပ်ငန်းထိ ဆောင်ရွက်သည့် ခရီးသွားလုပ်ငန်းဖြစ်သည်။ (သဘာဝအခြေခံခရီးသွားဟု လည်း ခေါ်သည်။)

**တောရိုင်းတိရစ္ဆာန် ခရီးသွားလုပ်ငန်း**(Wildlife Tourism)

တောရိုင်းတိရစ္ဆာန် ခရီးသွားလုပ်ငန်းသည် တိရစ္ဆာန်များကို ၎င်းတို့၏သဘာဝစားကျက်ဒေသများတွင် ထုံးစံအတိုင်း နေထိုင်သည့်ပုံစံကို လေ့လာခံစားသည့် ဂေဟစနစ်နှင့် တိရစ္ဆာန်မိတ်ဖက်အကျိုးပြု ခရီးသွားလုပ်ငန်းဖြစ်သည်။

သဘာဝအခြေခံခရီးသွား(ဂေဟခရီးသွား) လုပ်ငန်းသည် ထိန်းသိမ်းထားသည့် ပတ်ဝန်းကျင်သို့ တာဝန်သိခရီးသွားခြင်းနှင့် ဒေသခံပြည်သူများ၏ သုခကိုတိုးတက်ကောင်းမွန်စေခြင်းဖြစ်သည်။ ဂေဟခရီးသွားလုပ်ငန်းမှ ရလာသည့်ငွေသည် ထိခိုက်သွားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပြန်လည်အသုံးချစေသည်။

**ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း** (Sustainable Tourism)

ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းသည် ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုကိုထိခိုက်မှုနည်းစေရန် တာဝန်ယူဆောင်ရွက်ပြီး ကျေးရွာအစုအဖွဲ့အတွက် အလုပ်အကိုင်ဖြစ်ပေါ်အောင်ကူညီပေးသည်။ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်း၏ သေချာသည့်အချက်မှာ ဒေသခံပြည်သူများ၊ ခရီး သွားကုမ္ပဏီများနှင့် ခရီးသွားများ ကိုယ်တိုင်သည် အကောင်းဘက်မြင်သည့် အတွေ့အကြုံများ ဖွံ့ဖြိုးတိုးတက်မှုသေချာစေသည်။

**ဇီဝမျိုးစုံ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့။**




ဒေါ်မြမြနှင်း ၊ သုတေသနလက်ထောက်-၂

မြန်မာနိုင်ငံ၊ မြောက်ဖျားပိုင်းရှိ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်အတွင်းတည်ရှိသော ဖုန်ကန်ရာဇီ တောင် အပါအဝင်ဧရိယာ (၁၀၄၄)စတုရန်းမိုင် ကျယ်ဝန်းသည့် သဘာဝဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းစောင့် ရှောက်ရန် ဖုန်ကန်ရာဇီ ဘေးမဲ့တောကို ၁. ၁၂. ၂၀၀၃ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့ကြပါသည်။

ဖုန်ကန်ရာဇီ ဘေးမဲ့တောသည် ဟိမဝန္တာတောင် တန်းကြီးနှင့် ဆက်စပ်တည်ရှိနေသောကြောင့် သဘာဝ ပတ်ဝန်းကျင်အနေအထားနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထူးခြား စွာပေါက်ရောက်ရှင်သန်လျက်ရှိပါသည်။ ယင်းဖုန်ကန် ရာဇီဘေးမဲ့တောအတွင်း ပေါက်ရောက်ရှင်သန်လျက်ရှိသော အပင်ဇီဝမျိုးစုံမျိုးကွဲများကို သွားရောက်လေ့လာ သုတေသန ပြုဆောင်ရွက်ရန်အတွက် အမေရိကန်နိုင်ငံ၊ နယူးယောက် ရုက္ခဗေဒဥယျာဉ် The New York Botanical Garden (NYBG) မှ Dr. Kate Armstrong ဦးဆောင်သော အပင် သုတေသနပညာရှင်(၃)ဦး၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံပန်း ဝါသနာရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါက်တာ သက်ယုနွယ်တို့နှင့်အတူ မိမိသည် ဆက်သွယ်ရေးအရာရှိ အဖြစ်လိုက်ပါဆောင်ရွက်ခွင့် ရရှိခဲ့ပါသည်။

ပထမဦးစွာ မိမိတို့အဖွဲ့သည် မန္တလေးမြို့မှ ပူတာအိုမြို့သို့ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် (၄)နာရီကြာမျှ စီးနင်းလိုက်ပါခဲ့ပြီး ပူတာအိုမြို့သို့ရောက်ရှိ ခဲ့ကြပါသည်။ ထို့နောက်တွင် ဖုန်ကန်ရာဇီဘေးမဲ့တော အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံကာ ခရီးစဉ်နှင့်ပတ်သက်သည့် အကြောင်းအရာများအား ဆွေးနွေးတိုင်ပင်ကာ လိုအပ်သည့် ပြင်ဆင်မှုများကိုပြုလုပ်ခဲ့ကြပါသည်။

နောက်တစ်နေ့တွင် ဖုန်ကန်ရာဇီတောင်သို့ တက် ရောက်ရန်အတွက် ပူတာအိုမြို့မှ အထက်ရှန်ဂေါင်ထိ (၁၂)မိုင်ခန့်ခရီးကိုမော်တော်ကားဖြင့် အချိန်(၁)နာရီခွဲခန့် စီးခဲ့ရပါသည်။ ထိုမှတဖန် ပါတိတ်တောင်ပေါ်သို့(၉)မိုင်ခန့် ခရီးကိုမိမိတို့အဖွဲ့သည် ဒေသခံပြည်သူအယောက်(၅၀)ခန့် နှင့်အတူခြေလျင်ခရီးဖြင့်တက်ရောက်ခဲ့ရင်း ပါတိတ်တောင် ပေါ်တက်ရာ လမ်းဘေးဝဲယာတစ်လျှောက် ပေါက်ရောက် ရှင်သန်လျက်ရှိသော အပင်မျိုးစိတ်များအား ကောက်ယူမျိုးခွဲ စုဆောင်းမှတ်တမ်းတင်ခြင်း လုပ်ငန်းများအား လုပ်ဆောင်ပြီး ယင်းပါတိတ်တောင်ပေါ်တွင်ပင် ညအိပ်ရပ် နားခဲ့ကြပါသည်။ မိမိအနေဖြင့် သုံးသပ်ရလျှင် ဤမျှမတ်စောက်လှသော ပါတိတ်တောင်ပေါ်သို့ တက်ရောက်မည်ဆိုပါက ကျန်းမာ ရေးကောင်းမွန်စွာဖြင့် သက်လုံကောင်းပြီး ဇွဲရှိရန်အလွန်ပင် အရေးကြီးလှပါသည်။

နောက်တစ်နေ့နံနက်တွင် မိမိတို့အဖွဲ့သည် ပါတိတ် တောင်မှ (၆)မိုင်ခန့်ကွာဝေးသော ဝါဆာဒမ်းကျေးရွာသို့ ခရီး ဆက်လက်ထွက်ခွာလာရင်း လမ်းဘေးဝဲယာ တစ် လျှောက် ပေါက်ရောက်ရှင်သန်နေသော ကွဲပြားခြားနား သည့် အပင်မျိုး စိတ်နမူနာများအား ကောက်ယူစုဆောင်း မှတ်တမ်းတင်ခြင်း လုပ်ငန်းများကိုဆောင်ရွက်ပြီး ထိုရွာ၌ပင် ညအိပ်ရပ်နား ခဲ့ကြပါသည်။ ထို့နောက် ဝါဆာဒမ်းမှ ဇီယာဒမ်း၊ အဝပ်ဒမ်း (၁)(၂)၊ ခါးလန်အစရှိသည့် ကျေးရွာများသို့ ရွာချင်းဆက် လမ်းများဖြင့် ခရီးဆက်လက်ထွက်ခွာလာရင်း ဖြတ်သန်းလာခဲ့ သော ကျေးရွာများမှဒေသခံတိုင်းရင်းသားတို့၏ ယဉ်ကျေး ပျူငှါသောလူနေမှု အကျင့်စရိုက်များနှင့် ချစ်စရာရိုးရာ ဓလေ့များကိုလည်း တွေ့ရှိခဲ့ရပါသေးသည်။ ဤဒေသတွင် နေထိုင်သောလူမျိုးအများစုမှာ ရဝမ်နှင့်လီစူးလူမျိုးများ ဖြစ်ကြပါသည်။

ဆက်လက်၍ ဇီယာဒမ်းကျေးရွာမှအောက် သစ်ပင် ကြီးသို့ (၉)မိုင်ခန့်ကွာဝေးသောခရီးတွင် (၅)မိုင်ခန့်သည် မြေပြန့် ခရီးဖြစ်ပြီး(၄)မိုင်ခန့်ခရီးသည် အလွန်မတ်စောက် လှသော တောင်ကုန်းတောင်တန်းများဖြစ်သောကြောင့် မိမိတို့အဖွဲ့ သည် အပင်မျိုးစိတ်များအား စုဆောင်းကောက်ယူ မှတ် တမ်းတင်ရင်း သာယာလှသည့် ကျေးငှက်တို့၏ အသံများ၊ အလွန်လှပသော ရေမြေတောတောင် သဘာဝရှုခင်းများ နှင့် လေကောင်းလေသန့်များအား ရှူရှိုက်ကာ ခရီးဆက် ခဲ့ကြပါတော့သည်။ အောက်သစ်ပင်ကြီးမှ ခမ်းတောက်မြစ် စခန်း၊ ရေခဲစပ် (မင်းသားကြီး)စခန်းတို့ကို ကျော်ဖြတ်ကာ အမြင့်ပေ(၃၆၀၆)မီတာခန့်ရှိသော ဖုန်ကန်ရာဇီတောင် ထိပ်ပေါ်သို့ ရောက်ရှိခဲ့ကြပါတော့သည်။

စတင်ထွက်ခွာခဲ့သည့် ပူတာအိုမြို့မှ ဖုန်ကန်ရာဇီ တောင်ထိပ်သို့ သွားရာလမ်းတစ်လျှောက်တွင် ဖြတ်သန်းခဲ့သောကျေးရွာများနှင့် တောအတွင်းနေရာများတွင် မိမိတို့အဖွဲ့သည် အလျဉ်းသင့်သလိုပင် မိမိတို့နှင့်အတူ အသင့်ယူဆောင်လာသောမိုးကာစများ၊ မိုးကာတဲများဖြင့် ယာယီတဲစခန်းများဆောက်လုပ်ကာ ချက်ပြုတ်စားသောက်ခဲ့ရသည်မှာလည်း အောက်မေ့ဖွယ်ရာသဘာဝ အရသာတစ်ခု ဖြစ်ခဲ့ရပါသည်။ မိမိတို့အဖွဲ့ ဤဖုန်ကန်ရာဇီတောင်ထိပ်ပေါ်သို့ သွားရောက်၍ အပင်မျိုးစိတ်များအား မျိုးခွဲခြားစစ်ဆေးပြီး မှတ်တမ်းကောက်ယူခဲ့သည့်အချိန်တွင် ရေခဲများကျရောက်သောအချိန်မဟုတ်သဖြင့် တောင်ထိပ်ထိရောက်အောင် တက်နိုင်ခဲ့သော်လည်း ပုံမှန်အားဖြင့် နှစ်စဉ် ဒီဇင်ဘာလမှ မတ်လအထိရေခဲများဖြင့် ဖုံးနေသောအချိန်တွင်တော့ တောင်ထိပ်သို့ရောက်ရှိနိုင်ရန် လွယ်ကူမည်မဟုတ်ပေ။

ဤဖုန်ကန်ရာဇီဘေးမဲ့တောအတွင်း တောင်ပေါ်ထင်းရှူးတောများ၊ အမြဲစိမ်းတောများ၊ မြက်ခင်းတောများ၊ တောင်ဇလပ်တောများ၊ အပူလျော့ပိုင်းမြေနိမ့်တောများ ပေါက်ရောက်ရှင်သန်မှုရှိသည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။

ယင်းသဘာဝတောများအတွင်း ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေအလိုက် အပင်မျိုးစိတ်များ (အပင်ကြီး၊ အပင်ငယ်၊ ချုံပင်၊ သစ်ပျော့ပင်၊ နွယ်ပင်)စသည်ဖြင့် အသေးစိတ်စာရင်းကောက်ယူ မှတ်တမ်းတင်ခဲ့သော အပင်မျိုးစိတ်များအား အရေအတွက်ဖြင့် ဖော်ပြရမည်ဆိုပါက Fagaceae ၊ Lauraceae ၊ Asteraceae ၊ Lamiaceae၊ Fabaceae ၊ Orchidaceae ၊ Graminae ၊ Rubiaceae၊ Verbenaceae ၊ Dipterocarpaceae ၊ Ulmaceae ၊ Zingiberaceae၊ Araceae၊ Menispermaceae ၊ Begoniaceae ၊ Palmae ၊ Flacourtiaceae အစရှိသည့် မျိုးရင်းများပါဝင်သော ပန်းပုံစံအချပ်ရေပေါင်း (၁၅၆၅)ချပ်ကိုစာရင်းကောက်ယူ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ဤမျှမကသေးဘဲ ဖုန်ကန်ရာဇီဘေးမဲ့တောသည် ဟိမဝန္တာတောင်တန်းများနှင့် ဆက်စပ်လျက်ရှိပြီး မြန်မာပြည်မြောက်ဖျား ဆီးနှင်းများ ဖုံးလွှမ်းနေသည့် ဧရာဝတီမြစ်၏ အဓိကအရေးကြီးသော ရေဝေဧရိယာဖြစ်ခြင်း၊ သဘာဝအနေအထားကောင်းမွန်ပြီး ဇီဝမျိုးများစုံလင်ခြင်း၊ မချစ်ဥ၊ ဂူရှား၊ အဆိပ်ဥ၊ ခန်းတောက်နှင့် ရှီးပတီး အစရှိသည့် အဖိုးတန်ဆေးဖက်ဝင်အပင်များ ပေါက်ရောက်ခြင်း၊ မြန်မာ့ဒေသရင်း မျိုးစိတ်ဖြစ်သော သစ်ခွနက်နှင့် ရှားပါးသစ်ခွမျိုးစိတ်များ ပေါက်ရောက်သော နေရာဒေသတစ်ခုလည်းဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံအတွင်း ဤကဲ့သို့ တန်ဖိုးမဖြတ်နိုင်သော အပင်မျိုးစိတ်များ ပေါက်ရောက်ရာ ဖုန်ကန်ရာဇီတောင်ကဲ့သို့သော အလွန်လှပသာယာသော တောင်တန်းဒေသများရှိ သဘာဝဝန်းကျင် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းကာကွယ်ရန်မှာ အလွန်ပင်အရေးကြီးလှပါသည်။

ထို့ပြင် မိမိတို့သုတေသီများအနေဖြင့် ဂျပန်နိုင်ငံ၊ မာကီနိုရုက္ခဗေဒဥယျာဉ်၊ အမေရိကန်နိုင်ငံ၊ နယူးယောက်ရုက္ခဗေဒဥယျာဉ်၊ တရုတ်သိပ္ပံအကယ်ဒမီ ရုက္ခဗေဒဌာန အစရှိသော နိုင်ငံတကာ အဖွဲ့အစည်းများ၏ အပင်မျိုးစိတ်ပညာရှင်များနှင့်ပူးပေါင်းကာ အပင်မျိုးခွဲခြား စစ်ဆေးခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများအား လေ့လာဆည်းပူးသင်ကြားနိုင်ခြင်းနှင့် မိမိတို့နိုင်ငံအတွင်း မတူညီသောနေရာဒေသများ၏ ရာသီအလိုက် ပေါက်ရောက်ရှင်သန်လျက်ရှိသည့် အပင်မျိုးစိတ်များကိုလည်း လေ့လာသုတေသနပြုနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤကဲ့သို့အလွန်လှပသာယာပြီး ဇီဝမျိုးစုံမျိုးကွဲများစွာပေါက်ရောက်ရာ ဖုန်ကန်ရာဇီ တောင်သို့ ပူးပေါင်းလိုက်ပါဆောင်ရွက်ခွင့်ပေးပါသော သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်အားလည်းကောင်း၊ သစ်တောသုတေသနဌာနမှ ညွှန်ကြားရေးမှူးအားလည်းကောင်း၊ လိုအပ်သည်များကို သင်ကြားပြသပေးပါသော ဦးအောင်ဇော်မိုး(သုတေသနအရာရှိ)အားလည်းကောင်း၊ ခရီးစဉ်အတွင်း လုံခြုံစိတ်ချမှုရှိစေရန် ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော ကချင်ပြည်နယ်၊ ပူတာအိုခရိုင်မှ အုပ်ချုပ်ရေးမှူးနှင့် သစ်တောဝန်ထမ်းများအားလည်းကောင်း၊ အထက်ရှန်ဂေါင်မှ ဒေသခံပြည်သူများအားလည်းကောင်း၊ အပင်မျိုးစိတ်များအား စုဆောင်းကောက်ယူမှတ်တမ်းတင်သော ခရီးစဉ်တစ်လျှောက် စေတနာထားသင်ကြားပြသပေးခဲ့ပါသော အမေရိကန်နိုင်ငံ၊ နယူးယောက် ရုက္ခဗေဒဥယျာဉ်မှ Dr. Kate Armstrong ဦးဆောင်သော အပင်သုတေသနပညာရှင်များအားလည်းကောင်း၊ မိမိအားညီမရင်းသဖွယ် စောင့်ရှောက်ဖေးမခဲ့ပါသော ရန်ကုန်မြို့၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါက်တာသက်ယုနွယ်အားလည်းကောင်း၊ ဂါရဝပြုရင်း နောင်တစ်ချိန်တွင် ဤကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများမှ အပင်မျိုးခွဲပညာရှင်များနှင့် မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသအသီးသီးသို့ လိုက်ပါပူးပေါင်းပါဝင် လေ့လာဆောင်ရွက်ခွင့်ရမည်ဆိုပါကလည်း သစ်တောသုတေသနဌာနတွင် တာဝန်ထမ်းဆောင်နေကြသော သုတေသီများအနေဖြင့် မိမိတို့လေ့လာသင်ကြားခွင့်ရခဲ့သည့် အပင်မျိုးခွဲပညာရပ်များအား အခြေခံ၍ နောင်အနာဂတ်တွင် မိမိ နိုင်ငံနှင့်သုတေသနဌာနကြီးအတွက် မိမိတို့ကိုယ်တိုင် အပင်မျိုးစိတ်များအား စုဆောင်းကောက်ယူ မှတ်တမ်းတင်နိုင်ခြင်းဖြင့် မျိုးစိတ်အသစ်(New species, New records)များအား လေ့လာဖော်ထုတ်လာနိုင်ခြင်း၊ ရှားပါးလာသောမျိုးစိတ်များနှင့်မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျိုးစိတ်များအား ဖော်ထုတ်ထိန်းသိမ်း ကာကွယ်လာနိုင်ခြင်း၊ မြန်မာနိုင်ငံအတွက်ထုတ်ဝေမည့် အဓိကကျသော Flora of Myanmar စာအုပ်အတွက် များစွာအထောက်အကူ ပြုလာနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတော့သည်။

# မြန်မာ့တင်းဝါးမှ ထွက်ရှိသော ဆောင်းနံနက်ခင်းစားစရာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်တွင် မိမိတို့၏မိရိုးဖလာ ဓလေ့စရိုက်များနှင့် ကြိုက်နှစ်သက်ဖွယ် နံနက်စောစော စားသောက်ရန်အတွက် ရာသီအလိုက် စီမံပြုလုပ်လေ့ရှိသော စားသောက်ဖွယ်ရာများရှိခဲ့ပါသည်။ အဆိုပါ စားစရာကို သရေစာဟုခေါ်လေ့ရှိပြီး နေ့စဉ်နံနက်တိုင်း တစ်နေ့တစ်မျိုးမရိုးရအောင် စီမံဆောင်ရွက်စားသောက်ကြသည့် ချစ်စရာဓလေ့ထုံးစံများ တည်ရှိခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ကြိုးဝိုင်း/ကြိုးပြင်တောများအတွင်း ဒေသအလျောက် ဝါးမျိုးပေါင်းများစွာ ပေါက်ရောက်လျက်ရှိပါသည်။ စာရေးသူတို့ မကွေးတိုင်း၊ သရက်ခရိုင်သစ်တောနယ်အတွင်း မျှင်ဝါး၊ ကရင်ဝါး၊ ထီးရိုးဝါး၊ သနပ်ဝါး၊ ဝါးပိုးဝါး၊ ကြသောင်းဝါး၊ ဝါးကျစ်နှင့် တင်းဝါးစသည်ဖြင့် ဝါးမျိုးစုံပေါက်ရောက်လျက်ရှိပြီး ဒေသခံကျေးရွာနေ ပြည်သူများနှင့် မြို့ပေါ် နေပြည်သူများမှ ဝါးအမျိုးအစားအလိုက် လူ့အသုံးအဆောင် ပစ္စည်းများဖြစ်သည့် နှီးချော၊ နှီးကြမ်း၊ သက္ကယ်၊ ဖျာချော၊ ဖျာကြမ်း၊ ခြင်း၊ တောင်း၊ ပလုံးစသည်တို့ကို မျှင်ဝါးမှလည်းကောင်း၊ အိမ်တိုင်/တဲတိုင်အဖြစ် ဝါးပိုးဝါး၊ ကြသောင်းဝါးတို့ကိုလည်းကောင်း၊ နှင်တံ၊ တောင်ဝှေး၊ ခြံစည်းရိုးတန်းတို့ကို ဝါးကျစ်များမှလည်းကောင်း၊ အကာအဖြစ် ထရံရက်ခြင်းကို သနပ်ဝါးမှလည်းကောင်း၊ ဝါးလုံးချောသုံးရာတွင် ထီးရိုးဝါး၊ သိုက်ဝါး၊ ကရင်ဝါးတို့ကိုလည်းကောင်း နေ့စဉ်ပြုလုပ်ဆောင်ရွက် သုံးစွဲလျက်ရှိပါသည်။ ဝါးမျိုးစိတ်များစွာရှိသည့်အနက် လူတို့၏စားစရာ (သရေစာ)အဖြစ် စီမံပြုလုပ်ရာတွင် အသုံးပြုသော ဝါးမျိုးမှာတင်းဝါးဖြစ်ပါသည်။ အဆိုပါ တင်းဝါးပင်များသည် စာရေးသူတို့ဒေသရှိ ရိုးမတောများတွင် ယခုလို ဆောင်းဦးအခါသမယတွင်ကြီးထွား၊ပေါများစွာ ပေါက်ရောက်လျက်ရှိပြီး ဒေသခံကျေးရွာနှင့် မြို့ပေါ်နေပြည်သူများအတွက် ဒေသအခေါ်အဝေါ် ''တင်းဝါးပိုင့်''၊ အများသုံးအခေါ်အဝေါ်''ကောက်ညှင်းကျည်တောက်''ပြုလုပ်ရာတွင် အသုံးပြုပါသည်။

ယခုအခါ မြန်မာနိုင်ငံ၏ရာသီဥတုအရ ဆောင်းဦးအခါသမယသို့ စတင်ရောက်ရှိခဲ့ပြီဖြစ်ရာ ဆောင်းရာသီနံနက် စောစောစားစရာ(ဝါ) သရေစာတစ်မျိုးဖြစ်သော တင်းဝါးပိုင့်(ခေါ်) ကောက်ညှင်းကျည်တောက်များပြုလုပ်၊ စတင်ရောင်းချ၊ ဝယ်ယူစားသောက်နေကြသည်ကို မြင်တွေ့နေရပြီ ဖြစ်ပါသည်။ ကောက်ညှင်းကျည်တောက် သရေစာ ပြုလုပ်နည်းအဆင့်ဆင့်ကို ကျေးဇူးရှင်ဖခင်ကြီးထံမှ မိမိတွေ့မြင်သိရှိရသည့်အတိုင်း ရေးသားဖော်ပြလိုပါသည်။ ရှေးဦးစွာ မနုလွှန်း၊ မရင့်လွန်း အရွယ်သင့် တင်းဝါးပင်အား သရက်ခရိုင်၊ မင်းတုန်းမြို့နယ်ရှိ မင်းတုန်းချောင်း တစ်ဖက်ကမ်း ကူဖြူရွာမှဝယ်ယူရရှိခဲ့ပြီး ၎င်းကိုအဆစ်များခံ၍ ဝါးမဖြင့်ဖြတ်တောက်ရာ(၈)ခုခန့်ရရှိခဲ့ပါသည်။ ကောက်ညှင်းဆန်(အဖြူ/ငချိပ်)စားသုံးလိုရာကို ဆန်ဆေးပြီး တင်းဝါးကျည်တောက်ထဲသို့ (၃)ပုံ(၂)ပုံခန့်ထည့်ရပါသည်။ ညဦးပိုင်းတွင် ကျန်(၁)ပုံကို ရေထည့်ပြီးထားပါသည်။ နံနက် ဘုန်းတော်ကြီးကျောင်းမှ (၄)နာရီအုန်းမောင်းခေါက်ချိန်တွင် ဖခင်ကြီးမှ အိပ်ယာထကာ ဆောင်းမီးဖို၌ စတင်မီးမွှေးခြင်းပြုလုပ်ပါသည်။ ကောက်ညှင်းကျည်တောက်များ ထောင်၍ မီးဖုတ်ရန် ဝါးတန်းငယ်တစ်ခုကို မီးဖိုအနီးပြုလုပ်ပြီး အဆိုပါ ကောက်ညှင်းကျည်ဆန်ထည့်ပြီး တင်းဝါးတောင့်များကို ဝါးတန်းငယ်၌ မှီထောင်ထားရှိပါသည်။ ဆောင်းမီးဖိုမှ မီးအရှိန်ရလာသည်နှင့် တင်းဝါးတောင့်များကို မီးမြှိုက်၍ စတင်ဖုတ်ပါတော့သည်။ တင်းဝါးတောင့်များ မီးအရှိန်ရရှိမှုညီစေရန် တစ်တောင့်ချင်း လှည့်ပေးရပါသည်။ အနည်းဆုံး(၄၅)မိနစ်၊ အများဆုံး(၁)နာရီခန့်ကြာလျှင် ကျည်တောက်အတွင်းမှ ရေများခမ်းပြီး အငွေ့များ စတင်ထွက်လာချိန်၌ တန်းတွင်ထောင်ထားသော တင်းဝါးများကို မီးခဲများတွင်လှဲ၍ ပြောင်းလဲထားရှိကာ မီးကျွမ်းမှုညီစေရန် မကြာခဏလှည့်ပေးရပါသည်။ လက်ဖြင့်ကိုင်တွယ်၍ရချိန်တွင် တစ်တောင့်ချင်း အခွံနက်(မီးလောင်ကျွမ်းနေသည့်နေရာများ)ကိုအဖြူရောင်အခွံပေါ်သည်အထိ သင်နွှာခြင်း ဆောင်ရွက်ပါသည်။ ၎င်းနောက် ဓါးနောက်ဖြင့် တင်းဝါးတောင့်၏အရင်းပိုင်းကို စတင်ထုခွဲပြီး ကျန်အပိုင်းများကိုလှည့်၍ ဓါးမဖျက်ဖြင့်ရိုက်ပေးခြင်း ဆောင်ရွက်ပါသည်။ ကောက်ညှင်းကျည်တောက်များကို အရင်းပိုင်းမှ စတင်အခွံခွာယူလိုက်လျှင် တင်းဝါးပင်၏အကာဖြင့် ဖုံးအုပ်ထားသော သင်းပျံ့မွှေးကြိုင်သည့် တင်းဝါးပိုင့်(ခေါ်) ကောက်ညှင်းကျည်တောက်ကိုရရှိပါတော့သည်။

ဆောင်းဦးနံနက်ခင်း၏ အေးမြသောအရသာကို ခံစားရင်း အဆိုပါ ကောက်ညှင်းကျည်တောက် အပိုင်းငယ်များကို ဆီဆမ်း၊ ဆားဖြူးပန်းကန်ထဲတွင် တို့ယူစားသုံးခြင်း၊ ခရမ်းချဉ်သီးချက်၊ ခရမ်းသီးသုပ်၊ ငါးရံ့ခြောက်ဖုတ်စသည်တို့နှင့် ကြိုက်ရာတွဲပြီး မိသားစုစားသုံးခဲ့ကြပုံနှင့် မြန်မာ့ရိုးရာစားစရာ တင်းဝါးပိုင့်(ဝါ) ကောက်ညှင်းကျည်တောက် အဆင့်ဆင့်ပြုလုပ်ခဲ့ပုံတို့ကို အောက်မေ့သတိရစွာရေးသားဖော်ပြလိုက်ရပါတော့သည်။

**၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သစ်တောရေးရာဂျာနယ်တွင် ဖော်ပြပါရှိခဲ့သော စာရေးဆရာ ဘုန်းကျော်(သရက်ခရိုင်/သစ်တော)၏ဆောင်းပါးအား ပြန်လည်ထုတ်နုတ် ဖော်ပြခြင်းဖြစ်ပါသည်။**

# ပြည်သူ့ဝန်ထမ်း ကြိုးပမ်းကြညီညီ

ကျော့ကေကေစု

ပြည်သူ့ဝန်ထမ်းတွေဟာ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် ဌာန/အဖွဲ့အစည်းတိုင်းမှာ ရာထူးအဆင့်အတန်းအလိုက် သတ်မှတ်ထားတဲ့ အချိန်ဇယားတွေအတိုင်း အောင်မြင်အောင်၊ ဒါ့အပြင် မိမိအထက်အကြီးအကဲက ပေးအပ်တဲ့ တာဝန်တွေကိုလည်း သတ်မှတ်တဲ့အချိန်ကာလအတွင်းမှာ ပြီးမြောက်အောင်မြင်အောင် မလွဲမသွေ ဆောင်ရွက်ကြရမှာပါ။ ဒါတွေက ဟိုးရှေးအတီတေကတည်းက ဖန်တစ်ရာတေအောင် နားထဲကလျှံကျလုမတတ် ကြားနေသိနေရတဲ့ စကားပါပဲ။

သေချာစေ့စေ့စပ်စပ် ပြန်တွေးကြည့်ရင်လည်း ပြည်သူ့ဝန်ထမ်း(ခေါ်) နိုင်ငံဝန်ထမ်းတွေဟာလည်း လူသားတွေဖြစ်တဲ့အတွက် လူသားတိုင်းထမ်းဆောင်ရမယ့်တာဝန်ရှိတဲ့လုပ်ငန်းတွေအပြင် ပြည်သူ့ကိုယ်စား တာဝန်ယူထမ်းဆောင်ဖို့လည်း ခန့်အပ်ထားတာဖြစ်တဲ့အတွက် နှစ်ဆတာဝန်ထမ်းဆောင်ဖို့တောင် တာဝန်ရှိတယ်လို့ ထင်မြင်ယူဆမိတယ်။

## ကြိုးပမ်းကြညီညီ

''တစ်ဦးဆောင်သော်မရ၊ တစ်သောင်းဆောင်သော်ရ၏'' ''စုပေါင်းညီညာအောင်ကြောင်းဖြာ''စတဲ့ တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ခြင်းထက် စုပေါင်းကြိုးပမ်းအားထုတ် ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုကို အလွယ်တကူဆွတ်ခူးနိုင်တဲ့ ရည်မှန်းချက်ပန်းတိုင်ကို အထူးအားမထုတ်ရဘဲ သတ်မှတ်ချိန်အတိုင်း သို့မဟုတ် သတ်မှတ်ချိန်ထက် စောစီးစွာရောက်ရှိခဲ့တဲ့ ဥပမာသာဓကတွေကလည်း မြန်မာမှာရော ကမ္ဘာမှာပါ အထင်အရှားရှိတာအားလုံးအသိပါပဲ။

ပြီးခဲ့တဲ့(၁၀)စုနှစ်အတွင်းမှာကို မြို့အတော်များများရဲ့ လူစည်ကားတဲ့နေရာတွေမှာ ထင်းစည်းချိုးခိုင်းတဲ့ အဘိုးအိုနဲ့ ထင်းစည်းချိုးနေတဲ့သူ့သားတွေရဲ့ ရုပ်ထုတွေပြသပြီး ဘာမဆိုစုစည်းညီညွတ်စွာ ဆောင်ရွက်ကြဖို့၊ ညီညီညာညာ ကြိုးပမ်းဆောင်ရွက်ကြဖို့ ညွှန်းဆိုတိုက်တွန်းချက်တွေကို တွေ့ရှိရမှာပါ။



နောက်ပြီး ၁၉၇၀ ခုနှစ်ဝန်းကျင်လောက်က ပြဋ္ဌာန်းခဲ့တဲ့ မူလတန်းမြန်မာဖတ်စာ စာအုပ်ထဲက မူလတန်းအရွယ်ကလေးငယ်တွေကို မြန်မာစာစာလုံးပေါင်းလေ့ကျင့်ရင်း အသိပညာပေးတဲ့ ကဗျာလိုလို၊ သံပေါက်လိုလို စာလေးကိုလည်း ဖျတ်ကနဲ သတိရမိတယ်။

ဗွန်ပန်းရုံအနီး၊
လှည်းဘီးနွံထဲကျွံနေသည်၊
ကူ၍ တွန်းပေးကြပါ၊
လေးလွှန်း၍ မတွန်းနိုင်ဘူးလား၊
ပြိုင်တူတွန်းလျှင်၊ ရွှေ့နိုင်ပါသည်။''



မြန်မာစာ၊ ဖတ်စာအုပ်ထဲကို ဘယ်အချိန်ကတည်းက နေရာယူခဲ့မှန်းမသိပေမယ့် မျက်မှောက်အချိန်ထိမှန်ကန်နေဆဲ၊ ညီညာဖျဖျ ကြိုးပမ်းဆောင်ရွက်ကြရင်း

မည်မျှပင် ခက်ခဲနက်နဲစေကာမူ အောင်မြင်မှုကိုရရှိမှာဖြစ်ကြောင်း ညွှန်ပြတိုက်တွန်းဆဲ၊ မီးမောင်းထိုးပြဆဲဖြစ်ပါတယ်။

**နိဒါန်းအတွက် ဓာတ်ပေါင်းစမ်း**

ဘယ်ခေတ်၊ ဘယ်အခါမဆို ပြည်သူ့ဝန်ထမ်းတစ်ဖြစ်လဲ နိုင်ငံ့ဝန်ထမ်းတွေဟာ မိမိနိုင်ငံသာယာဝပြော ဖွံ့ဖြိုးတိုးတက်စေဖို့ မိမိတစ်ဦးချင်းအတွက် တာဝန်ရော၊ ပြည်သူ့အတွက်ကိုယ်စားရော ဆောင်ရွက်ရန် ဝတ္တရားရှိတဲ့ ဌာနအဖွဲ့အစည်းရဲ့ တာဝန်တွေကို အခြားဌာနအဖွဲ့အစည်းက ပြည်သူ့ဝန်ထမ်းတွေ၊ ပြည်သူတွေနဲ့အတူ ကဏ္ဍအသီးသီးဘက်စုံ၊ထောင့်စုံ အသွယ်သွယ်က မခိုမကပ်ဘဲ လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်ပါက မုချမသွေ အောင်မြင်မှာဖြစ်ပါတယ်။

**သာစကေဆောင်သော်**

ဥဒါဟရုဏ်အားဖြင့် လူသားဟူ၍ပီပီမဖြစ်မီ အမိဝမ်းကြာတိုက်ထဲမှာကတည်းက အသက်ရှင်သန်ရေး အတွက် သန့်ရှင်းလတ်ဆတ်တဲ့လေကို ကေန်မုချရှူရှိုက်ရမှာပါ။ သည့်အတွက် သန့်ရှင်းလတ်ဆတ်ပြီး အဆိပ်အတောက်ကင်းစင်သော လေကိုမရရင် လူဟူ၍ပင်ပေါ်ပေါက်လာနိုင်စရာအကြောင်းမရှိပါ။

**ထမင်းအသက်၊ ရေအသက်၊ လေအသက်– – –**

အထူးအထွေပြောရန်ပင် လိုအပ်မည်မထင်ပါ။ ထမင်းအသက်ခုနစ်ရက်၊ ရေအသက် တစ်မနက်၊ လေအသက်–––။ ဤဆိုရိုးစကားနှင့်အညီ အသက်ရှင်သန်ရန်လုံလောက်သော သန့်စင်သည့်လေမရရှိက လူသားဟူသည့် သတ္တဝါနှင့်အခြားသက်ရှိသက်မဲ့များ ဤဘဒ္ဒကမ္ဘာ၌ ပေါ်ပေါက်စရာအကြောင်းမရှိဟူ၍ သတ်မှတ်ရပါမည်။

ဒါ့ကြောင့် လေ၊ရေ၊မြေနှင့် အခြားသက်ရှိ–သက်မဲ့ ဂေဟာစနစ်များ သဟဇာတမျှခြေအနေအထား (Nature in Balance)ဖြစ်စေဖို့ လူသားမျိုးနွယ်တစ်ရပ်လုံးမှာ တာဝန်ရှိတယ်လို့ အကြမ်းဖျင်းသတ်မှတ်ရမှာဖြစ်ပါတယ်။ နိုင်ငံတစ်ခုမှာ ဒီတာဝန်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်တဲ့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းနဲ့ပတ်သက်ဆက်နွယ်နေတဲ့ အစိုးရမဟုတ်တဲ့ဌာန၊ အဖွဲ့အစည်းတွေကအတူတကွ ပူးပေါင်းဆောင်ရွက်နေတာ ဒီထက်ကျယ်ပြန့်လာရင် ဒေသတွင်း နိုင်ငံတကာအဖွဲ့အစည်းတွေက ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်လျက်ရှိတာတွေကို မြင်တွေ့ကြားသိကြမှာဖြစ်ပါတယ်။

**ပြည်သူနဲ့အတူ**

ဘာလုပ်ငန်းတွေကို ဘယ်လိုစီမံချက်တွေနဲ့ ဘယ်လိုပဲ အကောင်အထည်ဖော်ဖော် အခြေခံ Basic Foundation ဖြစ်တဲ့ ပြည်သူတွေပူးပေါင်းပါဝင်မှုမရှိရင်တော့ ဘယ်တော့မှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ ထာဝစဉ်ညီ ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ပေါ်လာနိုင်မှာ မဟုတ်တာသေချာပါတယ်။

မြန်မာနိုင်ငံမှာဆိုရင်လည်း ဒီတာဝန်တွေကို သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကဦးဆောင်ပြီး လက်အောက်ဌာနတွေရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ ရှုထောင့်အစုံကနေ ကဏ္ဍအသီးသီးကို ပြည်သူလူထုနဲ့အတူလက်တွဲပြီး နိုင်ငံတကာအဖွဲ့အစည်းပေါင်းစုံနဲ့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိတာကို တွေ့မြင်ကြရမှာပါ။

အထူးသဖြင့် သဘာဝပတ်ဝန်းကျင်၊ သယံဇာတအရင်းအမြစ်တွေကို ပြုစုထိန်းသိမ်းစောင့်ရှောက်ရာမှာ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြေတိုင်းဦးစီးဌာနက ပြည်သူ့ဝန်ထမ်းတွေဟာ ကျရာတာဝန်တွေကို ပြည်သူ့အားနဲ့ တက်ညီ၊လက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကို သတင်းကွန်ရက်၊ မီဒီယာတွေကတစ်ဆင့် မြင်တွေ့ကြားသိရတာတွေအနက် အချို့ကို မီးမောင်းထိုးပြလိုပါတယ်။

**စုပေါင်းသစ်ပင်စိုက်ပွဲခြိမ့်ခြိမ့်သဲသဲ**



သစ်တောဦးစီးဌာနက ပြည်သူ့ဝန်ထမ်းတွေရဲ့ အနီးကပ်တွန်းအားပေး ပြင်ဆင်မှုတွေနဲ့အတူ နိုင်ငံတော်ရဲ့ အကြီးအကဲတွေကိုယ်တိုင် သစ်ပင်မျိုးစုံကို ပျော်ရွှင်စွာနဲ့ စိုက်ပျိုးကြတဲ့သတင်း၊ နောက်အနယ်နယ်အရပ်ရပ်မှာ တိုင်းရင်းသားလူမျိုးပေါင်းစုံက ရည်ရွယ်ချက်အမျိုးမျိုးနဲ့ သစ်မျိုးအစုံကို နေရာဒေသအဖုံဖုံမှာ အားပါးတရ စုပေါင်းစိုက်ပျိုးကြတဲ့သတင်း၊ သက်ဆိုင်တဲ့ဌာန၊ အဖွဲ့အစည်းရဲ့ ကြိုတင်သတ်မှတ် ပြဋ္ဌာန်းရေးဆွဲထားတဲ့ စီမံချက်တွေနဲ့ အညီ သစ်တောနယ်မြေတွေမှာ စိုက်ခင်းအမျိုးအစား ပေါင်းစုံကို အချိန်မီ စိုက်ပျိုးကြတဲ့သတင်း၊ ပုဂ္ဂလိကကဏ္ဍဘက်မှာလည်း CF (ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းစဉ်များ) တည်ထောင်ခြင်း၊ ပုဂ္ဂလိက

ကျွန်း/သစ်မာမျိုးစုံစိုက်ခင်း၊ သီးနှံသစ်တောရောနှော စိုက်ပျိုးတဲ့ စနစ်တွေကို ဖော်ဆောင်စိုက်ပျိုးကြတဲ့ သတင်းတွေအပြင် စိုက်ပျိုးပြီးတဲ့ စိုက်ခင်းဟောင်းတွေကို ပြန်လည် ဆယ်တင်၊ သေပင်အစားထိုး စိုက်ပျိုးတဲ့သတင်းစတာတွေကို စိုက်ပျိုး ရာသီကာလမှာ အားရကျေနပ်ဖွယ် တွေ့ရှိရမှာဖြစ်ပါတယ်။



တစ်နည်းအားဖြင့်ဆိုရရင် သစ်တောသစ်ပင်တွေကို စိုက်ပျိုးပြုစုထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းစဉ် တွေမှာ အဓိကတာဝန်ရှိတဲ့ ပြည်သူ့ဝန်ထမ်းတွေရဲ့ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှု ရလဒ်တစ်ခုဖြစ်တဲ့အပြင် နိုင်ငံတော်အကြီးအကဲတွေ ကိုယ်တိုင်အလေးထား ဆောင်ရွက်ရင်း ပြည်သူတွေကို တပ်လှန့်စည်းရုံးနှိုးဆော် တိုက်တွန်းမှုတစ်ရပ်လို့ဆိုရကောင်းမှာပါ။

**ထိန်းချုပ်ကာကွယ်၊ တရားမဝင်အန္တရာယ်**

''လယ်ပြင်မှာဆင်သွားသလို'' ထင်ရှားတဲ့ကြိုးပမ်းမှုတစ်ခုကတော့ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းတွေကို ထိန်းချုပ်ကန့်သတ်တဲ့လုပ်ရပ်၊ ကာကွယ်တားဆီးတဲ့ဖြစ်စဉ်၊ ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူအပြစ်ပေးတဲ့ ကိစ္စရပ်တွေမှာ ဝန်ကြီးဌာနလက်အောက်က ပြည်သူ့ဝန်ထမ်းတွေဟာ ပြည်သူလူထုကို အခြေပြုပြီး သတင်းရယူကာ ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံနဲ့အတူ လက်တွဲပြီး သစ်တောသယံဇာတအရင်းအမြစ်တွေကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ ဟန့်တားထိန်းချုပ်နိုင်ခဲ့တဲ့ ဖြစ်စဉ်တွေပဲဖြစ်ပါတယ်။

နယ်စပ်ဖြတ်ကျော်ပြီး တရားမဝင် ကူးသန်းရောင်းဝယ်ဖောက်ကားတဲ့ သစ်တောသယံဇာတအရင်းအမြစ်တွေကိုလည်း ပြည်တွင်းက လူထု/ဌာန/အဖွဲ့အစည်းများအပြင် ပြည်ပနိုင်ငံတကာ အဖွဲ့အစည်းပေါင်းစုံရဲ့ ပူးပေါင်းမှုအားကို ရယူဟန့်တားပိတ်ဆို့ ဖမ်းဆီးခဲ့တဲ့ဖြစ်စဉ်တွေကလည်း အနဂ္ဂမတ္တပါပဲ။

**ဘက်စုံတိုးချဲ့ပညာပေးရေးလုပ်ငန်းများ**

သစ်တော၊သစ်ပင်တွေ ထာဝစဉ်ညီဖွံ့ဖြိုးတိုးတက်ပြီးစဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှု ဖြစ်စေဖို့အတွက် ရည်မှန်းဆောင်ရွက်ရာမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုဟာ အခြေခံကျတဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ ဒါကြောင့် ဘက်စုံထောင့်စုံက အောင်မြင်စွာ စည်းရုံးနိုင်ရေးအတွက် တာဝန်ရှိတဲ့အလွှာအသီးသီးက ဝန်ထမ်းအဆင့်ဆင့်၊ အုပ်ချုပ်ရေးမဏ္ဍိုင်က အထက်အောက်အလွှာစုံ စတာတွေ အပြင် လက်တွေ့အကောင်အထည်ဖော်လျက်ရှိတဲ့ ပြည်သူထဲက ပူးပေါင်းဆောင်ရွက်လိုသူများကို စွမ်းဆောင်ရည် မြှင့်တင်ပေးတဲ့ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ လေ့လာရေးခရီးစဉ်တွေကို နိုင်ငံအနှံ့အပြားမှာ ကျင်းပပေးလျက်ရှိတာကိုလည်း တွေ့မြင်ကြရမှာပါ။

ပြည်သူ့ဝန်ထမ်းတွေရဲ့ စည်းရုံးရေးစွမ်းရည် တိုးတက်မြင့်မားစေဖို့ ပြည်တွင်းမှသာမက နိုင်ငံတကာအဖွဲ့အစည်းများရဲ့ပူးပေါင်းပါဝင်မှု၊ ကူညီပံ့ပိုးမှုများနဲ့ ပြည်ပနိုင်ငံတွေကိုသွားရောက်ပြီး နိုင်ငံတကာ အတွေ့အကြုံများ ရယူခြင်း၊ ပြန်လည်ရောက်ရှိတဲ့အချိန်မှာ အတွေ့အကြုံ၊ ဗဟုသုတတွေကို ပြန်လည်မျှဝေခြင်းစတဲ့ တိုးချဲ့ပညာပေး လုပ်ငန်းတွေကို အားပါးတရတွေ့မြင်ကြမှာပါ။

တစ်ဖန် ကျေးလက်ဒေသမှာနေထိုင်တဲ့ ပြည်သူလူထုကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်တွေမှာ မိမိကိုယ်ပိုင်အသိစိတ်ဓာတ်အရ ကိုယ်ရောစိတ်ပါ ပူးပေါင်းဆောင်ရွက်လာစေရေး၊ သဘာဝသယံဇာတအရင်းအမြစ်များကို စည်းစနစ်တကျ ထိန်းသိမ်းစောင့် ရှောက်၍ ထုတ်ယူသုံးစွဲရာမှာ ခံယူချက်မြင့်မြင့်မားမားနဲ့ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက်ဦးတည်ကာ သင်တန်းများ၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ ပြည်တွင်း/ပြည်ပလေ့လာရေးခရီးစဉ်များ စေလွှတ်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့ဝန်ထမ်း၊ သစ်တောသမားတွေဟာ သစ်တောပြုစုထိန်းသိမ်းရေး လုပ်ငန်းစဉ်တွေအားလုံးကို ကျွမ်းကျင်နှံ့စပ်ရသည့်အပြင် သစ်တောပြစ်မှုတွေ မဖြစ်မွားအောင်ဟန့်တားထိန်းချုပ် ကာကွယ်ဖမ်းဆီးအရေးယူတဲ့ ဖြစ်စဉ်တွေမှာလည်း ဥပဒေနှင့်အညီ ပြုမူဆောင်ရွက်ကြရပါတယ်။ နိုင်ငံတော်အတွက် ပြည်သူ့အခွန်ငွေရရှိရေးအတွက်လည်း ကောလိပ်တော်အရာရှိကဲ့သို့ ကျင့်ကြံဆောင်ရွက်ရသလို သစ်တောအရာရှိ စီရင်ပိုင်ခွင့်ရှိတဲ့ သစ်တောပြစ်မှုတွေကိုလည်း တရားသူကြီးထုံးနှစ်လုံးမှုကာ ဝေဖန်ပိုင်းခြားသုံးသပ်ပြီး အဂတိတရားလေးပါးကို ရှောင်ရှားကာမျှတမှုရှိအောင် စီရင်ဆုံးဖြတ်ကြရပါတယ်။

ဒါ့အပြင် မြေတိုင်းပညာသည်တစ်ဦးကဲ့သို့ မြေတိုင်း/ပုံထုတ်ပညာများ၊ ဆက်စပ်ကွန်ပျူတာအခြေခံကောင်းများအပြင် လုပ်ငန်းသုံးခေတ်မီ ကိရိယာများကို လည်း ပိုင်နိုင်ကျွမ်းကျင်အောင် လေ့ကျင့်ကြိုးကုတ် အားထုတ်ဆောင်ရွက်ကြရကြောင်း၊ လူမှု–စီးပွားရေး ဖွံ့ဖြိုးတိုးတက်

ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး–သဟဇာတဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရင်း၊ ယင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် အကြောင်းအချက်များကို ပြည်သူလူထု၏ ရင်ထဲအသိထဲ နှလုံးသားထဲထိ ပျံ့နှံ့စိမ့်ဝင်အောင် စည်းရုံးဆောင်ရွက်ရကြောင်း တွေ့မြင်ကြရမှာပါ။ ဒါ့ကြောင့်လည်း ဘက်စုံတိုးချဲ့ပညာပေးရေး လုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်ရတဲ့ တိုးချဲ့ပညာပေး ဝန်ထမ်းများလည်းဖြစ်ကြောင်း ညွှန်းဆိုရခြင်းဖြစ်ပါတယ်။

**နောက်ကွယ်ကကြိုးပမ်းမှုများ**

အထက်ဖော်ပြပါ ဖြစ်စဉ်များသည် ကာလံ၊ ဒေသံအရ ထင်လွယ်မြင်လွယ်သည်များကိုသာ မီးမောင်းထိုးပြခြင်းဖြစ်ပြီး၊ သစ်တောပြုစုထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်(၁၆)မျိုးကိုလည်း သစ်တောများအနီးဝန်းကျင်ရှိ ဒေသခံပြည်သူများနှင့်အတူ သို့မဟုတ် သစ်တောကျေးရွာများထူထောင်ပြီး ၎င်းကျေးရွာသားများနှင့် လက်တွဲကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

သစ်တောလုပ်ငန်းအများစုဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့တော/တောင်ရှိရာအရပ်ဒေသတွေမှာ အကောင်အထည်ဖော်ရတဲ့အတွက် သာမန်အားဖြင့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို မြင်တွေ့၊ သိရှိ၊ အကဲဖြတ်ဆန်းစစ်ဖို့ ခက်ခဲနက်နဲလှပါတယ်။

တစ်နည်းအားဖြင့်ဆိုရရင် ကန့်လန့်ကာနောက်ကွယ်က ခက်ခဲကြမ်းတမ်းသော ကြိုးပမ်းဆောင်ရွက်မှုများလို့တင်စားရလျှင် လွန်အံ့မထင်ပါ။ မည်သို့ပင်ဆိုစေ၊ လူသားတစ်ဦးချင်းစီ၌ တာဝန်ရှိသော မျိုးဆွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်း သို့မဟုတ် ပြည်သူ့ဝန်ထမ်းတွေဟာ မိမိတို့ရဲ့မူလမွေးရာပါ တာဝန်အပြင် ပြည်သူ့ကိုယ်စားထမ်းဆောင်ရမည့် ပြည်သူ့ဝန်ထမ်း၊ တာဝန်ဝတ္တရားများကိုလည်း မဆုတ်မနစ်ကြိုးပမ်းအကောင်အထည်ဖော်ရမှာပါ။

ဤကဲ့သို့ထမ်းဆောင်ရာမှာ ''သူတစ်လူ၊ငါတစ်မင်း'' စိတ်ထင်ရာစိုင်းမည်ဆိုပါက သို့မဟုတ် တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်နေပါက ရည်မှန်းချက်၊ ဦးတည်ချက်ရောက်ရှိရေးအတွက်''ရွှေပြည်တော် မျှော်တိုင်းဝေး'' ဖြစ်နေပေဦးမည်။

တစ်စုတစ်ဝေး၊ တစ်ပေါင်းတစ်စည်းတည်း၊ ပန်းတိုင်ရှိရာအရပ်ကို ဦးတည်ကာ အခြေခံပြည်သူလူထု (Grass-root Level)နှင့်အတူ တက်ညီလက်ညီ လှော်ခတ်လျှောက်လှမ်းပြီး အောင်ပန်းကိုဆွတ်ခူးရန် လိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

## ကာတွန်းကဗျာ




နွေးထွေးရှင်သန်နိုင်ဖို့၊ လွှမ်းခြုံပေးထားတဲ့
ဖန်လုံအိမ်ဓါတ်ငွေ့တွေ၊ လိုတာထက်မပိုစေနဲ့။




လူသားနဲ့ကမ္ဘာမြေကြား၊ ညီညွတ်မျှတ
သဟဇာတကျတဲ့ ဘဝကိုရယူပါ။




ရေ၊ မြေ၊ လေ၊ နေကရတဲ့
ပြန်ပြည့်မြဲစွမ်းအင်ကို၊ သုံးနိုင်အောင်ကြိုးစားပါ။



# လီလီပန်း၏ အလှနှင့် ဆေးဖက်ဝင်အစွမ်း

ဒေါ်ကြည်ဖြူအောင်၊ တောအုပ်ကြီး၊ သစ်တောသုတေသနဌာန

လီလီပန်းသည် ဆေးဖက်ဝင်ပင်ပျော့ အမျိုးအစားအုပ်စုတွင်ပါဝင်ပြီး ၎င်း၏ကြီးမားသောပန်းပွင့်ပုံပန်းသဏ္ဌာန်ကြောင့် လီလီပန်းသည် အလှဆင်ဆောင်ရွက်မှုတွင် လူကြိုက်များသော ပန်းတစ်မျိုးပင်ဖြစ်သည်။ ၎င်း၏ family သည် Liliaceae တွင်ပါဝင်ပြီး သိပ္ပံပညာအခေါ်အဝေါ်အားဖြင့် *Liliumcandidum*L. အဖြစ်သိရှိကြလေသည်။ လီလီပန်းပင်များသည် နှစ်ရှည်ခံပင်ရှည်များဖြစ်ကြပြီး အမြင့်ပေအားဖြင့် ၂ ပေမှ ၆ပေထိ အမြင့်ရှိကြလေသည်။ ၎င်းတို့သည် မြေအောက်ပင်စည်ဥများအဖြစ်ကြီးထွားကြလေသည်။ အချို့မျိုးစိတ်များတွင် ၎င်းတို့၏ မြေအောက်ပင်စည်ဥများသည် မြေအနက်ပိုင်းတွင်ရှိကြပြီး၊ အချို့မျိုးစိတ်များ၏ မြေအောက်ပင်စည်ဥများသည် မြေပြင်အနီးတွင် ကပ်လျက်တည်ရှိကြသည်။ လီလီပန်းမျိုးစိတ်အချို့၏ မြေအောက်ပင်စည်ဥများသည် ပင်စည်-အမြစ်ပုံစံတည်ရှိကြလေသည်။ ပုံမှန်အားဖြင့် လီလီပန်းပင်များ၏ မြေအောက်ပင်စည်ဥများသည် မြေအနက်ပိုင်းတွင်ရှိကြပြီး နှစ်အနည်းငယ်တွင် ထိုမြေအောက်ပင်စည်ဥမှ မြစ်ဖွာမြစ်များပါဝင်သည့် ပင်စည်တံထွက်ရှိလာသည်။ လီလီပန်းပင်သည် အနောက်ဥရောပတစ်ခွင်မှ အရှေ့ပိုင်းနိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ပိုင်းတွင် အိန္ဒိယ၊ အရှေ့ပိုင်းတွင် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် ပေါက်ရောက်နိုင်ကြလေသည်။ လီလီပန်းပင်များသည် တောတောင်များတွင်သာမက မြေပြန့်များတွင်လည်း ကောင်းစွာပေါက်ရောက်နိုင်ပေသည်။ အချို့သော မျိုးစိတ်များသည် စိမ့်မြေများတွင်လည်း ပေါက်ရောက်နိုင်ကြပြီး သစ်ကပ်အမျိုးအစားများသည် အပူပိုင်းအရှေ့တောင်အာရှနိုင်ငံများတွင် ကောင်းမွန်စွာပေါက်ရောက်နိုင်ကြလေသည်။ ယေဘုယျအားဖြင့် ၎င်းတို့သည် အက်ဆစ်ဓာတ်အသင့်အတင့်ရှိသော/ ထုံးဓာတ်ကင်းသော မြေအမျိုးအစားများပေါ်တွင် ကောင်းမွန်စွာပေါက်ရောက်နိုင်ကြသည်။ လီလီပန်းပွင့်များသည် ပုံမှန်အားဖြင့် နဲပုံသဏ္ဌာန်ရှိကြပြီး







အရောင်အားဖြင့် ပန်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ အဖြူရောင်စသည့်ဖြင့် အရောင်စုံပွင့်ကြလေသည်။ အတွင်းပိုင်းပွင့်ဖတ်များသည် ပို၍ရင့်သော အရောင်ကိုဆောင်ကြလေသည်။ လီလီပန်းပွင့်နှင့် မြေအောက်ပင်စည်ဥများသည် အမျှင်ဓာတ်၊ ကစီဓာတ်၊ ပရိုတိန်းဓာတ်ပေါကြွယ်ဝ၍ ဗီတာမင်နှင့် ကယ်လ်စီယမ်ဓာတ်များ ပေါကြွယ်ဝသည်ဟုအဆိုရှိကြလေသည်။

အလှဆင်မှုအပိုင်းတွင် လူသိများသော လီလီပန်းသည် ကျန်းမာရေးပိုင်းတွင် များစွာသော အထောက်အကူပြုမှုကို ပေးစွမ်းနိုင်လေသည်။ လီလီပန်းသည် လူ့ခန္ဓာကိုယ်၏နှလုံးခုန်နှုန်းကို မှန်ကန်စေနိုင်သောကြောင့် နှလုံးနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များကို ပုံမှန်အတိုင်းထိန်းညှိပေးနိုင်လေသည်။ လီလီပန်းများသည် ကျန်းမာရေးကုထုံးများတွင် များစွာအသုံးဝင်ကြလေသည်။ ၎င်းတို့သည် နှလုံးခုန်နှုန်းမမှန်မှုကို ထိန်းညှိပေးနိုင်ပြီး နှလုံးကြွက်သားများကိုလည်း အားကောင်းလာစေနိုင်သည့် အစွမ်းသတ္တိရှိလေသည်။ လီလီပန်းသည် အပူလောင်နာများကို ကုသပေးနိုင်ပြီး အမာရွတ်တစ်သျှူးများ ဖြစ်ပေါ်ခြင်းမှလည်း ကာကွယ်ပေးနိုင်လေသည်။ ဆေးဖက်ဝင်အပင်များနှင့် ကုသမှုအပိုင်းတွင် လီလီပန်းပင်များ၏ အမြစ်များသည် အပူလောင်နာလိမ်းဆေးများ ဖော်စပ်ရာတွင် အသုံးပြုကြလေသည်။ ထို့အပြင် လီလီပန်းသည် အမျိုးသမီးများ မီးဖွားစဉ်တွင် သားအိမ်ညှစ်နှုန်းကောင်းမွန်စေပြီး အနာကြီးရောဂါ၊ မျက်စိရောင်နာရောဂါ၊ လေဖြတ်ခြင်း၊ ရင်ဘတ်အောင့်ခြင်းစသည့်ရောဂါများကို ကုသရာတွင်လည်းများစွာ အထောက်အကူပြုနိုင်ပေသည်။ လီလီပန်းခြောက်များသည် ဆီးဝမ်းမှန်ကန်စေပြီး အမြစ်များကို ပင့်ကူကိုက်နာများကို ပျောက်ကင်းရာတွင်လည်း အသုံးပြုကြလေသည်။ လီလီပန်းပင်၏ အမြစ်များကို ချောင်းဆိုး၊ ဖျားနာ၊ အစာအိမ်ယောင်နာ၊ ဒဏ်ရာအနာများပျောက်ကင်း သက်သာစေရန် ဆေးဖက်ဝင် လက်ဖက်ရည်အဖြစ်ဖော်စပ်၍ သောက်သုံးကြလေသည်။ အဖြူရောင်လီလီပန်းပွင့်မှ ဖော်စပ်ထားရှိသော လက်ဖက်ရည်သည် သွေးလည်ပတ်မှုကိုကောင်းမွန်စေပြီး သွေးတွင်းရှိ အညစ်အကြေးများကိုထိရောက်စွာ ဖယ်ရှားပေးနိုင်လေသည်။

လီလီပန်း၏ မြေအောက်ပင်စည်ဥများသည် သွေးတိတ်စေနိုင်သည့် ဂုဏ်သတ္တိနှင့်ဒဏ်ရာအနာများကို သက်သာစေနိုင်သည့် ဂုဏ်သတ္တိများကြောင့် ပြည်တည်နာများ၊ မီးလောင်နာများကိုကုသရာတွင် များစွာအသုံးဝင်လေသည်။ ၎င်းအပြင် လီလီပန်းသည် အသားပိမာများကို ပျောက်ကင်းစေနိုင်သည့် အစွမ်းသတ္တိများလည်းရှိပေသည်။ မြေအောက်ပင်စည်ဥမှ ထွက်ရှိလာသော သဘာဝအရည်များသည် ဖောရောင်ခြင်းကိုကုသပေးနိုင်လေသည်။ လီလီပန်းအဆီများသည် ကျန်းမာရေးကုထုံးတွင် စိတ်ပန်းဆိုင်ရာလန်းဆန်းတက်ကြွမှုကိုပေးစွမ်းနိုင်သဖြင့် လီလီပန်းအဆီကိုစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကုထုံးများတွင် အသုံးပြုကြလေသည်။ လီလီပန်း၏အဆီအနှစ်ကို ရှားစောင်းလက်ပတ်၏အဆီအနှစ်အစား ခန္ဓာကိုယ်၏အစာချေဖျက်မှုစနစ်ကောင်းမွန်စေရန်အတွက် အသုံးပြုကြလေသည်။ လီလီပန်းနှင့် မြေအောက်ပင်စည်ဥသည် နှလုံးသွေးလည်ပတ်မှုနှင့် နှလုံးခုန်နှုန်းကို ထိန်းညှိပေးနိုင်သည်။ အဆုပ်ပိုင်းဆိုင်ရာနှင့် အသက်ရှူပိုင်းဆိုင်ရာ ပြဿနာများကို သက်သာစေနိုင်သည်။ ကျောက်ကပ်အတွင်း တည်သောကျောက်များကို ချေဖျက်ပေးနိုင်သည့်အပြင် ခန္ဓာကိုယ်အတွင်းရှိ ရေဓာတ်ကိုလည်း ထိန်းသိမ်းပေးလေသည်။ ထို့အပြင် အရိုးအဆစ်နှင့်ပတ်သက်ဆက်စပ်သည့် နာကျင်မှုကိုလည်း သက်သာစေသည်။ အဆိပ်အတောက်များကို ပြေပျောက်စေနိုင်သည့်အပြင် ခန္ဓာကိုယ်ဖောရောင်မှုကိုလည်း သက်သာပျောက်ကင်းစေနိုင်ပါသည်။ ယခုအခါတွင် ၎င်းပန်းမျိုးစိတ်များသည် ဈေးကွက်တွင် တန်ဖိုးကြီးမား၍ လူကြိုက်များ၍ စိုက်ပျိုးရေးနည်းလမ်းများဖြင့် မျိုးစပ်၍ များစွာ စိုက်ပျိုးပွားများနေကြပြီဖြစ်သည်။ ဤကဲ့သို့ အလှအပဆိုင်ရာပိုင်းသာမက ကျန်းမာရေးရှုထောင့်ပိုင်းမှ နေ၍လည်း အသုံးဝင်သည့်လီလီပန်းသည် တောတောင်များတွင် သစ်ကပ်အမျိုးအစားအဖြစ်နှင့်လည်း ပေါက်ရောက်ကြသော ၎င်းမျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်သင့်ပေသည်။ တောတောင်များတွင် တန်ဖိုးကြီးမားလှသော သစ်တောထွက်ပစ္စည်းများစွာရှိသကဲ့သို့ ယခုလီလီပန်းကဲ့သို့သော ဆေးဖက်ဝင်အပင်များလည်း များစွာပေါက်ရောက်နေကြသည်။ ထိုကဲ့သို့ ဆေးဖက်ဝင်လှသည့် လီလီပင်များ၏ ဆေးဖက်ဝင်အစွမ်းကို ဖော်ပြရေးသားအပ်ပါသည်။

***ကျမ်းကိုးကားစာရင်းများ***

၁။ www.home-remedies-for-you.com/herbs/lilly-flower.html

၂။ www.stylecraze.com/articles/amazing-health-benefits-of-lily-of-the-valley

၃။ healthybenefits.info/the-health-benefits-of-lily-herb

၄။ www.guidinginstincts.com/2012/03/ edible-and-medicinal-properties-of.html



# ကေပြည့်တဲ့စိုက်ခင်းဖြစ်စေဖို့ဆန္ဒပြု

**စိုးတင့်-စဖ**

ကျွန်တော်က စာရေးဆရာလည်းမဟုတ်၊ ပညာရှင်လည်းမဟုတ်တော့ သစ်တောကြေးမုံမှာ စာရေးရမှာ အမှန်ပြောရင်ဖြင့် ကြောက်မိတာတကယ်ပါ။ တော်ကြာ ကိုယ်ရေးလိုက်တဲ့စာစုကို ပညာရှင်တွေက ဝိုင်းဖွဲ့လိုက်ရင်တော့ ရှိစုမဲ့စုသိက္ခာတွေအတုံးလိုက် အတစ်လိုက် ကျကုန်မှာစိုးလို့ မရေးရဲ။ ဒါပေမယ့် လုပ်သက်လည်း (၃၀)ကျော်ပြီ၊ ပင်စင်ယူဖို့ ဆယ်စုနှစ်တစ်ခုတောင် မလိုတော့တဲ့အချိန်မှာ ကိုယ်သိထားသလောက်လေးတော့ မျှဝေပေးချင်တဲ့ဆန္ဒနဲ့ ရေးသားလိုက်ရခြင်းပါ--- (အမှားပါရင် ပြင်ဆင်ဖြည့်စွက်ပေးပါ-- စကားချပ်)

ယခုဆောင်းပါးရေးရခြင်းရဲ့ အဓိကစေ့ဆော်မှုကတော့ မြန်မာ့သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း (Myanmar Reforestation & Rehabilitation Programme 2017-18 to 2026-27)ကြောင့်ပါပဲ။ ဒီစီမံကိန်းကြီးပေါ်လာတော့ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း(၃၀)ကျော် စာရေးသူတို့ အလုပ်စတင်ဝင်ခဲ့တဲ့ စိုက်ခင်းစီမံကိန်းမှာ စိုက်ကွက်လက်ထောက်ဘဝနဲ့ စတင်အခြေချမိတာကို သတိပြန်ရမိပါတယ်။ (စာရေးသူတို့ အလုပ်စတင်ဝင်ရောက်ချိန်မှာ တစ်နိုင်ငံလုံးမှာ စိုက်ခင်းဒေသကြီး(၃)ခုနဲ့ စိုက်ခင်းများကိုအရှိန်အဟုန်နဲ့ ဆောင်ရွက်နေတဲ့ကာလပါ။ ယခု MRRP စီမံကိန်းလိုပေါ့)

စာရေးသူတို့ ငယ်စဉ်ဘဝအလုပ်စတင်ဝင်ရောက်စဉ် စိုက်ခင်းဒေသခွဲ(၁၈)မှာ စတင်ဝင်ရောက်ခဲ့ပါတယ်။ စိုက်ခင်းတည်ထောင်ခြင်းကို တစ်နှစ် ဧက(၄၀၀၀) အထိ ဆောင်ရွက်ခဲ့ပါတယ်။ စိုက်ကွက်မှူးတစ်ယောက်ကို ဧက (၆၀၀)လောက်အထိ စီမံခန့်ခွဲအုပ်ချုပ်ရပါတယ်။ စိုက်ခင်းမြေနေရာရွေးတာကိုတော့ ကွင်းဆင်းစစ်ဆေးပြီး၊ အဲ့ဒီတုန်းကရှိတဲ့ Skeleton မြေပုံပေါ်မှာပဲ ပုံဆွဲခြင်းပညာနဲ့ ချဲ့ပြီး စိုက်ခင်းတည်နေရာကိုရေးဆွဲခဲ့ပါတယ်။ (ယခုခေတ်လို GPS, Computer, UTM Mapများမပေါ်သေးပါ) မြေတိုင်းတာခြင်းကိုတော့ Chain ကြိုး၊ ဝါးလုံးများအကူအညီနဲ့ THREE POLE METHOD, THREE FOUR, FIVE METHOD တွေနဲ့ဆောင်ရွက်ခဲ့ရတာဖြစ်ပြီး မြေတိုင်းမြေပုံကိုလက်နဲ့ဆွဲပြီး ကေပြည့်မပြည့် Check လုပ်ကြပါတယ်။

ဒါပေမယ့် မြေတိုင်းတာက ကွင်းကိုပတ်တိုင်းတာဖြစ်လို့ ကွင်းထဲမှာရှိနေတဲ့ အပင်စိုက်လို့မရတဲ့ တောင်ကုန်း၊ ဆင်ခြေလျှော၊ ချောင်း/မြောင်း၊ လျှိုမြောင်၊ ရေဝပ်ဧရိယာတွေ၊ လမ်းတွေကိုဖယ်ပြီးမှ ကေပြည့်အောင် သတ်မှတ်ရလို့ ဧက(၁၀၀)ဆိုရင် ဧက(၁၂၀)လောက် တိုင်းတာထားရပါတယ်။ ဒါမှ စိုက်မရတဲ့နေရာတွေချန်ပြီးဧက(၁၀၀) ပြည့်အောင်လုပ်ရတာ၊ ကေပြည့်ရအောင်ကတော့ ပထမတစ်ခါမှာပန္နက်ရိုက်တဲ့အခါ ပန္နက်ဝင်ဘယ်လောက်ရှိသလဲဆိုတာ တစ်ကြိမ်စစ်ဆေးရပါတယ်။ နောက်တစ်ခါ သစ်ပင်စိုက်ပျိုးချိန်မှာ အပင်ဘယ်လောက်စိုက်ပြီးသွားပြီဆိုတာနဲ့ ထပ်မံစစ်ဆေးပါတယ်။ ဒါကတော့ ဟိုရှေးရှေးကနည်းပေါ့။

တိုးတက်လာတဲ့ကာလမှာ GPS, Computer, UTM Map တွေပေါ်လာကြပြီး photoshop ဆိုတဲ့ Software နဲ့ Computer ပေါ်မှာကေမပြည့်ပြည့်အောင် လုပ်လို့လည်းရတယ်။ ဒီနေရာမကြိုက်သေးရင် အရှေ့၊ အနောက်၊ တောင်၊ မြောက်ကြိုက်သလိုပြင်လို့ ရွှေ့လို့လည်း ရတယ်။ ကွင်းထဲမှာတစ်နေရာ၊ မြေပုံပေါ်မှာတစ်နေရာ လည်းလုပ်လို့ရတဲ့အထိ နည်းပညာတွေတိုးတက်လာတယ်။ (နည်းပညာကိုကောင်းတဲ့ဘက်မှာ အသုံးမချဘဲလွဲမှားတဲ့ဘက်မှာအသုံးချမိလို့ ရာထူး၊ တာဝန်တွေထိခိုက်ရသူလည်း ရှိခဲ့တယ်)၊ GPS နဲ့ ကွင်းဆင်းတိုင်းပြီးမှ ရလာတဲ့ point ကို မြေပုံပေါ်တင်ရမှာဖြစ်ပေမဲ့ မြေပုံပေါ်မှာကိုယ်လိုချင်တဲ့နေရာကိုအရင်ရှာပြီးမှ GPS Point ပြန်မှတ်တဲ့ အလွယ်လမ်းကို လိုက်ခဲ့သူတွေလည်းရှိခဲ့တယ်။ (ဒါမျိုးတွေဟာ အခြားသူမသိပေမယ့် မိမိနဲ့ မိမိရဲ့ကိုယ်စောင့်နတ်(ဘုရား) သိတာမို့ တွေးကြည့်လေ အရှက်ရစရာတွေပါ)

ယခုခေတ်မှာတော့ Arc GIS, Global Mapper, Essential (GPS) တွေပေါ်လာတော့ မသမာမှုပြုလုပ်နိုင်တဲ့ ကိစ္စတွေနည်းသွားပေမယ့် လုံးဝမရှိတော့ဘူး

စာမျက်နှာ- ၃၃ သို့

# ပိစပ်ပင်



ဒေါ်ဝါဝါလင်း-သုတေသနလက်ထောက်(၃)

| | |
|---|---|
| မြန်မာအမည် | - ပိစပ် (ဂျာမနီ/ ကုန်းဗေဒါ/ နေဗဒန်) |
| ရုက္ခဗေဒအမည် | - *Chromolaena odorata* (L.) King & H.E Robins. |
| အင်္ဂလိပ်အမည် | - Saim weed |
| မျိုးရင်း | - Asteraceae |



### နောက်ခံသမိုင်းကြောင်းနှင့် ပေါက်ရောက်ရာဒေသ

နေကြာမျိုးရင်းတစ်မျိုးဖြစ်သည့် ပိစပ်သည် ပန်းပွင့်သည့် ချုံပင်မျိုးစိတ်တစ်ခုဖြစ်ပြီး အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများတွင် ပေါက်ရောက်ရှင်သန်ပါသည်။

မူလပေါက်ရောက်ရာဒေသသည် အိန္ဒိယနိုင်ငံ အနောက်ပိုင်းဟုဆိုကြပြီး အမေရိကန် ပြည်ထောင်စု တက်ဆက်ပြည်နယ်နှင့် ဖလော်ရီဒါပြည်နယ်၊ အာဂျင်တီးနား၊ အာရှတိုက်၏ အပူပိုင်းဒေသများ၊ အာဖရိကနှင့် ပစိဖိတ်ဒေသများသို့ ပျံ့နှံ့ပေါက်ရောက်သည်။ မြန်မာနိုင်ငံ အနှံ့အပြား မြေလွတ်မြေရိုင်းများ၊ စာကျက်မြေများ၊ လမ်းဘေးဝဲယာများ၊ သီးနှံစိုက်ခင်းများနှင့် သစ်တောစိုက်ခင်းများတွင် ပေါများစွာတွေ့ရှိရပြီး အထူးသဖြင့် ကောက်ပဲသီးနှံစိုက်ခင်းများနှင့် သစ်တောစိုက်ခင်းများကို ပျက်စီးစေတတ်သော ပေါင်းပင်အဖြစ်သိရှိကြပါသည်။ ထိနိုက်ဒဏ်ရာများတွင် ပိစပ်ရွက်ညှစ်ရည်လိမ်းပေးခြင်းဖြင့် အနာသက်သာစေသော မိရိုးဖလာ အသုံးပြုမှုအဖြစ်လည်းရှိပါသည်။

ရှင်သန်ပေါက်ရောက်မှုနှင့် ယေဘုယျအပင်ပုံသဏ္ဌာန်ပိစပ်သည် လျင်မြန်စွာပေါက်ရောက် ရှင်သန်ကြီးထွားနိုင်သော နှစ်ရှည်ခံဆေးဖက်ဝင် အပင်တစ်မျိုးဖြစ်ပါသည်။ ရှင်းလင်းကျယ်ပြန့်သော နေရာဒေသများတွင် များစွာသောကိုင်းတက်များရှိသည့် အပင်တစ်မျိုး ဖြစ်ပါသည်။ ထိုအပင်၏ အပေါ်ပိုင်းကိုင်းများမှာ နူးညံ့ပျော့ပျောင်းသော်လည်း အပင်အောက်ခြေအကိုင်းများမှာမူ တောင့်တင်းမာကြောပါသည်။ လောင်းရိပ်မိသောနေရာများတွင် ထိုအပင်သည် ဖျော့တော့ကြုံလှီသွားပြီး အခြားသော ဟင်းသီးဟင်းရွက်ပင်များကဲ့သို့ပင် မြေပြင်တစ်လျှောက်ပေါက်ရောက်ရှင်သန်ပါသည်။ ၎င်းအပင်သည် အမြင့်ပေ(၃၃)ပေအထိ မြင့်တက်နိုင်ပါသည်။ အပင်တွင် အမွှေးနုလေးများရှိပြီး အရွက်ကိုပွတ်ချေလိုက်သောအခါ စူးရှသည့်အနံ့ထွက်ပေါ်လာသည်။ အရွက်များသည် တစ်ရွက်နှင့်တစ်ရွက် ရွက်ဆိုင်ထွက်ပြီး အရွက်၏ပုံသဏ္ဌာန်မှာ တြိဂံပုံစံအဖျားပိုင်းချွန်သွားပြီး အနားတွင် လွှသွားကဲ့သို့ အချွန်အတက်များပါရှိပါသည်။ အရွက်၏အရွယ်အစားမှာ (၄-၁၀)စင်တီမီတာရှည်ပြီး (၁-၅)စင်တီမီတာ ကျယ်ပြန့်ပါသည်။ အရွက်၏ရိုးတံမှာ (၁-၄)စင်တီမီတာရှည်ပါသည်။ အကိုင်း၏ထိပ်ဆုံးပိုင်း၌ အဖြူရောင်နှင့် ပန်းရောင်ဖျော့ခေါင်းလောင်းပုံစံပန်းပွင့်များသည် (၁၀ မှ ၃၅)ပွင့်ထိပွင့်ပြီး ပန်းပွင့်နိုင်ပုံစံဖြစ်ပါသည်။ အစေ့များသည် အမွှေးအမျှင်ပုံစံများဖြစ်ပြီး များသောအားဖြင့် လေနှင့်အတူပျံ့နှံ့သွားကြသည်။ ထို့အပြင် ငှက်မွှေးများ၊ အဝတ်အစားများနှင့် စက်ပစ္စည်းများ၊ ယန္တရားများနှင့်ကပ်ငြိ၍ အကွာအဝေး

တော်တော်များများ ပျံ့နှံ့သွားနိုင်ပါသည်။ အပင်တစ်ပင်တွင် အစေ့ပါဝင်နှုန်းမှာ (၈၀၀၀၀)မှ (၉၀၀၀၀)ထိဖြစ်ပါသည်။ အစေ့များ ဆက်လက်မျိုးပွားပေါက်ရောက်နိုင်ရန် အလင်းရောင်လိုအပ်ပါသည်။ အမြစ်မှလည်း အပင်အဖြစ် ဆက်လက်ရှင်သန်ကြီးထွားနိုင်ပါသည်။ သင့်တော်သော အခြေအနေမျိုးတွင် အပင်သည် (၁)ရက်မှာပင် (၃) စင်တီမီတာထိ ကြီးထွားနိုင်ပါသည်။

**အသုံးဝင်ပုံ**

အင်ဒိုနီးရှား၊ ထိုင်းနှင့် မလေးရှားနိုင်ငံများတွင် အရွက်နုများအား ကြိတ်ခြေ၍ရရှိလာသော အရည်များအားအရေပြားအနာ၊ ထိုင်းနိုင်ငံတွင် အနာများ၊ အဖုအပိန့်များ၊ ဆီးချိုသွေးချိုနှင့် ပိုးမွှားများကိုက်သည့် နေရာများအား ကုသရန်အတွက် ထိုအပင်ကို တိုင်းရင်းဆေးဝါး တစ်ခုအဖြစ်အသုံးပြုကြပါသည်။

**ကျူးကျော်မျိုးစိတ်**

၁၉ ရာစုနှစ်လောက်တွင် ပိစပ်သည် သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ အိန္ဒိယရှိ ရုက္ခဗေဒဥယျာဉ်များမှ ပျံ့နှံ့လာခဲ့ပါသည်။ အနောက်ဥရောပနိုင်ငံများတွင် သစ်တောဆိုင်ရာ မျိုးစေ့များနှင့်အတူ အမှတ်တမဲ့ ဝင်ရောက်လာခဲ့ပါသည်။ တောင်အာဖရိကတွင် ပန်းအလှပင်အဖြစ် အသုံးပြုရန်ဝင်ရောက်လာပြီး ၁၉၅၂ ခုနှစ်တွင် Ivory ကမ်းရိုးတန်းရှိ Imperata grasses (သက္ကယ်မြက်)များအား ထိန်းချုပ်နှိမ်နင်းရန်အတွက် ဝင်ရောက်လာခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် ဩစတေးလျနိုင်ငံ၊ Queensland ၌ ပိစပ်ပေါင်းပင် အားစားကျက်မြေများတွင် စတင်တွေ့ရှိခဲ့ပါသည်။

ကောက်ပဲသီးနှံစိုက်ခင်းများနှင့် သဘာဝပတ်ဝန်းကျင်အနှံ့အပြားတွင် ပိစပ်ပင်များ အလွန်အမင်းဝင်ရောက် ပျံ့နှံ့ပေါက်ရောက်ပြီး ကျွဲနွားများအတွက် အဆိပ်ရှိအပင် ဖြစ်သောကြောင့် ကျူးကျော်မျိုးစိတ် ပေါင်းပင်အဖြစ်သတ်မှတ်ထားပါသည်။ အာဖရိကရှိ ကာကွယ်ထားရှိသောသစ်တောကြီးများတွင် ကျူးကျော်မျိုးစိတ်အဖြစ် အစီရင်ခံထားရှိထားပါသည်။ သီရိလင်္ကာနိုင်ငံ၊ အုန်းစိုက်ခင်းများတွင်မူ နှောင့်ယှက်မှုပေးသော အဓိကပေါင်းပင်တစ်မျိုးလည်းဖြစ်ပါသည်။ ပေါင်းသတ်ဆေးဖြန်းခြင်း၊ ခုတ်လှဲရှင်းခြင်းနှင့် ဆေးဝါးထုတ်လုပ်ရန် သုံးစွဲခြင်းဖြင့် ပေါက်ရောက်မှုကို လျှော့ပါးနိုင်ပါသည်။

**ကိုးကားစာရင်းများ**

– ၂၀၀၆ ခုနှစ်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ မြန်မာ့ဆေးဖက်ဝင်အပင်များ။

–http://www.cabdirect.org/abstract.

**စာမျက်နှာ- ၃၁ မှအဆက်**

လို့တော့ ယူဆလို့မရသေးပါ။ GPS point တိုင်းထားတဲ့ စက်ထဲက Way Point တွေကိုသိမ်းမထားဘဲ ဖျက်ပစ်တာ(ပြန် Check လုပ်လို့မရအောင်) point တွေ ဆင်းမတိုင်းပဲ မြေပုံပေါ်မှာ နေရာချတာတွေကတော့ ဝန်ထမ်းတစ်ဦးချင်းရဲ့ ကိုယ်ကျင့်တရားနဲ့ပဲဆိုင်ပါတယ်။ ခေတ်မီကိရိယာတွေ ဘယ်လောက်ကောင်းကောင်း လူကတီထွင်ထားတာဖြစ်လို့ မကောင်းတဲ့ စိတ်ရှိသူကလည်း မဟုတ်တဲ့နည်းကို ရှာဖွေနေမှာလည်းဖြစ်တယ်။ (ဒါကြောင့် Hacker တွေပေါ်ပြီး ပြဿနာတွေ ရှင်းလင်းနေရတာပေါ့လေ)

ဒါကြောင့် မိမိစိုက်ခင်းကေပြည့်အောင် ခေတ်မီကိရိယာတွေကို မှန်ကန်သောနည်းလမ်းနဲ့ ညွှန်ကြားချက်အတိုင်း မှန်ကန်စွာတိုင်းတာဆောင်ရွက်ပါ။ စနစ်တကျ မှတ်တမ်းမှတ်ရာများ ပြည့်စုံစွာထားရှိပါ။ MRRP လုပ်ငန်းဟာ အထူးစီမံကိန်းဖြစ်တဲ့အတွက် စစ်ဆေးမှုတွေဟာ ပုံမှန်ထက် ပိုများပြီးတိကျစွာစစ်ဆေးမှာဖြစ်လို့ အလွယ်လမ်းကို မလိုက်စေချင်ပါ။ (ဦးစီးရုံးချုပ်မှ အကြီးအကဲများက မလိုအပ်သည့် ပြဿနာများမဖြစ်စေရေး လမ်းညွှန်မှာကြားချက်များ တိကျစွာမှာကြားထားရှိပြီးလည်း ဖြစ်ပါတယ်)၊ ခေတ်မီစက်ကရိယာများနဲ့ သေချာစွာတိုင်းတာထားရန် လိုအပ်သည့်အပြင် ကွင်းတိုင်းဧရိယာအတွင်း စိုက်ပျိုး၍မရသော နေရာများအတွက်လည်း တွက်ချက်ပြီး စိုက်ကေပြည့်အောင် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါမည်။

ဆောင်းပါးအစတွင် တင်ပြထားသကဲ့သို့ ပန္နက်ရိုက်သည့်အချိန်တွင် ပန္နက်ဝင်မည်မျှရှိသည်ကို နေ့စဉ်မှတ်သားခြင်း၊ Base Line, Cross Line များဖြင့် စနစ်တကျ ဆောင်ရွက်ခြင်း၊ ပန္နက်ရိုက်မှတ်ပြီးစီးသည့် ပန္နက်ဝင်ပုံစံကို Graph ဖြင့် စနစ်တကျရေးမှတ်ခြင်း၊ ပန္နက်ရိုက်၍မရသည့် နေရာအားမှတ်သားထားခြင်း၊ ပန္နက်ရိုက်မှတ်ပြီးစီးကြောင်းအစီရင်ခံစာတွင် ပန္နက်ဝင်ပုံစံကို စနစ်တကျရေးဆွဲတင်ပြထားခြင်း၊ စိုက်ခင်းမှတ်တမ်းစာအုပ်၌ အဆိုပါပုံကိုကပ်ထားခြင်းများဖြင့် သေချာစွာ မှတ်တမ်းတင်ထားသင့်ပါကြောင်းအကြံပြုအပ်ပါသည်။

**စိုက်ခင်းတာဝန်ခံဝန်ထမ်းအားလုံး ဘေးဘယာဝေးကွာလို့**
**ရာနှုန်းပြည့်ရှင်သန်သည့် စိုက်ခင်းများဖြစ်ကြပါစေ။**

# To Associate With Wise



ဝန – ဂ၆

ညီ၊ ညီမလေးတို့ရေ ခေါင်းစဉ်က English လိုဖြစ်နေလို့ အထင်မကြီးလိုက်ပါနဲ့၊ (၃၈)ဖြာမင်္ဂလာတရားတော်များထဲက ဒုတိယအချက်လေးကို ကိုယ့်အတွေ့အကြုံနဲ့ တိုက်ဆိုင်နေလို့ Copyယူသုံးလိုက်တာပါ၊ ကိုယ်သစ်တောဦးစီးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကာလတစ်လျှောက် နိုင်ငံခြား(၂)ခေါက်သွားဖူးတယ်၊ ပထမအကြိမ်က ဂျပန်နိုင်ငံမှာTraining Workshop တစ်ခု ရက်ပေါင်း(၁၁၀)ရက် (၃)လကျော် ၁၉၉၉ ခုနှစ်ကပေါ့၊ ဒုတိယအကြိမ်ကတော့ ကမ္ဘောဒီးယားနိုင်ငံမှာ Training Workshop (၁၁)ရက် ၂၀၁၇ခုနှစ်၊ ဇူလိုင်လမကြာသေးမီကပေါ့၊ ကိုယ်တို့မျိုးဆက်ဟာ နိုင်ငံခြားသွားရမှာ ဖိအားအရမ်းများပါတယ်၊ တစ်နည်းအားဖြင့် စိုးရိမ်ကြောက်ရွံ့ကြတယ်ဆိုပါတော့၊ ဘာလို့လည်းဆိုတော့ ကိုယ်တို့ခေတ်က အင်္ဂလိပ်စာကို ပဥ္စမတန်းရောက်မှ A,B,C စသင်ရတယ်၊(၈)တန်း၊(၉)တန်း၊(၁၀)တန်းမှာ ကိုယ်ပိုင်ဝါကျကောင်းကောင်း မတည်ဆောက်တတ်သေးဘူး၊ မြန်မာစာစကားကို ထုံးလိုချေ၊ ရေလိုနောက် ရေးသားပြောဆိုနိုင်ပေမဲ့ အင်္ဂလိပ်စာမှာတော့ မုန့်လေပွေချေတာလောက်တောင်မရေးနိုင်၊မပြောနိုင်ကြဘူး၊ ပြောနိုင်ရေးနိုင်အောင်လည်း အားမထုတ်ခဲ့ကြဘူး၊ အချို့သောအနည်းစုကလွဲလို့ပေါ့– ဒါပေမဲ့လည်း ကိုယ်တို့မျိုးဆက်တွေ နိုင်ငံခြားခရီးစဉ်တွေ၊ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေသွားနေရတာပဲ တာဝန်အရဆိုတော့ ရှောင်လို့မှမရပဲလေ။

ပထမတစ်ခေါက် ကိုယ်သွားခဲ့တဲ့ အတွေ့အကြုံကတော့ အတော်အူကြောင်ကြောင် နိုင်လှတယ်၊ အထက်မှာ ပြောခဲ့သလို အင်္ဂလိပ်စာကညံ့၊ ပထမဆုံး နိုင်ငံခြားခရီးစဉ်ကလည်း ဖြစ်၊ ကာလကလည်း (၃)လကျော် အကြာကြီး သူများတွေ ဂျပန်လို နိုင်ငံမျိုး အလုအယက်သွားချင်နေတဲ့အချိန်၊ ကိုယ့်မှာတော့ စိတ်ဖိစီးမှုတွေ၊ ထိတ်လန့်မှုတွေ၊ အားငယ်မှုတွေနဲ့ ပြည့်နှက်နေတဲ့ အချိန်ပေါ့၊ ဒီလိုနဲ့ပဲ ရန်ကုန်–ဂျပန်တိုက်ရိုက်လေယာဉ် All Nipon Air Line နဲ့ Kansai international လေဆိပ်ရောက်ခဲ့တယ်၊လေဆိပ်မှာဖြေကြားရမဲ့ အမေးအဖြေတွေ ကျက်မှတ်သွားတာတောင် တစ်ကယ်တန်း ပြောဆိုရတော့ တောင်တစ်လုံး မြောက်တစ်လုံး၊ ရှေ့ရောက်နောက်ရောက်၊ အဆီအငေါ်မတည့် စကားတွေအပြင် လက်ဟန်ခြေဟန် နည်းမျိုးစုံသုံးတာတောင် အဆင်မပြေချင်ဘူး၊ မိုးမမိပဲ ချွေးတွေရွှဲလို့ပေါ့၊ ရာသီဥတု ဒီလောက်အေးတဲ့ ဂျပန်နိုင်ငံဟာ ကိုယ့်အတွက်တော့ မအေးနိုင်ခဲ့ပါဘူး၊ သင်တန်းစတက်တဲ့နေ့က စပြီး ပြန်ရမဲ့ရက်ကို တာလီမှတ်ပြီး စောင့်နေရတဲ့ ကိုယ့်ရဲ့အဖြစ်ဟာ ဝဋ်ကြွေးတစ်ခုပေးဆပ်နေရသလိုပါပဲ၊ ဘယ်သူနဲ့မှလည်း စကားမပြောဘူး၊ သင်တန်းမှာ ပြန်မေးတာမျိုးလည်း မလုပ်ခဲ့ဘူး၊ မဖြစ်မနေမှပဲ လိုရင်းတိုရှင်း ပြောတာကလွဲပြီး တေမိလုပ်နေခဲ့ရင်း၊ လိုက်နာမှတ်သားရင်း၊ လေ့လာကြည့်ရှုရင်း တာဝန်တစ်ခုပြီးမြောက်ခဲ့ရတယ်။

ညီ၊ ညီမလေးတို့ရေ ကိုယ်အဓိကပြောချင်တာက ခုမှစမှာ–ဒုတိယအကြိမ် နိုင်ငံခြားခရီးစဉ်ကျတော့ ကြုံသိရတော့ အချိန်နဲနဲပိုရတယ်၊ လေ့လာဖတ်ရှုရလွန်းလို့ မျက်မှန်တောင် ပါဝါတက်သွားတယ်၊ အဓိကတော့ နိုင်ငံခြားခရီးစဉ်မှာ အင်္ဂလိပ်လိုပြောဖို့ဆိုတာ သိပ်မခက်ပါဘူး၊ ဘာသာပြန်ရတာတွေ၊ ရေးရတာတွေ၊ ခက်ချင်ခက်မယ်၊ စကားပြောက မရှင်းပြတတ်ရင် မရှင်းပြတတ်ကြောင်း အလိမ္မာနဲ့ငြင်းလိုက်ရုံပဲ ဘယ်သူမှအတင်းအကြပ်လိုက်မမေး၊ ထပ်မမေးပါဘူး၊ အရေးကြီးဆုံးက အင်္ဂလိပ်လို ကောင်းကောင်းပြောတတ်တဲ့ အသံပီသတဲ့မိတ်ဆွေနဲ့ ပြောဆိုပေါင်းသင်းဖို့ပါပဲ၊ ကိုယ်ဂျပန်ခရီးစဉ်တုန်းက (၆)နိုင်ငံအဖွဲ့မှာ အင်္ဂလိပ်စာအားနည်းတာ မြန်မာကကိုယ်ရယ်၊ အင်ဒိုနီးရှားက တစ်ယောက်ရယ်၊ ထိုင်းကတစ်ယောက်ရယ်ပါ (၃)ယောက်စလုံးသူမသာ ကိုယ်မသာပါပဲ၊ အဲ့ဒီမှာ ကိုယ်ရယ် အင်ဒိုရယ်က မပြောရဲမဆိုရဲကြောက်ကြတော့ နှစ်ယောက်ပဲ ပေါင်းမိကြတာပေါ့ မပြောတတ်သူချင်းဆိုတော့ International

Language တွေလည်း ပါတာပေါ့၊ အခြားသူတွေနဲ့ သိပ်မတွဲဖြစ်ဘူးပေါ့၊ အင်္ဂလိပ်လိုစကားလာပြောရင် ကိုယ်မှကောင်းကောင်း နားမလည်တဲ့အပြင် ပြန်ပြောဖို့လည်း ခက်တာကိုး။ အဲ-ထိုင်းတစ်ယောက်ကျတော့ သူတို့တွေနဲ့ပေါင်းတယ် ဟုတ်တိဟုတ်ဟုတ် မဟုတ်တိမဟုတ်ဟုတ်လိုက်ပြောတယ်၊ စဉ်းစားကြည့်လေ (၃)လကျော်အချိန် နေ့စဉ်အင်္ဂလိပ်စကား ကြည့်ပြောနေရတော့ အဲဒီထိုင်းတစ်ယောက် ပြန်ခါနီးမှာ တော်တော် သွက်သွက်လက်လက်ဖြစ်သွားတယ်၊ ကိုယ်နဲ့ အင်ဒိုကတော့ သင်တန်းသာပြီးသွားတယ် မှတ်စုစာအုပ်တွေ ပြန်သယ်လာရတာသာများလာတယ်၊ အင်္ဂလိပ်စာကတော့ ဒုံရင်း။ ယခုခေတ်အလယ်တန်းအဆင့်လောက်က မတက်ဘူး။

အဲဒီအတွေ့အကြုံက ကိုယ်အခု ဒုတိယအကြိမ်မှာ ထုတ်သုံးဖို့ဖြစ်လာတယ်၊ သင်ကြားတာလုံးစေ့ပတ်စေ့ နားမလည်တာအသာထား။ ပြောတတ်ဆိုတတ် ဝင်ရောက်ဆွေးနွေးတတ်ရင် အဆင်ပြေပါတယ်၊ ကိုယ်ကဝင်ရောက်ဆွေးနွေးတဲ့အဆင့်တော့ သိပ်မရသေးပါဘူး။ ဒါပေမဲ့ အင်္ဂလိပ်စာကို မိခင်ဘာသာစကားအဖြစ် သုံးတဲ့နိုင်ငံသားတွေနဲ့ ပေါင်းတယ်၊ လေ့လာရေးခရီးကားစီးရင် သူတို့နဲ့အတူထိုင်တယ်၊ လျှောက်မေးတယ်၊ တစ်ခါတလေ ကိုယ်မေးတဲ့မေးခွန်းက ရိုးရိုးပြောတဲ့ အဓိပ္ပါယ်မျိုးလည်း ဖြစ်ချင်ဖြစ်သွားတာပဲ၊ ဥပမာ-မင်းမှာ ခဲတံတစ်ချောင်းရှိသလား ဆိုတာကို Do you have a pencil? လို့မေးရမဲ့နေရာမှာ You have a pencil?လို့မေးမိတာမျိုး ဒါဆိုကောင်းကောင်း နားလည်တဲ့သူကသိတယ်၊ အလိုက်သင့် ပြန်ဖြေပေးတယ်၊ တစ်ခါတလေကျ မင်းဆိုလိုတာ ငါ့မှာခဲတံရှိသလားလို့ မေးချင်တာလား။ Your mean. Do I have a pencil? လို့ ပြန်ပြောကြတော့ ကိုယ့်အတွက် စကားလုံးအမှန် သုံးတတ်သွားတာပေါ့၊ ဒါ့အပြင် ကိုယ်ကအင်္ဂလိပ်စကား အားနည်းမှန်းသိတော့ သူတို့အနေနဲ့ Idioms တွေသိပ်မသုံးပဲ Simple လေးတွေသုံးပြောတာမျိုး တစ်ခါတလေ ကိုယ်မသိတဲ့ ဝေါဟာရဆိုရင် အလားတူစကားလုံးနဲ့ ပြောတာမျိုးဆိုတော့ ကိုယ့်အတွက် အကျိုးရှိနားလည် လွယ်စေတာပေါ့ - ညီ၊ ညီမလေးတို့သိထားဖို့က ဘာသာစကားတစ်ခု ကျွမ်းကျင်ပိုင်နိုင်တဲ့သူတစ်ယောက်ဟာ အခြားမကျွမ်းကျင်သူရဲ့ ဘယ်လိုအသုံးအနှုန်းမျိုးမဆို အနီးစပ်ဆုံးနားလည် သဘောပေါက်ကြတယ်။

ကိုယ်တို့ ညီ၊ ညီမလေးတို့လည်း ကိုယ့်ဘာသာစကားတောင် ငယ်ငယ်ကဝေါဟာရကြွယ်အောင် တတ်ခဲ့တာမှမဟုတ်တာ၊ မန်မန်းလို့ ပြောလိုက်ရင် မိဘတွေက ထမင်းတောင်းတယ်၊ အီအီးလို့ပြောလိုက်ရင် ဝမ်းသွားနေတာဆိုတာ၊ ဘာမှမပြောပဲ ငိုလိုက်ရင်တောင် တစ်ခုခုဖြစ်နေလို့ဆိုတာ လူကြီးမိဘတွေက အဓိပ္ပါယ်ကောက်နိုင်သလိုပါပဲ၊ ကိုယ်က မတောက်တခေါက်ပေမဲ့လည်း၊ တစ်ကယ်ကျွမ်းကျင်တဲ့သူကို မရှက်မကြောက်ပြောပါ၊ မှားပါစေ၊ အဓိကကိုယ်ပြောချင်တာ သူနားလည်ရင် အဆင်ပြေတာပဲ၊ ကိုယ်ကျွမ်းကျင်ဖို့က အချိန်ရယ်၊ စိတ်ဝင်စားမှုရယ်၊ ကြိုးစားအားထုတ်မှု ဝီရိယရယ်လိုတာပေါ့၊

ရှေ့မှာ ပြောခဲ့သလိုပဲ ကိုယ်တို့မျိုးဆက်ကလည်း သစ်တောဌာနမှာ ဒုတိယမျိုးဆက်ဆိုပေမဲ့ အသက်တွေက အများကြီးမကွာကြတဲ့အတွက် ''ငြမ်း''သဘောမျိုးပါပဲ။ တတိယမျိုးဆက်ဖြစ်တဲ့ ညီ၊ ညီမလေးတို့ခေတ်မှာ သစ်တောဌာနကြီးတိုးတက်ဖို့၊ သူများထက်ရှေ့ရောက်ဖို့ သမိုင်းသစ်တစ်ရပ် ရေးထိုးစိုက်ထူနိုင်ဖို့ အများကြီးမျှော်လင့်ထားတာပါ၊ သိက္ခာရှိရှိရပ်တည်ခဲ့တဲ့ ကိုယ်တို့ဌာနကြီးကို လက်ရှိမျိုးဆက်တွေက နဂိုရှိရင်းထက် မနိမ့်ရအောင်၊ လျော့မကျသွားအောင် ရှိတဲ့အင်အား နိုင်သမျှဝန်ကို မငြီးမငြူထမ်းနေကြလေရဲ့၊ ဒုတိယမျိုးဆက်မှာ - ညီ၊ ညီမလေးတို့ တတိယမျိုးဆက်ကို လက်တွဲပြီး သိသာထင်ရှားတဲ့တိုးတက်မှုရအောင် မလုပ်နိုင်သေးရင်တောင် အောင်မြင်တိုးတက်မှုလမ်းပေါ်ရောက်အောင် တွဲခေါ်လက်ဆင့်ကမ်းဖို့ အတွေ့အကြုံကောင်းတွေ ဝေမျှပေးဖို့ အသင့်ကြိုဆိုနေကြလေရဲ့၊

ဒါကြောင့် တတိယမျိုးဆက် ညီ၊ ညီမလေးတို့အနေနဲ့ မဝေးတော့တဲ့ကာလမှာ ဌာနတာဝန်များကို ဦးဆောင်ကြရတော့မှာဖြစ်တဲ့အတွက် အိမ်မှာဖြစ်စေ၊ ရပ်ကွက်ထဲမှာဖြစ်စေ၊ မြို့ထဲမှာဖြစ်စေ၊ အလုပ်လုပ်တဲ့ဌာနထဲမှာဖြစ်စေ၊ နိုင်ငံခြားခရီးစဉ်မှာဖြစ်စေ၊ သူမသာ ကိုယ်မသာ၊ ပုလင်းတူဘူးစို့၊ ကုလားကြီးနဲ့အရာကြီး၊ ပိန်မသာ လိမ်မသာမနေကြပဲ မင်္ဂလာတရားတော်နဲ့လည်းအညီဖြစ်တဲ့ ကောင်းမွန်တဲ့ အကျိုးရှိတဲ့ "To Associate with wise" ''ပညာရှိသူနှင့် ပေါင်းသင်းမှီဝဲ ဆည်းကပ်ခြင်း''ဖြင့် အောင်မြင်သော ပန်းတိုင်လျှောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုရေးသားတင်ပြလိုက်ရပါသည်။






ဟိန်းထက်အောင်၊ တောအုပ်ကြီး၊
သစ်တောသုတေသနဌာန

ကိုရီးယားသမ္မတနိုင်ငံ အခြေစိုက်ဖြစ်သော အာဆီယံ-ကိုရီးယားသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (AFoCo)၏ အထောက်အပံ့ဖြင့် 'ရာသီဥတုပြောင်းလဲလာမှုကြောင့် လူသားတို့၏ လူမှုစီးပွားရေးအပေါ် အကျိုးသက်ရောက်မှုအား ဆန်းစစ်လေ့လာခြင်း' သုတေသနပြုလုပ်ရန်အတွက် ကျွန်တော်အပါအဝင် သုတေသီ(၃)ဦးသည် နေပြည်တော်၊ ရေဆင်းမှ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ပိုင်းမော်မြို့တို့အတွင်းရှိ ကျေးရွာငယ်လေးများအား လူမှုစီးပွားရေး စစ်တမ်းကောက်ယူရန်အတွက် ၁၀-၃-၂၀၁၆ ရက်နေ့မှ ၁၇-၃-၂၀၁၆နေ့အထိ ဆောင်ရွက်ခဲ့ပါသည်။

စာဖတ်သူတို့ သိကြသည့်အတိုင်း ကချင်ပြည်နယ်သည် အနောက်လတ္တီကျု ၂၄ ဒီဂရီ ၂၉ မိနစ်နှင့် ၂၇ ဒီဂရီ ၄၁ မိနစ်၊ အရှေ့လောင်ဂျီကျု ၉၆ ဒီဂရီ ၄၆ မိနစ်နှင့် ၉၈ ဒီဂရီ ၄၅မိနစ်အတွင်းတည်ရှိပြီး အနောက်မြောက်ဘက်နှင့် အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်တွင် ရှမ်းပြည်နယ်နှင့် အနောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတို့နှင့် ထိဆက်နေပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၅၀၀ မီတာမှ ၂၇၄၃ မီတာအတွင်းရှိပြီး ပျမ်းမျှအမြင့်ဆုံးအပူချိန်မှာ ၃၈ . ၅၈˚C နှင့် အနိမ့်ဆုံးအပူချိန်မှာ ၈ . ၇၆˚C ရှိပါသည်။ (မြစ်ကြီးနားသစ်တောဦးစီးဌာန၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ တိုင်းထွာရရှိသည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်)

ကချင်ပြည်နယ်သည် ဇီဝမျိုးစုံ၊ မျိုးကွဲများပေါကြွယ်ဝသော ရွက်ပြတ်ရောနှောတော၊ တောင်ပေါ်တောနှင့် အမြဲစိမ်းတောများ ပေါက်ရောက်ရာဒေသဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် သဘာဝကပေးသော အမွေအနှစ်ကြီးတစ်ခုသဖွယ် ရပ်တည်နေပါသည်။ စစ်တမ်းများအရ မြစ်ကြီးနားမြို့နယ်တွင် (၆၁,၄၀၄)အိမ်ထောင်စု၊ လူဦးရေမှာ (၃၇၉,၃၅၅)ရှိပြီး ပိုင်းမော်မြို့နယ်တွင် (၁၇,၂၃၉)အိမ်ထောင်စု၊ လူဦးရေမှာ(၁၅၂,၁၀၁)ရှိပါသည်။

ပထမဦးစွာ မြစ်ကြီးနားမြို့နယ်အတွင်းရှိ အာလန်ကျေးရွာ၊ လွယ်ခါကျေးရွာနှင့် မလိခကျေးရွာများအား ကျေးရွာအတွင်းနေထိုင်သော တိုင်းရင်းသားလူမျိုးစုအရေအတွက်ကို စစ်တမ်းကောက်ယူခဲ့ရာ ကချင်၊ ရှမ်း၊ ဗမာ၊ လဟွမ်၊ လချီးနှင့် တရုတ်လူမျိုးအနည်းငယ်နေထိုင်ပြီး အများစုမှာ ကချင်လူမျိုးများနေထိုင်ကြောင်း တွေ့ရှိရပါသည်။ ပညာရေးအခြေအနေအား ဆက်လက်ကောက်ယူခဲ့ရာ မူလတန်း၊ အလယ်တန်းအဆင့်အထိ သင်ယူတတ်မြောက်ခဲ့ပြီး အထက်တန်းအဆင့်အထိ သင်ယူတတ်မြောက်မှုမှာ အနည်းငယ်သာရှိပါသည်။ ထို့နောက် ကျန်းမာရေးအသိပညာပေးအခြေအနေနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ ကျေးရွာအားလုံးကိုယ်စားပြု သားဖွားဆရာမတစ်ယောက်သာရှိကြောင်း၊ လျှပ်စစ်မီးရရှိမှု အခြေအနေများမှာလည်း အချို့နေရာများတွင် ဆိုလာပြားများဖြင့် အသုံးပြုကြပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောနေရာများတွင် ပြည်နယ်အစိုးရ အကူအညီဖြင့် လျှပ်စစ်တာဝါတိုင်များ အသုံးပြုကြသည်ကို တွေ့ရှိရပါသည်။

ဒေသခံများသည် စားဝတ်နေရေးအတွက် ပျမ်းမျှလစဉ်ဝင်ငွေရှိသော ရာဘာစိုက်ခင်းများ၊ မျိုးရိုးစဉ်ဆက်လုပ်ကိုင်စားသောက်သော ပယင်းကျောက်ထုတ်လုပ် ရောင်းချသောလုပ်ငန်း၊ သစ်ရောင်းဝယ်သောလုပ်ငန်း၊ တံမြက်စည်းထုတ်လုပ်ရောင်းချသောလုပ်ငန်း၊ အရက်ချက်လုပ်ငန်း၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ၊ ဝါးခုတ်မျှစ်ချိုးယူခြင်းလုပ်ငန်း၊ တစ်နိုင်တစ်ပိုင် စပါးစိုက်ပျိုးသည့်လုပ်ငန်း၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးခြင်းလုပ်ငန်းများ၊ မီးသွေးရောင်းဝယ်ခြင်း လုပ်ငန်းများအပြင် အခြားလုပ်ငန်းများကိုလည်း လုပ်ကိုင်စားသောက်ကြပါသည်။

**ဒေသခံပြည်သူများ၏ လုပ်ကိုင်စားသောက်သည့် လုပ်ငန်းများနှင့် ပျှမ်းမျှဝင်ငွေတွက်ချက်တိုင်းတာမှုအခြေအနေ**

| စဉ် | ဝင်ငွေရရှိသည့် အလုပ်အကိုင် | မြစ်ကြီးနား | | ဗိုင်းမော် | | ပျှမ်းမျှဝင်ငွေ (US$/Year) |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | အိမ်ထောင်စု | % | |
| ၁ | ဝါးထုတ်ယူခြင်းလုပ်ငန်း | ၂၄၂ | ၆၀.၂ | | | ၅၀၀ |
| ၂ | မျှစ်ထုတ်ယူခြင်းလုပ်ငန်း | ၁၁၉ | ၂၉.၇ | | | ၂၅၀ |
| ၃ | ဆေးဘက်ဝင်အပင်များစုဆောင်းခြင်းလုပ် ငန်း | ၂ | ၀.၅ | | | ၁၆၇ |
| ၄ | တံမြက်စည်းစုဆောင်းခြင်းလုပ်ငန်း | ၄၃ | ၁၀.၆ | | | ၁၅၀၀ |
| ၅ | တံမြက်စည်းရောင်းဝယ်ခြင်းလုပ်ငန်း | ၂ | ၀.၅ | ၁၄၅ | ၅.၇ | ၃၀၀၀ |
| ၆ | နေ့စားအလုပ် | ၂၉၁ | ၇၂.၆ | ၈၁၄ | ၃၂.၁ | ၉၅၀ |
| ၇ | တောင်ယာစိုက်ပျိုးခြင်း(စပါး) | ၆၀ | ၁၄.၉ | ၁၄၁၈ | ၅၆.၀ | ၁၀၄၂ |
| ၈ | ရွှေပြောင်းအလုပ်လုပ်ကိုင်ခြင်း | ၆၉ | ၁၇.၃ | | | ၂၀၀၀ |
| ၉ | တိုင်းတစ်ပါးတွင်အလုပ်လုပ်ကိုင်ခြင်း(တရုတ်) | ၉ | ၂.၁ | | | ၃၀၀၀ |
| ၁၀ | အိမ်ဆိုင်လုပ်ငန်း | ၁၅ | ၃.၆ | ၁၂၇ | ၄.၇ | ၁၀၅၀ |
| ၁၁ | တစ်နိုင်တစ်ပိုင် တိရစ္ဆာန်များ မွေးမြူခြင်း လုပ်ငန်း (အသေးစား ၅ကောင်အောက်) | ၂၇၇ | ၆၉.၀ | ၁၃၆၈ | ၅၄.၀ | ၂၅၀ |
| ၁၂ | တစ်နိုင်တစ်ပိုင် တိရစ္ဆာန်များ မွေးမြူခြင်း လုပ်ငန်း(အသေးစား ၁၀ ကောင်အထက်) | ၄၇ | ၁၁.၆ | | | ၂၀၀၀ |
| ၁၃ | ကုန်မျိုးစုံရောင်းဝယ်သောလုပ်ငန်း | ၂ | ၀.၅ | | | ၂၄၀၀ |
| ၁၄ | အရက်ချက်လုပ်ငန်း | ၁၇ | ၄.၂ | ၃၇၃ | ၁၄.၇ | ၄၅၈ |
| ၁၅ | ဥယျာဉ်ခြံလုပ်ငန်း(၁၀ ဧက အထက်) | ၂၄ | ၅.၉ | | | ၁၁၆၇ |
| ၁၆ | ဥယျာဉ်ခြံလုပ်ငန်း(၅ ဧက အောက်) | ၆၂ | ၁၅.၆ | ၁၄၂၀ | ၅၆.၁ | ၃၇၅ |
| ၁၇ | အိမ်ဆိုင်(ငါး) | ၃ | ၀.၈ | | | ၁၂၀၀ |
| ၁၈ | ထင်းစုဆောင်းခြင်းလုပ်ငန်း | ၅၉ | ၁၄.၇ | | | ၅၈၃ |
| ၁၉ | ထင်းအစားထိုးစိုက်ခင်း | ၁၁ | ၂.၈ | | | ၁၂၂ |
| ၂၀ | ရွှေပြောင်းတောင်ယာလုပ်ငန်း(စပါးစိုက်ခြင်း) | ၁၁ | ၂.၈ | | | ၂၅၀ |
| ၂၁ | ဥယျာဉ်ခြံသီးနှံစိုက်ပျိုးခြင်း(ခညင်းသီး) | ၉၀ | ၂၂.၅ | | | ၁၁၆၇ |
| ၂၂ | စိုက်ပျိုးရေးသုံးပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း | ၆ | ၁.၄ | ၁၄၁၈ | ၅၆.၀ | ၁၉၂ |
| ၂၃ | မီးသွေးကုန်သည် | ၁၅ | ၃.၇ | | | ၄၀၀၀ |
| ၂၄ | မီးသွေးထုတ်လုပ်ရောင်းချခြင်း | ၄၇ | ၁၁.၈ | | | ၁၂၀၀ |
| ၂၅ | စိုက်ခင်းအစောင့် | ၁၂ | ၂.၉ | | | ၈၀၀ |
| ၂၆ | ရာဘာစိုက်ခင်းစိုက်ပျိုးခြင်း | ၉၄ | ၂၃.၅ | | | ၄၁၆၇ |
| ၂၇ | လက်သမားလုပ်ငန်း | ၃၀ | ၇.၄ | ၂၃၆ | ၉.၃ | ၁၃၇၅ |
| ၂၈ | မီးရထားဘူတာရုံအလုပ်သမား | ၃၀ | ၇.၄ | | | ၁၈၀၀ |
| ၂၉ | တစ်နိုင်တစ်ပိုင်ဝါးစိုက်ပျိုးခြင်း | | | ၉၈၂ | ၃၈.၇ | ၁၂၅၀ |
| ၃၀ | သစ်မဟုတ်သော သစ်တော ထွက်ပစ္စည်း စုဆောင်းခြင်း | | | ၁၂၇ | ၅.၀ | ၅၀ |
| ၃၁ | ကျောက်တူးခြင်းလုပ်ငန်း | | | ၇၆၀ | ၃၀.၀ | ၃၀၀၀ |
| ၃၂ | ငှက်ပျောစိုက်ခင်းတွင် လုပ် ကိုင်ခြင်း | | | ၂၀၁ | ၇.၉ | ၆၀၀ |
| ၃၃ | ပယင်းကျောက်စုဆောင်းခြင်းလုပ်ငန်း | | | ၁၃၀ | ၅.၁ | ၁၂၅၀ |
| ၃၄ | ပယင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း | | | ၅၅၉ | ၂၂.၁ | ၄၁၆၇ |
| ၃၅ | သစ်ကုန်သည် | | | ၅၀ | ၂.၀ | ၄၁၆၇ |
| ၃၆ | အုတ်ထုတ်လုပ်ခြင်းလုပ်ငန်း | | | | | ၈၃၃ |

အမေရိကန်တစ်ဒေါ်လာ =၁၂၀၀ ကျပ်

အထက်ပါစစ်တမ်းများအရ ရာဘာစိုက်ပျိုးသည့်လုပ်ငန်း၊ ပယင်းကျောက်ထုတ်လုပ်ရောင်းဝယ်သည့် လုပ်ငန်းများကို အများဆုံးလုပ်ကိုင် စားသောက်ကြပြီး သစ်ရောင်းဝယ်သော လုပ်ငန်း၊ မီးသွေးထုတ်လုပ်သောလုပ်ငန်း၊ တံမြက်စည်းထုတ်လုပ်သောလုပ်ငန်းများကိုလည်း ဒုတိယအများဆုံးလုပ်ကိုင် စားသောက်ကြပါသည်။

ဒေသခံပြည်သူများအနေနှင့်လည်း ရာသီဥတုပြောင်းလဲလာမှုသည် မိမိတို့၏အခြေခံစားဝတ်နေရေး အပေါ်များစွာ အကျိုးသက်ရောက်မှုရှိသည်ကိုလည်း နားလည်သဘောပေါက်ကြပါသည်။ ဥပမာအားဖြင့် ပြောရလျှင် ရာသီအလိုက် အချိန်အခါအလိုက် မိုးရွာသွန်းရမည်ကို မရွာသွန်းခြင်း၊ အချိန်အခါမဟုတ်မိုးရွာသွန်းခြင်း၊ ပုံမှန်ထက် မိုးပိုခြင်းများ၊ တစ်နှစ်ထက်တစ်နှစ် အပူချိန်များတိုးလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ မြစ်ချောင်းအင်းအိုင်များခန်းခြောက်လာခြင်း စသည်တို့အပေါ် သိမြင် နားလည်သဘောပေါက်ကြပါသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲလာမှုများသည် မိမိတို့၏စားဝတ်နေရေးအပြင် အခြားသော လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အပေါ် သက်ရောက်မှုများရှိသည်ကို သိရှိကြပါသည်။

အတန်းပညာအားဖြင့် အလယ်တန်းအဆင့်ထိသာ တတ်မြောက်ခဲ့ကြသော်လည်း သစ်ပင်သစ်တောများအား ချစ်မြတ်နိုးသောစိတ်၊ ထိန်းသိမ်းကာကွယ်လိုသောစိတ်၊ ရာသီဥတုပြောင်းလဲမှုသည် သစ်တောများပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား လျော့ကျခြင်းတို့ကြောင့်ဖြစ်ပေါ်သည်ကို အလွယ်တကူသိရှိ သဘောပေါက်ကြပါသည်။ မိမိတို့စိုက်ပျိုးသောသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရန် မြေဆီမြေသြဇာ၏ သဘောတရား၊ ဂုဏ်သတ္တိများကိုလည်း သိရှိသဘောပေါက်ကြပြီး ရာသီဥတု၊ မိုးရေချိန်၊ ပျှမ်းမျှအပူချိန်များနှင့် အောင်မြင်စွာစိုက်ပျိုးနိုင်ကြသည်။



ဝါးစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း



တံမြက်စည်းစုဆောင်းခြင်းလုပ်ငန်း



ပယင်းကျောက်ထုတ်လုပ်ခြင်းလုပ်ငန်း



အရက်ချက်လုပ်ခြင်းလုပ်ငန်း

ထို့ကြောင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများအပြင် ပြင်ပအဖွဲ့အစည်းများ (NGOs)၏ အကူအညီဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။

မိမိတို့နေ့စဉ် စားဝတ်နေရေးလိုအပ်ချက်များသည် သစ်ပင်သစ်တောများမှရရှိကြောင်းနှင့် လူသားတို့နေ့စဉ်လိုအပ်လျက်ရှိသော ဆေးဝါး၊ လူ့အသုံးအဆောင်များ ထုတ်ယူသုံးစွဲနိုင်ပြီး၊ သစ်တောထွက်ပစ္စည်းများအား တင်ပို့ရောင်းချခြင်း၊ သဘာဝခရီးသွားလုပ်ငန်း(ဥပမာ–Ecotourism Site)မှလည်း နိုင်ငံခြားဝင်ငွေအမြောက်အမြား ရရှိနေသည်ကို သိရှိနားလည်ကြပြီး 'သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနား' ဆိုရိုးအတိုင်း သစ်ပင်သစ်တောများသည် လူသားအားလုံးနှင့် ဇီဝမျိုးစုံမျိုးကွဲများသည် သဘာဝကပေးသော လက်ဆောင်ကောင်းတစ်ခုဖြစ်ကြောင်း သဘောပေါက်ကြပါသည်။

အချုပ်အားဖြင့် ရာသီဥတုပြောင်းလဲလာမှုသည် လူသားတို့စားဝတ်နေရေးအတွက် များစွာသက်ရောက်မှုရှိပြီး သစ်ပင်သစ်တောများ စဉ်ဆက်မပြတ်ထုထောင်ခြင်းအား သားစဉ်မြေးဆက် လက်ဆင့်ကမ်းယူဆောင်သွားရန် (Sustainable conservation and development)မှာ အလွန်ပင်အရေးကြီးပါကြောင်း တင်ပြအပ်ပါသည်။

# မူးယစ်သောက်စားခြင်း၏ အန္တရာယ်စဉ်းစားဘွယ်

**၁၉၅၆ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သော မြန်မာပြည်သစ်တောကြေးမုံမှ ဖျဉ်းမနား၊ သစ်တောကျောင်းသားဟောင်း(မောင်ပြုံး)ရေးသားသော ဆောင်းပါးအား ပြန်လည်တည်းဖြတ်တင်ပြအပ်ပါသည်။**

'အရက်နှင့်သစ်တောအရာရှိဆိုသည့်' ဆောင်းပါးကလေးတစ်စောင်ကို ဖတ်လိုက်ရသည်နှင့် သို့လော သို့လောဟု အချို့သောသူများက စဉ်းစားလျက်နေကြမည်ကို တွေးခေါ်မျှော်ဆမိသည့်အားလျော်စွာ၊ အထက်ပါဆောင်းပါးကို ထောက်ခံသည့်အနေအားဖြင့် အရက်အပေါ်တွင် ပင်လယ်ရပ်ခြားတိုင်းတစ်ပါးသားတို့၏ သမာသမတ်ယူဆကြပုံများ ကို မိမိဆည်းပူးရမိခဲ့သလောက် ကောက်နုတ်ဘာသာပြန်ခါ ဗဟုသုတဖြစ်ကြစေရန် ရည်သန်ပြီး အောက်ပါအတိုင်း ရေးသားဖော်ပြလိုက်ရပါကြောင်း။

## အရက်သောက်ကြူးခြင်း

(၁) ပဌမတစ်ခွက်သောက်ခြင်းတွင် ကျန်းမာစေ၏။ ဒုတိယတစ်ခွက်မှာ ပျော်ရွှင်စေ၏။ တတိယတစ်ခွက်သည် အရှက်ရစေ၏။ စတုတ္ထတစ်ခွက်သည် ရူးစေ၏။

(၂) ဂျပန်စကားပုံအရ၊ ပဌမတွင် လူသည်အရက်ကိုသောက်၏။ ဒုတိယတွင် အရက်သည် အရက်ကိုသောက်၏။ နောက်ဆုံးတွင် အရက်သည် လူကိုသောက်၏။

(၃) ' ထန်းရေမူး၊ကျွဲခိုးပေါ် ' ဆိုသည့် စကားအရ၊ တစ်ခွက်သောက်ပြီးမှ မှန်ရာကိုပြောတတ်၍ မမူးဘဲနေသည့်အချိန်တိုင်း လိမ်လည်ပြောဆိုခါနေတတ်သူအား၊ အဘယ်နည်းဖြင့် ဆက်ဆံပေါင်းသင်းနိုင်ပါအံ့နည်း။

(၄) အရက်ဆိုင်သို့ သွားခြင်းသည် အရှုံးသာထွက်သည့်ဘဏ်တိုက်နှင့်တူ၏။ သင်၏ငွေကိုမြှုပ်နှံခဲ့၏။ ရှုံး၏။ သင်၏ လူမှုလွတ်လပ်ခြင်းကို မြှုပ်နှံခဲ့၏။ မိမိကိုယ်အားစောင့်ထိန်းမှုကို မြှုပ်နှံခဲ့၏။ ရှုံး၏။ သင်၏ သားသမီးများ လွတ်လပ်ပျော်ရွှင်မှုကို မြှုပ်နှံခဲ့၏။ ရှုံး၏။ သင်၏အသက် စည်းစိမ်ကို မြှုပ်နှံခဲ့၏။ ရှုံး၏။

(၅) သာမန် အရက်သမားတစ်ဦးသည်၊ သောက်စားမူးယစ်ခြင်းကို ဆန္ဒရှိလျှင် ရှောင်ကြဉ်နိုင်၏။ မူးယစ်သောက်စားခြင်းကင်းသူသည်၊ တတ်နိုင်သ၍ ရှောင်ကြဉ်၏။

(၆) ဝီစကီသည်၊သူနေရာနှင့်သူ အသုံးဝင်၏။ လူသေကိုဆေးစိမ်ရာ၌ ဝီစကီလောက်ကောင်းသောဆေးဟူ၍ မရှိခဲ့ချေ။ လူသေကို ဆေးစိမ်ထားလိုလျှင် ဝီစကီတွင်ထည့်ထားပါလေ။ လူရှင်ကိုသေစေလိုလျှင် ဝမ်းထဲသို့ ဝီစကီထည့်လေ။

(၇) ပုလင်း၏အတွင်းရှိအရက်သည် တင်းတိမ်မှုမရှိခြင်းက သက်သာချောင်ချိရေးကိုရှာတတ်၏။ ကောက်ကျစ်စဉ်းလဲခြင်းသည်၊ သတ္တိကိုရှာ၏။ မုန်းထားမှုသည်၊ သမာဓိတရားကိုရှာ၏။ ဝမ်းနည်းမှုသည် ဝမ်းသာမှုကိုရှာ၏။ နောက်ဆုံး၌ ပျက်စီးခြင်းအကြောင်းတရားသာတွေ့ရ၏။

(၈) ပြင်းထန်သော သေရည်သည်၊ လူအတွင်းသို့ ဘီလူးအား လမ်းညွှန်ပေးခြင်းသာမဟုတ်၊ ဘီးလူးစိတ် ပေါက်လာစေရန်၊ လူအားညွှန်ပေးသည့်လမ်းစဖြစ်၏။

## မူးယစ်ခြင်း

(၁) မူးယစ်ခြင်းသည် အခြားမဟုတ် မိမိကိုယ်ကို တမင်ရူးအောင်ပြုလုပ်ခြင်းသာဖြစ်၏။

(၂) မည့်သည့်ကိစ္စတွင်မဆို လွန်လျှင်မကောင်းချေ။ မကောင်းသည့် ကိစ္စရပ်များတွင် မူးယစ်ခြင်းသည် အဆိုးဆုံးဖြစ်၏။ ကျန်းမာခြင်းကို ထိခိုက်စေ၏။ စိတ်ဓာတ်ကို ဖောက်ပြန်စေ၏။ လူကို၊ လူအဖြစ်ရှုံးအောင်ပြုတတ်၏။ ထန်းရေမူး ကျွဲခိုးပေါ်စေခဲ့၏။ ရန်လိုတတ်၏။ အိမ်ယာ မှားတတ်ခြင်း။ စိတ်တတ်ကြွစေ၏။ သိက္ခာပျက်စေတတ်၏။ ကြောက်မက်ဖွယ်ကောင်းစေ၏။ ရူးစေ၏။
မူးယစ်နေသူသည် ဆင်ခြင်တရားကင်းမဲ့ခါ လူနှင့်တိရစ္ဆာန်ပင် မခွဲနိုင်တော့သဖြင့် လူမဟုတ်တော့ချေ။

(၃) မူးယစ်ခြင်းသည် လူအားမြှောက်ပင့်ပေးနေသောဘီလူးတစ်မျိုးနှင့်တူ၏။ အဆိပ်ချိုတစ်မျိုးလည်းဖြစ်၏။ သာယာသော ငရဲတစ်မျိုး

လည်းခေါ်ဆိုနိုင်၏။ မူးယစ်သဖြင့် ကျူးလွန်မိသော ပြစ်မှုအတွက် အထူးအပြစ်ရဘို့ မလိုတော့ချေ။ အဘယ့်ကြောင့်ဆိုသော မူးယစ်နေသူကိုယ်တိုင်ကပင် ငရဲအိုးကြီးတစ်ခုဖြစ်၍ နေခြင်းကြောင့်တည်း။

(၄) ကမ္ဘာပေါ်တွင် ဖြစ်ပွားခဲ့သော ကပ်ကြီး(၃)ပါးတို့ထက် အဆပေါင်းများစွာ ကြောက်မက်ဖွယ်ကောင်းသည့် ကပ်ကြီးများထက် လွန်ကဲသည့်မကောင်းမှုသည် မူးယစ်ခြင်းသာဖြစ်၏။

(၅) မူးယစ်သောက်စားတတ်ခြင်းသည် ကျန်းမာခြင်းကို ဖျက်ဆီးစေပြီး အသိတရားချွတ်ယွင်းစေ၏။

(၆) သေရည်သည်သေရက်ရှောင်ကြဉ်ရာ၌ သောက်စားမူးယစ်ခြင်းကို တားမြစ်ထားသည့် ဆုံးမစာများကို ဖတ်ရှုဆင်ခြင်ရခြင်းထက် မူးယစ်နေသူကိုမြင်ရခြင်းက သာလွန်ပြီး သဘောပေါက်လွယ်စေ၏။

(၇) မူးယစ်နေသူသည် ဘာနှင့်အလားတူသနည်း။ ရေနစ်နေသူ၊ စိတ်မကောင်းသူ၊ အရူး တစ်ယောက်နှင့်သာတူ၏။ မိမိတွင်ရှိသည့် အပူဒီဂရီထက် တစ်စက်ပိုပြီးသောက်လျှင် မိုက်မဲစွာ ပြုတတ်သူဘဝသို့ရောက်စေ၏။ နှစ်စက်သောက်ခဲ့လျှင်ရူးစေ၏။ သုံးစက်သောက်ခဲ့လျှင် အရက်တွင်နစ်စေခဲ့၏။

(၈) ရာဇဝတ်မှုများ ကျူးလွန်ခဲ့ခြင်းများတွင် အကြောင်းရင်းအားဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ မူးယစ်ခြင်းမှ အစဖြစ်တတ်၏။

(၉) မူးယစ်ခြင်းကြောင့် ဆူပူပြောဆို၍ မူးယစ်နေသူသည် ပြတင်းပေါက်မရှိသောအိမ်၊ စည်းရိုးမရှိသော ပန်းဥယျာဉ်၊ ဩဇာဓါတ်မရှိသော လယ်ကွက်၊ ၎င်းအပြင် ဝတ်လစ်စလစ်နှင့် ဆုံးမကင်းပြီး အလိုက်သုံးပါးမသိနားမလည်သော ကလေးနှင့်သာတူ၏။

(၁၀)မူးယစ်ခြင်းသည် အသရေကင်းမဲ့စေ၏။ ယဉ်ကျေးမှုကို ပျက်စီးစေ၏။ အိုးအိမ်စည်းစိမ်ကို ပျက်ပြားစေ၏။ အကြောင်းသုံးပါးကို ဆင်ခြင်တတ်ခြင်းကင်းမဲ့စေ၏။ မူးယစ်သူသည် အရက်ချက်ရုံ၏ ကိုယ်စားလှယ်နှင့် အရက်ဆိုင်၏ တစ်သီးပုဂ္ဂလ အကျိုးဆောင်သာဖြစ်၏။ သူတောင်းစားများ၏ မိတ်ဆွေ၊ ရဲသားတို့၏ ရန်သူ၊ မယား၏ ဒုက္ခကောင်၊ သားသမီးများ၏ ဆင်းရဲခြင်းကိုဖန်တီးသူ၊ အိမ်နီးချင်း၏ တံထွေးဖတ်နှင့် မိမိ၏အရှက်ကို မသိသူပင်ဖြစ်၏။ အချုပ်အားဖြင့် လူသတ္တဝါတွင် ဘီလူးတစ်မျိုးဖြစ်ပြီး တိရစ္ဆာန်ထက်အောက်တန်းကျသော သတ္တဝါတစ်မျိုး၏ အသွင်နှင့်မငြိမ်သက်သော ဝိညာဉ်တို့၏ စုပေါင်းစည်းရုံးရာ စိမ်ရေအိုးကြီးသာဖြစ်တော့၏။

(၁၁)စဉ်းစားဝေဖန်မှု ကင်းမဲ့စေတတ်သဖြင့် မူးယစ်နေခြင်းသည် သားရဲများထက်ပင် အောက်တန်းကျစေခဲ့၏။

(၁၂) မူးယစ်သူကို ရှောင်ကြဉ်ကြလော့။ မူးယစ်သူနှင့်ပေါင်းသင်းဆက်ဆံသူအား ကောင်းသောလူများက ရှောင်ကြဉ်ကြလိမ့်မည်။ မူးယစ်ခြင်းစိုးမိုးနေသည့် ရပ်ကွက်တွင် စဉ်းစားဝေဖန်တတ်ခြင်းမရှိ။ ဘုရားကိုပင် ရန်သူထင်ခဲ့၏။ မကောင်းပြောတတ်မှုသည် အဂါတစ်ရပ် ဖြစ်စေခဲ့၏။ သစ္စာတရားသည် စာစကားမျှသာဖြစ်ချေခဲ့၏။ လှို့ဝှက် ရန်ကိစ္စရပ်များပင် ကြေညာပြီးခဲ့သော သတင်းများ ဖြစ်ချေ၏။

(၁၃) ခက်ထန်ဒေါသရှိနေသော စစ်သည်ဗိုလ် ချေတို့သည် သေရည်ကြူးသူပမာ အရူးအမူးစစ်ချီတက်ကြသည်ဟု ဆိုရိုးစကားရှိ၏။

(၁၄)အရက်အသောက်ကြူးသော စစ်သားငယ်တစ်ယောက်ကို စစ်ဗိုလ်တစ်ဦးက အနည်းနည်းဖြောင်းဖျပြောဆိုဆုံးမ၍ အရက်မပြတ်သဖြင့် နောက်ဆုံးသူ၏ ခွေးကြီးပင် အရက်မကြိုက်ပုံကို ပြသောအခါမှ နောင်တရ၍ အရက်ပြတ်ဘူးသတဲ့။

ဤနည်းနှင့် ပင်လယ်ရပ်ခြားတိုင်းတစ်ပါးများတွင် သေရည်သေရက်သောက်စားမှုကို အားပေးခြင်းမရှိချေ။




Wastewater from old mines and oil refineries pass through underground towards rivers and pollutes (Sulfur Dioxide-$SO_2$ and Nitrogen Oxide-NO) in the air make acidic raining.

**မိုင်းဟောင်းများ၊ ရေနံတွင်းဟောင်းများမှ စွန့်ပစ်သောညစ်ညမ်းရေများသည် မြေအောက်ကြောမှတစ်ဆင့် မြစ်ချောင်းများအတွင်းသို့ စီးဝင်ခြင်းကြောင့် ၎င်းလေထုအတွင်း ရေခိုးရေငွေ့များသည် ညစ်ညမ်းသော ဆာလ်ဖာဒိုင်အောက်ဆိုဒ်($SO_2$)နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ် (NO) အက်ဆစ်မိုးရွာသွန်းမှုများလည်း ဖြစ်ပေါ်လာသည်။**

# မြန်မာစာ အက္ခရာများကို ပြောင်းပြန်ရေးသားနေကြသူများ စနစ်တကျဖြစ်ရန် တားမြစ်ဖို့လိုပြီ

စာပေသည် လူမျိုးတည်တံ့ရေးအတွက် အသက်သွေးကြောဖြစ်သလို နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက်လည်း လွန်စွာအရေးပါအရာရောက်သော လက်နက်ကောင်းဖြစ်သည်။ အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ရင့်ကျက်ကြသူတိုင်းသည် မိမိတို့၏အမျိုးသားစာပေကို အမြတ်တနိုးပြုစုအားပေးကြသည်။ မွမ်းမံခြယ်သတိုးမြှင့်ကြသည်။ အမျိုးသားစံ အမျိုးသားဟန်ကျသော အမျိုးသားစာပေစစ်စစ် အဓွန့်ရှည်ကြာတည်တံ့ရေးအတွက် အလေးထားလုပ်ဆောင်ကြသည်။

''အစကောင်းမှ အနှောင်းသေချာသည်''ဟူ၍ ဆိုကြသည်။ မည်သည့်အရာ မည်သည့်ကိစ္စတွင်မဆို အစမရေရာလျှင် အနှောင်းမသေချာတတ်ပေ။ အထူးသဖြင့် မိမိတို့တစ်သက်တာလုံးထင်ဟပ်ပါရှိသွားမည့် စာပေရေးရာကိစ္စမျိုးတွင်အစကောင်းရန် ပို၍အရေးကြီးမည်ဖြစ်သည်။ အခြေပါဒ သင်ဦးအစက နည်းနာတကျ စနစ်ကျပါမှ ရှေ့စခန်းလမ်းသာမည်ဖြစ်သည်။ ပျိုးခင်းမသန်လျှင် သီးမျိုးဝေဆာရန်အကြောင်းမရှိဖြစ်ချေသည်။

## ရှေးပညာရှိ ကဝိအကျော်တို့၏ထုံး

ရှေးပညာရှိ ကဝိအကျော်လူတော်လူမော်တို့သည် ဤကဲ့သို့သော လူ့သဘာဝလူ့လောကကို ငုံမိခဲ့ကြဟန်တူသည်။ ထို့ကြောင့် မိမိတို့အထံ တပည့်သားမြေးများ ကျောင်းအပ်နှံ၍ စာသင်ခန်းတွင်း ဝင်ကြပြီဆိုသည်နှင့် ''ကန့်ကူလက်လှည့်'' သင်ပြပေးကြပေတော့သည်။

## ကန့်ကူလက်လှည့်ဆရာဟူသည်

''ကန့်ကူလက်လှည့်ဆရာ''ဆိုသည်မှာ ငယ်ဆရာဖြစ်သည်ဟူ၍ လူအများကနားလည်နေကြသည်။ ဤဆရာမျိုးတို့သည် တပည့်များအား စာပေသင်ကြားပေးကြရာ၌ စေတနာပါလှပေသည်။ စိတ်ရှည်လှပေသည်။ စာရေးသားနည်း နည်းစနစ်ကိုသင်ကြားပြသပေးကြရာ၌၊ လက်ညှိုးညွှန်ပြီး လမ်းပြပေးလိုက်ရုံတွင်မနေပဲ၊ ဖဝါးခြေထပ်ဦးဆောင်လိုက်ပို့ပေးကြသူများဖြစ်သည်။

## စာရေးကျင့်စ တပည့်ငယ်ကို စနစ်တကျလက်ထပ်သင်ပြနည်း

စာအရေးကျင့်စ တပည့်ငယ်ကို၊ လက်တွင်ကန့်ကူဆံကိုင်စေပြီး ဆရာ၏လက်ကအပေါ်မှအုပ်ကိုင်ကာ ကျောက်သင်ပုန်းချပ်ပေါ်၌ အက္ခရာ'က'မှစပြီး ရေးနည်း၊ ဆွဲနည်း၊ ငင်နည်းတို့ကို ရှေးမြန်မာ့နည်း မြန်မာ့ဟန်တကျ မှုမှန်စနစ်ကျအောင် သင်ပြကူညီပေးပေသည်။ ထိုမှစ၍ 'လက်ထပ်သင်နည်း'ဟူသည့် မြန်မာဝေါဟာရတစ်ရပ် မြန်မာစာပေတွင်ပေါ်လာခဲ့ရသည်။

နံရံတွင်ချိတ်ဆွဲထားသော ကျောက်သင်ပုန်းဘောချပ်ပေါ်တွင် မြန်မာအက္ခရာဗျည်းသရများကို ရေးသားပြပြီး 'ဒါကိုကြည့်ပြီး တူအောင်လိုက်ရေးကြ'ဟု အမိန့်ပေးခိုင်းစေခြင်းမျိုးမဟုတ်ဘဲ၊ စာလုံးရေးနည်း၊ ဆွဲနည်း၊ ငင်နည်းတို့ကို စနစ်ကျနအောင် သင်ကြားပြသပေးသော 'ကန့်ကူလက်လှည့်သင်ကြားနည်း'ဖြစ်ပေသည်။

## မြန်မာရေးသော မြန်မာစာစစ်စစ်

နယ်ချဲ့လက်အောက် ကျွန်သဘောက်မဖြစ်မီတစ်ချိန်လုံးတွင် ဤကဲ့သို့သော ပညာရှိကဝိအကျော်လူတော်လူမော် ဆရာကောင်းဆရာမွန်တို့၏ကျေးဇူးကြောင့် မြန်မာစာရေးသားရာတွင် အဆွဲအငင်တို့ မြန်မာနည်းကျခဲ့ရ၏။ အတင်အစီးမှန်ခဲ့ရ၏။ အဆီးအမြစ်တို့လှခဲ့၏။ အပင့်အရစ်တို့ မြန်မာဟန်ဆောင်ခဲ့၏။ အသတ်လှပြီး တံခွန်အလွှားမှန်ခဲ့သည်ဖြစ်၍ မြန်မာကရေးသော မြန်မာစာသည် မြန်မာ့နည်းမြန်မာ့ဟန်အပီအတည်ကျခဲ့၏။

## မြန်မာ့အက္ခရာ မြန်မာစာ မြန်မာနည်း မြန်မာဟန်ကျစေရန်

ဤတွင် မြန်မာ့အက္ခရာစာပေရေးသားရာတွင် လိုက်နာအပ်သော မြန်မာ့နည်း မြန်မာ့ဟန်ကို ဖော်ပြလိုသည်။

မောင်ထိန်ဝင်း
(သစ်တော)

မြန်မာစာပေ မြန်မာအက္ခရာရေးသားနည်းတစ်ရပ်လုံးကို ခြုံငုံကြည့်လျှင် အဆွဲ၊အငင်၊အတင်၊အစီး၊အဆီး၊အမြစ်၊အပင့်၊အရစ်၊အသတ် ဟူသော အချက်ကြီး(၉)ရပ်ကို တွေ့ကြရမည်ဖြစ်ပါသည်။

မြန်မာ့ဗျည်းသရများကို ရေးသားရာ၌ မြန်မာ့နည်း မြန်မာ့ဟန်ကျသော 'ဆွဲနည်း'မှာ အောက်မှအထက်သို့ ညာရစ်'ဆွဲ'သာဖြစ်သည်။ အပေါ်မှအောက်သို့ ဆွဲချခြင်းမဟုတ်ပါ။ မြန်မာစာအက္ခရာအားလုံးတို့၏ အခြေခံဖြစ်သော'ဝ'(ဝလုံး)ကိုရေးသားရာ၌ အောက်ခြေမှစကာ ညာရစ်ပတ်ပြီး ရေးသူဘက်သို့'ဆွဲ'ချရသည်ဖြစ်ပါသည်။ ထိုကဲ့သို့ဆွဲပါက ရေးအားလည်းပိုကောင်းလာပြီး လက်ကိုလည်း ပိုပြီးထိန်းအားတောင့်စေပါသည်။

**'အငင်'**မှာ တစ်ချောင်းငင်နှင့် နှစ်ချောင်းငင်ဖြစ်ပြီး၊ ရေးသားရာ၌ အပေါ်မှအောက်သို့ တည့်တည့်မတ်မတ်ဆွဲချရပါသည်။ အက္ခရာတစ်လုံးအောက်မှငင်ခြင်း(ပုံစံ–ကု၊ကူ)နှင့် ဘေးမှငင်ခြင်း(ပုံစံ–ကျု၊ကျူ)ဟူ၍ 'အငင်'နှစ်မျိုးရှိပါသည်။ 'အငင်'ဟူသောဝေါဟာရမှာ ဆွဲငင်ခြင်းကိုဆိုလိုပါသည်။ ဆွဲရာမှငင်လိုက်ငင့်လိုက်သော တစ်ဆစ်ချိုးမျိုးဖြစ်ပါသည်။ တစ်ချောင်းငင်ကိုကြည့်လျှင် မူလအက္ခရာ၏အောက်မှ'ထောက်'ထားသည့်(ပုံစံ–ကု)ပုံစံမျိုးမဟုတ်ပါ။ အက္ခရာအောက်မှ အချောင်းတံတစ်ချောင်းဆွဲချပြီး အဖျားပိုင်းအရောက်၌ အကောက်အချိတ်သဏ္ဍာန်(ပုံစံ–ကု)ရေးသားပါမှ မှန်ဖြစ်ပါသည်။

**'အတင်'**မှာ သေးသေးတင်(ပုံစံ–ကံ)နှင့် လုံးကြီးတင်(ပုံစံ–ကီ)ဟူ၍ နှစ်မျိုးရှိပါသည်။ ဝေါဟာရအခေါ်အဝေါ်နှင့်လိုက်အောင် အက္ခရာတစ်လုံးပေါ်တွင် သေးသေးတင်ကို သေးသေး၊ လုံးကြီးတင်ကို ကြီးကြီးတင်ရမည်ဖြစ်သည်။

**'အစီး'**မှာလည်း နှစ်မျိုးရှိသည်။ သုဒ္ဓကင်းစီး(ပုံစံ–ကံ)နှင့် မိဿက ကင်းစီး(ပုံစံ–ကီ)ဟူ၍ဖြစ်သည်။ (ံ)ဤသင်္ကေတကို မြန်မာမှုပြုကြရာ၌ 'ကင်းစီး' ဟုခေါ်ဆိုထားခြင်းမှာ၊ ကင်းမြီးကောက်ကောင်၏ ဟန်သဏ္ဍာန်စရိုက်ကဲ့သို့ ကောက်ကောက်ကလေးဖြင့် အထက်စီးယူထားသောကြောင့် အနွတ္တန္တယ်ဖြစ်ဟန်တူပါသည်။ ဤကင်းစီးကိုရေးဆွဲရာ၌လည်း အောက်မှအထက်သို့မှန်မှန်တက်ရမည်ဖြစ်ပါသည်။ အောက်ခံစာလုံးထက် ထက်ဝက်မျှမက သေးပေးရမည်လည်းဖြစ်သည်။

**'အဆီး'**မှာ အက္ခရာ၏ရှေ့ဆီး(ပုံစံ–ကေး)ဖြစ်ပါသည်။ ဤသင်္ကေတသည် ပုဂံခေတ်တွင်မရှိသေး၊ မရေးကြသေးပါ။ ပုဂံခေတ်ထိုးကျောက်စာများတွင် 'ကျန်စစ်သား'ဟုရေးလိုလျှင် 'ကျန်စစ်သာ'ဟု ရှေ့ဆီးမဲ့ရေးသားကြသည်။ ထိုခေတ်နောက်ပိုင်းတွင်မှ သက္ကတဘာသာကျွမ်းကျင်သည့် စတုရင်္ဂဗလစသူ ကဲ့သို့ ပညာရှိများက နာဂရီအက္ခရာ(အေး)စသည်မှ (–ေ)ကိုအတုလိုက်၍ မြန်မာစာပေတွင် ရှေ့ဆီး(–ေ)ထည့်သွင်းလာကြသည်ဟု ပညာရှိများမှတ်ယူကြောင်း လေ့လာရပါသည်။ ဤသင်္ကေတ(–ေ)ကိုလည်း 'ဝစ္စ'နှစ်လုံးပေါက်ဟုခေါ်ဝေါ်ခဲ့ကြပါသည်။ ပါဠိဘာသာ'ဝစ္စ'ဟူသည် ကျင်ကြီးမလထွက်ရာ(စအိုပေါက်)ဖြစ်သောကြောင့် အပေါက်ပိုင်း သေးသေးလေးနှစ်လုံး တန်းလျက်ဆင့်သည်ကို 'ဝစ္စနှစ်လုံးပေါက်' ဟုခေါ်ဆိုကြခြင်းမှတ်ယူရပါသည်။ အမှန်ကိုကြံဆကြရပါသော် ပါဠိသဒ္ဒါအလို 'ဝိသဇ္ဇနီ'(အာစောက်သံဖြင့်လွှတ်ပေးလိုက်သော အသံသင်္ကေတ)ဖြစ်၍ 'နီ'နှင့် 'ဇ'တစ်လုံးကို လောပနည်းဖြင့် ချေလိုက်ပြီး၍ ကျန်'ဇ'ပေါ်တွင် တံခွန်လွှားက မွေးစားယူသော'ဝိသဇ်'ဟူသည့် စကားလုံးသည်သာ ပါဠိသတ်အမှန် ဖြစ်ပါသည်။ ဤ၌ဝိသဇ်နှစ်လုံးတို့တွင် အောက်အလုံးက စပေါက်(း)ခြင်းသည် သာ စနစ်ကျမည်ဆိုပါသည်။

**'အမြစ်'**မှာ အောက်မြစ်၊ အောက်ကမြစ်(–ွ)ဖြစ်ပါသည်။ ဤအောက်မြစ်သည် အချို့နေရာ၌'၏' သဘောဆောင်ပါသည်။ ဥဒါဟရုဏ်အားဖြင့် 'ကျွန်တော်၏စာအုပ်'ကို 'ကျွန်တော့်စာအုပ်'ဟုရေးနိုင်ပါသည်။ သို့ပါသော် 'ကျွန်တော့စာအုပ်'ဟူ၍ ကားမရေးနိုင်ပါ။ 'ကျွန်တော်'ဟု ဝိုက်ချအပေါ်မှ အသတ်တင်ပေးရန် လိုပါသည်။

**'အပင့်'**ဆိုသည်မှာ ယပင့်(–ျ)ဖြစ်သည်။ အထုပ်အပိုးပစ္စည်းတစ်ခုခုကို အောက်မှနေ မ,ပေး၊ ပင့်,ပေး သကဲ့သို့ အက္ခရာစာလုံးတစ်ခုခုကိုလည်း အောက်ကနေ(ယ)ဖြင့် မ,ထား၊ ပင့်,ထားပေးခြင်းမျိုးလည်ဖြစ်ပါသည်။ ပင့်ပုံကို ပုဂံခေတ်ကျောက်စာများ၌ 'ကျွန်'၊'မွေ' စသည်ဖြင့် တွေ့ရှိနိုင်ကြမည်ဖြစ်ပါသည်။ 'ယပင့်'ဟုခေါ်ဝေါ်သုံးနှုန်းကြသောဝေါဟာရနှင့် 'ယပင်း' ဟုခေါ်ဝေါ်သုံးနှုန်းကြသောဝေါဟာရနှစ်မျိုးတွင် ပညာရှိကြီးများက 'ယပင့်' ဟူသောဝေါဟာရကိုနှစ်သက်ကြပါသည်။

**'အရစ်'**မှာ ရကောက်ကို အက္ခရာစာလုံးတစ်ခုခု၌ ခွေပတ်ပေးထားခြင်းသာဖြစ်ပါသည်။ တိုင်းရင်းသားရခိုင်လူမျိုးများသည် ရရစ်စာလုံး(ပုံစံ–ကြီး)ကို အသံထွက်ရာ၌ မူရင်းအက္ခရာနှင့် အရစ်ကိုခွဲခြား၍ အသံထွက်ပါသည်။ (ပုံစံ–ကြီး=ကရီး)ဟူ၍ဖြစ်သည်။ ထို့ကြောင့် ရခိုင်အမျိုးသားတို့တွင် အပင့်အရစ် ကွဲပြားသိသာသည်ဖြစ်၍၊ 'ပင့်ရစ်မနိုင် ရခိုင်မေး' ဟုဆိုရိုးပြုခဲ့ကြပါသည်။

'သီရိခေတြာ၊ ဂြိုဟ်ဘုဝနာဒိတျမဓမ္မရာဇ်'စသည်တို့၌လည်း 'တြာ=တရာ၊ တြိ=တရိ'ဟုခွဲ၍အသံထွက်ရပါသည်။ လက်ရှိခေတ်မြန်မာစာပေတွင်မူအများအားဖြင့် အရစ်သံသီးခြားမထွက်ကြတော့ပါ။ ဤရရစ်ကို ရေးသားကြရာ၌လည်း ရစ်လိုသည့် မူရင်းအက္ခရာ၏ အောက်ပိုင်းအစွန်းမှနေ၍ အထက်သို့ညာရစ်ဆွဲ၍ ရေးရပါသည်။ ဤသို့ရေးရခြင်းသည်သာ မြန်မာ့နည်းကျရေးသားနည်းအမှန်ဖြစ်ပြီး စာလည်းလှပါသည်။ အရစ်ကိုအပေါ်မှအောက်သို့ဆွဲချပြီး မရေးရပါ။ မြန်မာ့နည်းမဟုတ်ပါ။

**'အသတ်'**ကိုတင်ရာ၌လည်း

အောက်မှအထက်သို့ညာရစ်ဆွဲ၍ ရေးရပါသည်။ အပေါ်မှအောက်သို့ပြောင်းပြန်ဆွဲမချရပါ။ ရှေးခေတ်သင်ပုန်းကြီးသင်နည်းတွင် ရေးနည်းနှင့်အသံထွက်ရိုးရိုးတွဲစပ်ဖော်ထုတ်ထားပါ၍ ရေးနည်းအမှန် ပေါ်လွင်လျက်ရှိပါသည်။ (ပုံစံ–ကကြီးရေးကသတ် ကက်၊ ကကြီးရေးငသတ် ကင်)စသည်ဖြစ်၏။ ဤတွင်'ကကြီးကိုအရင်ရေးပြီးတော့ င ရေး၊ ထို င အပေါ်အသတ်တင်'ဟု ရေးသားနည်းအမှန်ကို စနစ်တကျ အစီအစဉ်တကျ ပြောပြညွှန်ကြားလျက်သားရှိနေ၏။ ဤသည်မှာ မြန်မာစာသင်ပုန်းကြီးသင်နည်းအရ ပါးစပ်ကဆို၍ ဆိုသည့်အစီအစဉ်အတိုင်း လက်ကလိုက်၍ရေးရန် သင်ကြားနည်းအမှန်သင်ပြပေးခြင်းဖြစ်သည်။

**အက္ခရာအပေါ်တံခွန်လွှားရာတွင်**

အက္ခရာအပေါ် တံခွန်လွှားရာ၌(အက္ခရာအပေါ်အသတ်တင်ရာ၌) အသတ်ရှည်ကြီးများ ကော့ပျံ၍တင်ကြသည်ကိုတွေ့ရ၏။ 'ဘုန်းတော်'ဆိုပါလျှင် အသတ်အရှည်ကြီးများတင်၍ ရေးသားကြပါသည်။ ဤတွင်ဆိုလိုသည်မှာ အသတ်ကို အောက်ကနေညာရစ်စရေးပါမှ ကိုယ်လိုချင်သလောက် ရှည်ရှည်ဆွဲရန် လွယ်ကူကြောင်းနှင့် ဤအသတ်ရှည်ကြီးများကယင်းအသတ်ကို အောက်ကနေအထက်သို့ညာရစ်ဆွဲနည်းကသာ မြန်မာ့နည်း၊ မြန်မာ့ဟန်၊မြန်မာ့မှုအစစ်ဖြစ်ကြောင်း သာဓကထူနေပါသည်။

**မြန်မာစာကို မြန်မာလိုရေးတတ်ကြပါမှ**

ဤသို့အကျဉ်းအားဖြင့် တင်ပြသည်တို့မှာ ရှေးခေတ်မြန်မာ့စာပေသမိုင်းလာ မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့မှု စနစ်တကျ '**ဆွဲနည်း၊ ငင်နည်း၊ တင်နည်း၊ စီးနည်း၊ ဆီးနည်း၊ မြစ်နည်း၊ ပင့်နည်း၊ ရစ်နည်းနှင့် သတ်နည်း**'တို့ပင်ဖြစ်ပါသည်။

**ယနေ့ခေတ် မြန်မာစာရေးသားခြင်းမှာ**

များသောအားဖြင့် ယခု ခေတ်ကျောင်းသားများနှင့် အချို့အချို့သောလူတို့၏ မြန်မာစာရေးသား နည်းတို့သည် အထက်တွင်ဖော်ပြခဲ့ပြီးသော မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့မှုနှင့်ဆန့်ကျင်ဖီလာ ပြောင်းပြန်ဖြစ်နေကြကြောင်း တွေ့မြင်နေကြရပါသည်။

'ဝ'ဝလုံးကိုအပေါ်မှအောက်သို့ ဘယ်ရစ်ဆွဲပြီး ဘယ်ရစ်ပြန်တက်ရေးသားနေကြသည်။ အင်္ဂလိပ်စာ'O'ရေးနည်းအတိုင်း ရေးနေကြသည်။ မြန်မာအက္ခရာ'င'ကိုလည်း အင်္ဂလိပ်စာ'C'ရေးသကဲ့သို့ အပေါ်ကအောက်ဖက်ရစ်ဆွဲရေးနေကြသည်။ 'င်'သေတ်ကိုရေးရာ၌လည်း အပေါ်ကအောက်သို့ပင် ဘယ်ရစ်ဖြင့်ဆွဲချကြသည်။ ၎င်းတို့ရေးပုံအရဆိုပါသော်'ငသတ်'မဟုတ်တော့၊ 'အသတ် c'ဖြစ်နေပါသည်။ 'ရရစ်'ပြန်တော့လည်း အပေါ်ကအောက်သို့ ပြောင်းပြန်ရစ်ချပါလေသည်။ 'သ'ကိုပင်အောက်ကအထက်သို့ ဘယ်ဆွဲဘယ်ရစ်ဆွဲတင်နေကြလေပြီ။ ဤသို့စသည်အားဖြင့် မြန်မာ့နည်း၊မြန်မာ့ဟန်၊မြန်မာ့မှုနှင့်ဆန့်ကျင်ပြောင်းပြန်လှန်၍ ရေးသားနေကြသည်ကို စိတ်မချမ်းသာဖွယ်မြင်တွေ့နေကြရပြီ။

ဤကဲ့သို့ မြန်မာစာအခြေခံရေးသားနည်းများက ကမောက်ကမဖြစ်နေပုံများနှင့်စပ်၍ ဆင်ခြင်ကြည့်မိရာတွင် အင်္ဂလိပ်စာလုံးများရေးနည်းရေးဟန်တို့ကိုတွေ့မြင်မိလေသည်။

အင်္ဂလိပ်စာလုံးရေးနည်း၊တွဲနည်းကို အနည်းငယ်တင်ပြရပါလျှင် မြန်မာစာလုံးရေးသားနည်းနှင့် ဆန့်ကျင်ဖီလာပြောင်းပြန်ကျကြောင်း သိသာနိုင်မည်ဖြစ်ပါသည်။ လက်ရေးအင်္ဂလိပ်စာလုံးကို ရေးဆွဲသည့်အခါတွင် များသောအားဖြင့်အပေါ်မှ အောက်သို့ဘယ်ရစ်ဖြင့်ဆွဲရပါသည်။ ဥပမာ– a,b,c,d,e,f,g, book,border,bootee,chalk,literature စသည်တို့ကိုရေးဆွဲကြည့်ပါ။ အင်္ဂလိပ်စာ(၉၀)ရာခိုင်နှုန်းကျော်ကျော်မှာ အပေါ်မှအောက် ဘယ်ရစ်ဆွဲသားများပါသည်။

ယခင်ခေတ် ခရစ်ယာန်ဘာသာပြုကျောင်းများတွင် မြန်မာစာကိုသင်ကြားရာ မြန်မာ့နည်း၊မြန်မာ့ဟန်၊မြန်မာ့မှုအတိုင်း အောက်မှအထက်ညာရစ်ဆွဲကိုသင်ကြားပေးပါက အင်္ဂလိပ်စာရေးသားရာတွင် အခက်အခဲတွေ့မြင်ဖြစ်၍ အကြပ်တွေ့ခဲ့ကြပါသည်။

လက်ရေးသင်စကလေးများကို ဆွဲနည်း၊ငင်နည်း၊ရစ်နည်း စသည်လက်ကိုင်ရန်(လက်သားကျရန်) များစွာလိုအပ်သဖြင့် မြန်မာစာရေးရာ၌ လက်ဆွဲဟန်တစ်မျိုး၊ အင်္ဂလိပ်စာရေးရာ၌ လက်ဆွဲဟန်တစ်ဖုံမဖြစ်စေရန် မြန်မာစာရေးနည်းကိုပယ်ပြီး အင်္ဂလိပ်စာရေးဟန်အတိုင်း အသတ်အရစ်စသည်တို့ကို အပေါ်မှအောက်သို့ ဘယ်ရစ်ဆွဲချရေးစေခဲ့ကြပါသည်။ အင်္ဂလိပ်စာသန်သူဆရာတို့အကျင့်ဖြစ်နေ၍ အပေါ်မှအောက်သို့ဘယ်ရစ်ဆွဲချပြီး မြန်မာစာလုံးများကိုပါရေးသားခဲ့ကြရာမှ ထိုနည်းမှားလမ်းမှားကျယ်ပြန့်လာခဲ့ဟန်တူပါသည်။

သို့ပါသောကြောင့် ယနေ့ပြောင်းလဲချိန်တန်သော ဒီမိုကရေစီခေတ်ပညာရေးစနစ်မှစ၍ မြန်မာစာအက္ခရာများကို ပြောင်းပြန်လှန်ရေးသားနေကြသူများ စနစ်တကျပြန်ဖြစ်စေရန် တားမြစ်၍ လေ့ကျင့်သင်ကြားပေးသင့်ပြီဖြစ်ကြောင်း စေတနာကောင်းဖြင့် တင်ပြအပ်ပါသည်။

*မြန်မာနိုင်ငံမှာ မြန်မာစာစစ်စစ်ရေးဖြစ်နိုင်ကြပါစေ*




ဖြူဖြူသင်း(တောအုပ်ကြီး)
ဘာသာပြန်ဆိုဖော်ပြသည်

## ရာသီဥတုပြောင်းလဲမှုဒဏ် ပိုမိုခံစားရနိုင်သော ရေငန်ငါးမျိုးစိတ်များကိုလေ့လာခြင်း

University of British Coumbia မှ လေ့လာထားသော သုတေသနတစ်ခုအရ အချို့သောရေနေငါးမျိုးစိတ်များသည် အခြားသောမျိုးစိတ်များထက် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ပိုမိုခံစားရနိုင်ကြောင်း တွေ့ရှိခဲ့သည်။

ရေနေငါးများနှင့်အခွံမာငါးများ (၁၀၇၄)မျိုး၏ ဇီဝဆိုင်ရာ ဝိသေသလက္ခဏာများကို လေ့လာခဲ့ရာတွင် ၂၀၅၀ ခုနှစ် ရာသီဥတုပြောင်းလဲမှုခန့်မှန်းချက်အရ မျိုးစိတ်ပေါင်း (၂၉၄)မျိုးသည် အန္တရာယ်ရှိနေကြောင်း လေ့လာတွေ့ရှိခဲ့ရ သည်။ ထိုမျိုးစိတ်များတွင် Eastern Australian salmon၊ Yellowbar angelfish၊ Toli shad၊ Sohal surgeonfish နှင့် Spotted grouper စသည့် ငါးမျိုးစိတ်များပါဝင်သည်။

Institute for the Ocean and Fisheries ၏ တွဲဖက်ပါမောက္ခတစ်ဦးဖြစ်သော William Cheung က "ယခုလေ့လာချက်သည် ရာသီဥတုပြောင်းလဲမှုကြောင့် စီမံအုပ်ချုပ်မှုနှင့် ထိန်းသိမ်းကာကွယ်မှုများ လိုအပ်နေသော ရေငန်ငါးမျိုးစိတ်များကို လေ့လာထားခြင်း" ဖြစ်ကြောင်းပြောကြားခဲ့သည်။

UBC မှ သုတေသီများက ကမ္ဘာအရပ်ရပ်ရှိ ငါးလုပ်ငန်းများအတွက် အရေးပါသော ရေငန်နေငါးမျိုးစိတ်များ၏ ရေရှည်ထိခိုက်ခံစားမှုကို စစ်ဆေးနိုင်မည့် ဒေတာဘေ့စ်တစ်ခု ပြုလုပ်ခဲ့ကြသည်။ ထိုဒေတာဘေ့စ်ကို ရေငန်ငါးမျိုးစိတ်များ၏ ပတ်ဝန်းကျင်ပြောင်းလဲမှုဒဏ်ကို ခံစားနိုင်သည့် ဇီဝဗေဒအချက်အလက်များနှင့် ပင်လယ်သမုဒ္ဒရာများတွင် အပူချိန်၊ အောက်ဆီဂျင်နှင့် အက်စစ်ပါဝင်မှုများ ပြောင်းလဲမှုခန့်မှန်းချက်များကို ပေါင်းစပ်၍ ဖော်ထုတ်ထားသည်။

ငါးများဖြစ်စေ အခွံမာကောင်များဖြစ်စေ ရာသီဥတု ပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်နိုင်မှုကို သက်ရောက်နေသောအချက်များမှာ ၎င်းတို့ကြိုက်နှစ်သက်သော အပူချိန်၊ နေထိုင်ရာ ရေမြေအနေအထား၊ မျိုးပွားနိုင်ရန်လိုအပ်သော အချိန်ကာလ၊ နေရင်းဒေသ လိုအပ်ချက်များ (ဥပမာ-ပင်လယ် မှော်ပင်များ၊ သန္တာကျောက်တန်းများ)စသည်တို့ဖြစ်ကြသည်။




သုတေသီတစ်ဦးဖြစ်သော Miranda Jones "Eastern Australian salmon ဆိုတဲ့ ငါးမျိုးစိတ်က ရာသီဥတုပြောင်းလဲမှုဒဏ်ကို ပိုမိုခံစားရနိုင်ပါတယ်။ အကြောင်းကတော့ သူတို့က သြစတေးလျနိုင်ငံတောင်ပိုင်းနဲ့ နယူးဇီလန်နိုင်ငံတို့မှာရှိတဲ့ ကမ်းရိုးတန်းရေတိမ်ဒေသများနှင့် မြစ်ဝဒေသများတွင် နေထိုင်နိုင်ကြတဲ့အတွက်ကြောင့်ပါ။ ဒီမျိုးစိတ်တွေရဲ့ နေရာဒေသတွေက ပင်လယ်သမုဒ္ဒရာရဲ့ အခြေအနေတွေ အများကြီးအပြောင်းအလဲဖြစ်နိုင်တဲ့ အခြေ အနေမှာရှိနေပြီး သူတို့တွေအနေနဲ့ ဒီပြောင်းလဲမှု အခြေ အနေတွေကို ရှောင်လွှဲနိုင်ဖို့ ခက်ခဲပါတယ်"ဟူ၍ ပြော ထားသည်။

ကနေဒါနိုင်ငံတွင် sockeye salmon၊ alewife၊ Pacific bonito စသည့် ငါးမျိုးစိတ်များသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ ခံစားရနိုင်သည့် အခြေအနေရှိကြောင်း ပြောထားသည်။ Blue crab နှင့် Pacific sandlance ဟူသော ငါးမျိုးစိတ်များသည် Pacific sanddab ကဲ့သို့သော ငါးမျိုးစိတ်များနှင့်ယှဉ်လျှင် ဇီဝဝိသေသလက္ခဏာများသည် ရာသီဥတုဒဏ် ခံစားရနိုင်ခြေနည်းသည့်အပြင် ရာသီဥတုပြောင်းလဲမှု သက်ရောက်မှုဒဏ် နည်းသည့်နေရာများတွင် နေထိုင်ကြကြောင်း သုတေသနမှ လေ့လာတွေ့ရှိထားသည်။

Source: Science Daily (September 26, 2017)

# Adaptation and Mitigation

By

U Sein Thet, Director (Rtd)

## Adaptation and Mitigation

Many adaptation and mitigation options can help address climate change, but no single option is sufficient by itself. Effective implementation depends on policies and cooperation at all scales and can be enhanced through integrated responses that link adaptation and mitigation with other societal objectives.

## Common enabling factors and constraints for adaptation and mitigation responses

Adaptation and mitigation response are underpinned by common enabling factors. These include effective institutions and governance, innovation and investments in environmentally sound technologies and infrastructure, sustainable livelihoods and behavioral and lifestyle choices. Vulnerability to climate change, GHG emissions and the capacity for adaptation and mitigation are strongly influenced by livelihoods, lifestyles, behavior and culture Also the social acceptability and/or effectiveness of climate policies are influenced by extent to which they incentivize or depend on regionally appropriate changes in lifestyles in lifestyles or behaviors. For many regions and sectors. enhanced capacities to mitigate and adapt are part of the foundation essential for managing climate change risks Improving institutions as well as coordination and cooperation in governance can help overcome regional constraints associated with mitigation, adaptation and disaster risk reduction .

## Response options for adaptation

Adaptation options exist in all sectors, but their context for implementation and potential to reduce climate-related risks differs across sectors and regions. Some adaptation responses involve significant co-benefits, synergies and trade-offs. Increasing climate change will increase challenges for many adaptation options. The need for adaptation along with associated challenges is expected to increase with climate change. Adaptation options exist in all sectors and regions, with diverse potential and approaches depending on their context in vulnerability reduction, disaster risk management of proactive adaptation planning. Effective strategies and actions consider the potential for co-benefits and opportunities within wider strategic goals and development plans.

## Response options for mitigation

Mitigation options are available in every major sector. Mitigation can be more cost-effective if using an integrated approach that combines measures to reduce energy use and the greenhouse gas intensity of end-use sectors, decarbonizes energy supply, reduce net emissions and enhance carbon sinks in land-based sectors. Will-designed systemic and cross-sectoral mitigation strategies are more cost-effective in cutting emissions than a focus on individual technologies and sectors, with efforts in one sector affecting the need for mitigation in others. Mitigation measures intersect with other societal goals, creating the possibility of co-benefits or adverse side effects. These intersections, if well-managed, can strengthen the basis for undertaking climate action.

## Policy approaches for adaptation and mitigation, technology and finance

Effective adaptation and mitigation responses will depend on policies and measures across multiple scales: international, regional, national and sub-national policies across all scales supporting technology development, diffusion and transfer, as well as finance for response to climate change, can complement and enhance the effectiveness of policies that directly promote adaptation and mitigation. International cooperation is critical for effective mitigation, even though mitigation can also have local co-benefits. Adaptation focuses primarily on local to national scale outcomes, but its effectiveness can be enhanced through coordination across governance scales, including international cooperation:

- The United Nations framework Convention on Climate Change (UNFCCC) is the main multilateral forum focused on addressing climate change, with nearly universal participation. Other institutions organized at different levels of governance have resulted in diversifying international climate change cooperation.
- The Kyoto Protocol offers lessons towards achieving the ultimate objective of the UNFCCC particularly with respect to participation, implementation, flexibility mechanisms and environmental effectiveness.
- Policy linkages among regional, national and sub-national climate policies offer potential climate change mitigation benefits. Potential advantages include lower mitigation costs, decreased emission leakage and increased market liquidity.
- International cooperation for supporting adaptation planning and implementation has received less attention historically than mitigation but is increasing and has assisted in the creation of adaptation strategies, plans and actions at the national sub-national and local level.

In accordance with the provisions of the Convention and the Kyoto Protocol, Myanmar is under no obligation to quantified reduction or Limitation of greenhouse gas emission. However, Myanmar has been making efforts for the positive contributions to the mitigation of greenhouse gas emission and protecting global climate by making mitigation options assessment and strategies in key economic sectors of the country.

The adsorption of GHG abatement measure, particularly renewable energy production systems avoid generation of other pollutant emissions like sulfur dioxide energy ($SO_2$)and nitrous oxides ($NO_x$), and contribute to the country's pursuit of sustainable development objectives. Broad introduction of renewable energy sources will not only help to mitigate GHG emissions, but also increase the degree of electrification, especially in remote areas. Myanmar has considered and identified these renewable energy resources as important response options to mitigate emissions, of GHGs. They are emerging as a large source of untapped alternative energies with very high potentials for uplifting Myanmar's socio-economy. Studies on cost implication for these options are supportive of their integration into the GHG Mitigation option policy of Myanmar. In line with the poverty-alleviation plan and the rural energy development target, the Myanmar Government has Implemented a series of policies and measures to support new and renewable energy development. Renewable energy is an important source of energy for lighting and heating processes at present in Myanmar. In spite of increase in generation of electricity from hydropower in the country, biomass energy is increasingly becoming a potential source of domestic energy supply in the country-sides.

Myanmar's climate is changing and climate variability already affects communities and socioeconomic sectors in the country. Some climate change impacts are already observable and there is broad scientific consensus that further change will occur. Even with significant global climate mitigation (activities and technologies that reduce greenhouse gas emissions), economic sectors. Local communities and natural ecosystems in Myanmar will be strongly affected by climate change as a result of the missions already in the atmosphere. Adaptation is therefore necessary for reducing Myanmar's vulnerability to climate variability and change. National Adaptation Programmes of Action (NAPAs) serve as simplified, rapid and direct channels for Least Developed Countries to identify and communicate priority activities to address their unguent and immediate adaptation needs. NAPAs emerged from the multilateral discussions on adaptation measures writhen the UN Framework Convention on Climate Change (UNFCCC) Myanmar's NAPA therefore specifies **32 priority activities (referred to as Priority Adaptation Project)** for effective climate change adaptation for eight main sectors/themes (i.e. four Project Options per sector/theme),namely; i) Agriculture; ii) Early Warming Systems; iii) Forest; iv) Public Health; v) Water Resources; vi) Coastal Zone; vii) Energy, and Industry; and viii) Biodiversity.

References: Climate change 2014 Synthesis Report, IPCC 2014.
Myanmar National Adaptation Programme, NCEA 2012.
NCEA. End of Review Workshop Yangon 2010.



# ရေညှိ (Algae) အကြောင်းသိကောင်းစရာ

မိုးမြင့်သူ (သုတေသနလက်ထောက်-၃)
သစ်တောသုတေသနဌာန



Microalgae



ရေညှိဆိုသည်မှာ အဓိကအားဖြင့် နေရောင်ခြည်ကိုအသုံးချပြီး အလင်းမှီပြုအစာချက်ခြင်း (Photosynthesis)နည်းအားဖြင့် လေ(Oxygen)ကိုထုတ်ပေးသော သိသာထင်ရှားသည့် အမြစ်၊ပင်စည်(သို့)အရွက်မပါရှိဘဲရိုးရှင်းသည့် အပင်ငယ်တစ်မျိုးပင်ဖြစ်ပါသည်။

ရေညှိကိုအဓိကအားဖြင့် အမျိုးအစားနှစ်မျိုးခွဲခြားနိုင်ပါသည်။ ၎င်းတို့မှာ သာမန်မျက်စိဖြင့်မမြင်နိုင်ဘဲသေးငယ်ပြီး အဏုကြည့်မှန်ဘီလူးဖြင့်ကြည့်မှ သာမြင်နိုင်သော ရေညှိ(Microalgae)နှင့် သိသာထင်ရှားပြီး သာမာန်မျက်စိဖြင့် မြင်နိုင်သောရေညှိ (Macroalgae)ဟူ၍ အဓိကအားဖြင့်ခွဲခြားထားပါသည်။ Microalgae ကိုထပ်မံ၍ အဓိကအားဖြင့် အုပ်စုနှစ်စုခွဲခြားထားပါသည်။ အပေါ်ယံ ရေမျက်နှာပြင်၊ ရေလွှာထုအတွင်းတွေ့ရသော ရေညှိ(Phytoplankton)နှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့၏ အောက်ခြေမြေပြင် နုံးထု၊ သဲထုအတွင်းနှင့် ကျောက်တုံးများ၊ သစ်ပင်များ၏ အောက်ခြေများတွင် တွယ်ကပ်ပေါက်နေသော ရေညှိ (Periphyton)ဟူ၍ ဖြစ်ပါသည်။

Macroalgae ဆိုသည်မှာ သိသာထင်ရှားသည့် ရေမှော်ပင်(Seaweeds)များပင်ဖြစ်ပါသည်။

Macroalgae







## တွေ့ရှိရပုံ

ရေညှိ(Algae)များကို ရေချို၊ ရေငန်နှစ်နေရာလုံးတွင် ပေါများကြွယ်ဝစွာတွေ့မြင်နိုင်ပါသည်။ ယနေ့ခေတ်ကမ္ဘာပေါ်တွင် ရေညှိအမျိုးအစားပေါင်း ၂၅၀၀၀ကျော်ကို အထူးသဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ စိုစွတ်သောနုံးမြေ၊ သဲမြေ၊ ကျောက်တုံးများတွင် တွယ်ကပ်ပေါက်နေကြသည်ကိုတွေ့ရပါသည်။ ရေညှိများသည် ပြင်းထန်သည့် ရာသီဥတုဒဏ်(အပူလွန်ကဲခြင်း၊ အေးခြင်း၊ မိုးခေါင်ခြင်း)များကို ခံနိုင်ရည်ရှိစွာဖြင့်အလိုက်သင့်အသက်ရှင်နေထိုင်နိုင်ကြပါသည်။ ရေညှိ၏အရောင်များကို အစိမ်းရောင်ရှိသောရေညှိ(Chlorophyta)၊ အနီရောင်ရှိသောရေညှိ(Rhodophyta)၊ အညိုရောင်ရှိသောရေညှိ(Phaeophyceae)၊ ရွှေရောင်ရှိသောရေညှိ(Chrysophyceae)၊ စိမ်းဝါရောင်ရှိသောရေညှိ(Xanthophyceae)နှင့် စိမ်းပြာရောင်ရှိသောရေညှိ(Cyanobacteria)ဟူ၍ အဓိကအားဖြင့် ခွဲခြားသိမြင်နိုင်ပါသည်။

## အကျိုးပြုပုံ

ရေညှိများထဲတွင်အဓိကအားဖြင့် ခန္ဓာကိုယ်ဖွံ့ဖြိုးတည်ဆောက်ရာတွင်မရှိမဖြစ်လိုအပ်သည့်အာဟာရပါဝင်ပစ္စည်းများဖြစ်သည့် ပရိုတိန်း(Protein)၊ ကာဗိုဟိုက်ဒရိတ်(Carbohydrates)နှင့်အဆီ(Lipid)များပါဝင်ပါသည်။ ရေညှိတွင်ပါဝင်သော ပရိုတိန်းသည် အရိုးများ(Bones)၊ အရိုးနုများ(Cartilages)၊ သွေး(Blood)နှင့်အရေပြား(Skin)များ ဖွံ့ဖြိုးတည်ဆောက်ရာတွင် အထောက်အကူပြုပါသည်။ ခန္ဓာကိုယ်တွင် ပရိုတိန်းချို့တဲ့ပါက ဖြစ်ပေါ်တတ်သော အားအင်မရှိခြင်း(Lethargy)၊ ရုပ်ပိုင်းဆိုင်ရာ ပျော့ညံ့ခြင်း(Physical weakness)၊ ဒဏ်ရာအနာတရများရရှိပါက ပြန်လည်ပျောက်

ကင်းရန်စက်ခဲခြင်း၊ ကြွက်သားများဆွဲဆန့် ကျုံ့နိုင်စွမ်းလျော့နည်းလာခြင်း(Muscle atrophy)၊ ဆံပင်မသန်ခြင်း (Hair loss)နှင့် လက်သည်းခြေသည်းများ ကြွပ်ဆတ်ခြင်း (Brittle fingernails) စသောရောဂါများအတွက် ရေညှိတွင်ပါဝင်သော ပရိုတိန်းကိုစားသုံးခြင်းအားဖြင့် ကာကွယ်ပေးနိုင်ပါသည်။ စိမ်းပြာရေညှိအမျိုးအစား တစ်ခုဖြစ်သော ယနေ့ခေတ်လူသိများသည့် Spirulina ထဲတွင် ပရိုတိန်း ၆၀%ထိပါဝင်ပါသည်။ ယနေ့အချိန်အခါတွင် ခေတ်မှီလာသော နည်းပညာများနှင့်အတူ ရေညှိများကို အစားအစာများ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် တွင်ကျယ်စွာ အသုံးချလျက်ရှိပါသည်။ Microalgae များထဲတွင် ဗိုက်တာမင်(Vitamin)A, C, B1, B2, B6, iodine, potassium, iron, magnesium နှင့် calcium ဓာတ်များ ပေါ်များကြွယ်ဝစွာပါရှိပါသည်။

ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများတွင် ရေညှိများကို စိုက်ပျိုးရေးနယ်ပယ်များ၌ ဇီဝမြေဩဇာ (Biofertilizer) များအဖြစ် အသုံးချနေကြသကဲ့သို့ ငါးမွေးကန်များတွင် ငါးသားပေါက်များအတွက် ငါးစာအနေနဲ့ပါ အသုံးချနေကြပါသည်။ ပညာရှင်များ၏ နောက်ဆုံးတွေ့ရှိချက်များအရ ရေညှိများမှ ဇီဝလောင်စာ(Biofuel)ကိုပါ ထုတ်ယူအသုံးချနိုင်ကြောင်း အနာဂါတ်စွမ်းအင် ထုတ်ယူရန်မျိုးဆက်သစ်အနေဖြင့် လေ့လာသိရှိထားကြပါသည်။ လူနှင့် ရေနေသတ္တဝါများအတွက် အဆိပ်အတောက်ဖြစ်စေသော စားသုံးရန်မသင့်တော်သည့် ရေညှိအမျိုးအစားများလည်း ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ ရေညှိများသည် လူသားတို့အတွက်လိုအပ်သော အဟာရဓာတ်များကို ဖြည့်ဆည်းပေးလျက်ရှိသော အပင်အုပ်စုဝင် အမျိုးအစားတစ်ခုပင် ဖြစ်ပါသည်။

## ကမ္ဘာကြီး လှစေရေး

သစ်ပင်တစ်သန်း
လူတစ်သန်း
စိုက်စမ်းသစ်ပင် လန်းစေချင်။
တစ်ပင်မှသည်
တစ်တောဆီ
စိုရီတောတန်း စိတ်ရွှင်လန်း။
စိုက်ပြီးသစ်ပင်
ထိန်းကြရင်
အစဉ်ကျန်းမာ ကမ္ဘာရွာ။
ပြည်သူနဲ့တူ
လက်တွဲကူ
အပူကင်းပ ဝန်းကျင်လှ။

ရိုပြည် (ကောမှူး-မကျီးကန်)



### ပင်ကျပ်နုတ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်း (Standard Operating Procedure On Thinning Operation)

**ပင်ကျပ်နုတ်ခြင်းလုပ်ငန်း။** မြန်မာနိုင်ငံတွင် စီးပွားရေးစိုက်ခင်းများကို တစ်နှစ်ထက်တစ်နှစ် တိုးတက် စိုက်ပျိုးလာခဲ့သဖြင့်၊ အဆိုပါသက်ကြီးစိုက်ခင်းများတွင် ပင်ကျပ်နုတ်ခြင်းလုပ်ငန်းကို တစ်နှစ်ထက်တစ်နှစ် ပိုမိုဆောင်ရွက်ရန် လိုအပ်လာပါသည်။ စိုက်ခင်းများကို အချိန်မှန်စနစ်တကျ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းဆောင်ရွက်ပေးမှသာလျှင်၊ နောင်တွင်အဖိုးတန်သောစိုက်ခင်းကြီးများ ဖြစ်လာမည်ဖြစ်ပါသည်။ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းများ တိုးတက်များပြားလာသည်နှင့်အမျှ တစ်ဖက်တွင် သိပ္ပံနည်းကျမှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်သလို၊ တဖက်တွင်လည်း စိုက်ခင်းမှကြားဖြတ်တောထွက်ဖြစ်သော တိုင်၊မျောများကို စနစ်တကျထုတ်ယူထုခွဲရောင်းချရန် လိုအပ်လာပါသည်။ သို့ဖြစ်ပါ၍ သစ်တောဦးစီးဌာန ဝန်ထမ်းအဆင့်ဆင့်သည် ယင်းလုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အဓိကလုပ်ငန်း(၃)မျိုးနှင့် ပတ်သည်သည့် စည်းကမ်းများဖြစ်သော ပင်ကျပ်နုတ်ခုတ်လှဲရာတွင် လိုက်နာမည့်စည်းကမ်း၊ ပိုင်းဖြတ်ထုတ်ယူရာတွင် လိုက်နာရမည့် စည်းကမ်းနှင့် အကောက်ရိုက်ရာတွင် လိုက်နာရမည့်စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

နောက်ကျောဖုံးမှအဆက်





**ပန်းပွင့်** ။ ပန်းပွင့်အနည်းငယ်တိုပြီး လုံးဝိုင်းပါသည်။ အောက်ဆုံးပန်းပွင့်တစ်စုံသည် တစ်ပွင့်နှင့်တစ်ပွင့် တစ်တန်းတည်း ကျောခိုင်းလျက်ပွင့်ပါသည်။ ပန်းပွင့်ရိုးတံအောက်ခြေတွင် ရွက်မြှာတစ်စုံ အနားသတ်တည်ရှိပြီး ရွက်ထိပ်တွင်အမဲရောင်ရှိပါသည်။ ပန်းပွင့်အရွယ်အစားအနေဖြင့် အနည်းငယ်ကြီး၍ ချဉ်စုတ်စုတ်အနံ့ရှိပြီး အမွေးနုများသည် အထက်အောက် မျက်နှာပြင်နှစ်ခုစလုံး ဖုံးလွှမ်းလျက်ရှိပါသည်။ ပွင့်ချပ်အဖျားသည် ပြန့်ကားလျက်တဖြည်းဖြည်း အမဲရောင်ပြောင်းသွားပါသည်။ အဖိုဝတ်ဆံတိုင်များသည် ပွင့်ချပ်အုံထက်ပိုမိုရှည်လျားပါသည်။ ရှည်ထွက်နေသော ဝတ်မှုန်ခံတိုင်မှလွဲ၍ အစေ့အိမ်တစ်ခုလုံး အမွေးတိုများစွာ ဖုံးလွှမ်းလျက်ရှိပါသည်။

**ပန်းခိုင်** ။ ပန်းခိုင်တစ်ခုလျှင် အပွင့် ၇ ပွင့်မှ ၁၀ပွင့်အထိရှိပါသည်။ စပိုက်(ပွင့်ညှာမဲ့ ရေစီမို့)ဖြစ်ပြီး ရှည်ထွက်နေသော ပန်းခိုင်ရိုးပေါ်တွင်ထိပ်ဖျား(သို့)ကြားပန်းခိုင် ဖြစ်ပါသည်။

**ပွင့်ချပ်** ။ (၄)ခု၊ အဝါရောင်

**ပွင့်ဖတ်** ။ (၅)ခု

**အဖိုဝတ်ဆံတိုင်**။(၄)ခု

**အရွယ်အစား**။အချင်း ၁- ၁.၅ စင်တီမီတာ

**အခြား** ။ ဝတ်မှုန်ခံတိုင်သည် ၀.၃ စင်တီမီတာ မှ ၀.၄ စင်တီမီတာထိရှည်၍ အမွေးများပါရှိပြီး ကောက်ကွေးပါသည်။

**အသီး** ။ အသီးမျက်နှာပြင်တွင် အမွေးတိုများရှိပြီး အဖျားချွန်ဘဲဥပုံဖြစ်၍ ထိပ်ဖျားနှုတ်သီးသဏ္ဌာန်ရှိပါသည်။ တစ်ပိုင်းတစ်စ ပင်ထက်မျိုးအောင်သော သစ်စေ့အမျိုးအစား ဖြစ်ပါသည်။ အသီးသည် အသည်းနှလုံးပုံရှိ၍ သမဲ့ဖြူအသီးထက် ပိုကြီးပါသည်။

**အသီးအရွယ်အစား**။ အကျယ် ၂ မှ ၂.၅ စင်တီမီတာ
အရှည် ၂.၅ မှ ၃ စင်တီမီတာ

**အသီးအရောင်** ။ အသီးခွံသည် စိမ်းဝါရောင်ရှိပြီး အတွင်းဖက်အရောင်မှာ အစိမ်းရင့်(သို့) ဖော့ကိုရောင်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအတွင်း ပျံ့နှံ့ပေါက်ရောက်ပုံ**

နေရာအနှံ့အပြားတွင် ပျံ့နှံ့စွာပေါက်ရောက်ပြီး အမြောက်အမြားတွေ့ရှိရသော သစ်မျိုးဖြစ်ပါသည်။ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် လွန်ခဲ့သည့်(၂၀)နှစ်ခန့်က ရင်စိုလုံးပတ် ၆ပေနှင့်အထက်ရှိသော သမဲ့ပင်ကြီးများစွာ တွေ့ရှိရပါသည်။ မီးသွေးဖုတ်ခြင်း၊ ထင်းခုတ်ခြင်း၊ လယ်ယာမြေတိုးချဲ့ခြင်းတို့ကြောင့် နေရာဒေသအနည်းငယ်တွင်သာ တွေ့ရှိရသော်လည်း ရခိုင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးအတွင်း အပင်ကြီးများစွာကို တွေ့ရှိနိုင်ပါသည်။

**အသုံးပြုပုံ**

အချို့ဒေသတွင် အသီးစားလေ့ရှိပါသည်။ သစ်ခေါက်စေးအား သခွေတားဆေးအဖြစ်အသုံးပြုကြသည်။ ဆေးပေါ့လိပ်တွင် ဆေးရိုးအဖြစ်လည်းကောင်း၊ ထင်းအဖြစ်လည်းကောင်း၊ သစ်ပွဖြစ်သော်လည်း သစ်ခွဲသားအဖြစ်လည်းကောင်း အထူးသဖြင့် ကြမ်းခင်းပျဉ်အဖြစ် သုံးစွဲလေ့ရှိပါသည်။



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ ဒီရေတောအပင်မျိုးစုံမျိုးကွဲများနှင့် ဒီရေတောအပင် ပြုစုပျိုးထောင်စိုက်ပျိုးခြင်းနည်းပညာလက်စွဲစာအုပ်
(GCP/MYA/010/ITA)(FAO Publication, 2013)မှ ထုတ်နုတ်ဖော်ပြချက်

# သမဲ့ကြီး



*Avicennia officinalis* L.
AVICENNIACEAE
Local Name. Thame Gyi

ဦးမိုးဇော်၊ လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ခရိုင်၊ သစ်တောဦးစီးဌာန





ဒီရေရောက် ရွှံ့နွံမြေနှင့် ကုန်းတွင်းစပ်ဒေသများတွင် အများဆုံးပေါက်ရောက်လေ့ရှိပြီး အထူးသဖြင့် ဒီရေအတက်အကျရှိသော မြစ်ချောင်းဝနှင့် မြစ်ချောင်းကမ်းပါးတစ်လျှောက် အနိမ့်ပိုင်းနှင့်အလတ်ပိုင်းတို့တွင်တွေ့ရှိရပါသည်။ မြစ်ကြီးကမ်းဘေးနန်းအကျများသော လတာပြင်များတွင် အစဦးပေါက်ရောက်သော ကနဦးအပင်အဖြစ်တွေ့ရှိရပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အနည်းငယ်မြင့်သောနေရာတွင် တွေ့ရှိရသော်လည်း မှတ်တမ်းများအရ ပါပူရာနယူးဂီနီဒေသတွင် ပင်လယ်ရေမျက်နှာပြင်အထက် ၅၀ မီတာအထိ ပေါက်ရောက်ပါသည်။





| | |
|---|---|
| **အရွယ်အစားနှင့် ပုံသဏ္ဌာန်** | ။ သစ်ပင်ကြီးမျိုးဖြစ်ပြီး အများအားဖြင့် ၁၂ မီတာထိမြင့်မား၍ တစ်ခါတစ်ရံ ၂၂.၅ မီတာ အမြင့်ထိရှိတတ်ပါသည်။ |
| **အမြစ်** | ။ ခဲတံချောင်းနှင့်တူသော လေရှူမြစ်များရှိပြီး တစ်ခါတစ်ရံ အပင်ထောက်မြစ် ပုံစံ တွေ့ရှိရပါသည်။ |
| **အရွက်** | ။ အရွက်ဧရိယာသည် အဖျားမှအရင်းဆီသို့ တဖြည်းဖြည်း ကျဉ်းမြောင်းသွားပါသည်။ အရွက်အပေါ်မျက်နှာပြင်သည် အစိမ်းရောင်ရှိ၍ အစက်များစွာတွေ့ရှိရပါသည်။ အောက်မျက်နှာပြင်သည် စိမ်းဝါရောင်ဖျော့ဖျော့(သို့)မွဲပြာရောင်ရှိပါသည်။ အရွက်တွင် ဆားမွှင့်များ တွေ့ရှိရပါသည်။ |
| **သစ်ရွက်ထွက်ပုံ** | ။ ရွက်ထီး၊ ရွက်ဆိုင် |
| **ရွက်ပြားပုံစံ** | ။ ဥရင်းသွယ်ပုံ မှ လွန်းပုံ |
| **အရွက်ထိပ်များ** | ။ ရွက်ဖျား ဝိုင်း ပါသည်။ |
| **သစ်ရွက်အရွယ်အစား** | ။ ၈ - ၁၁ စင်တီမီတာထိရှည်ပါသည်။ |
| **အခေါက်** | ။ ချောမွေ့ပြီး မီးခိုးရောင်မှ အညိုရောင်ထိရှိပါသည်။ အခေါက်တွင် lenticel ဟုခေါ်သော အဝိုင်းပေါက်များတွေ့ရပါသည်။ |
| **သိသာထင်ရှားသောလက္ခဏာများ** | ။ အရွက်ထိပ်ဖျားဝိုင်း၍ အရွက်နများတွင် အမွေးပါရှိသည်။ ပန်းပွင့်များသည် အခြားသော သမဲ့မျိုးရင်း အပင်များထက် ပိုကြီးပါသည်။ |
| **ဆင်တူရိုးမှားသစ်မျိုးများ** | ။ သမဲ့ဖြူ ၊ သမဲ့ကြက်တက် |

စာမျက်နှာ-၄၉ သို့